The **Commerce** Journal
http://www.commercejournal.com.mm
**စီးပွားရေးသတင်းဂျာနယ်**
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 45 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 28 , 2016

## ဆန်ကြမ်းသစ်ရှယ် လူကြိုက်များလို့ အဝယ်လိုက်ပြီး ဈေးကောင်းရ

|စာမျက်နှာ – ၄|

## (၁၂)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေး ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

|စာမျက်နှာ – ၁၅|

## ရော်ဘာကဏ္ဍပြန်လည် ထူထောင်ရေးသို့ သက်ဆိုင်သူများ ပေါင်းစုံပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

|စာမျက်နှာ – ၂၀|

## မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေး စိန်ခေါ်မှုများအပေါ် အိန္ဒိယနိုင်ငံမှ ဘောဂဗေဒပညာရှင် ပါမောက္ခ စီပီချန်ဒရာဆီခါ၏ အမြင်

၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်က မြန်မာနိုင်ငံမှ ဘောဂဗေဒ ပညာရှင်များနှင့် အိန္ဒိယနိုင်ငံမှ ဘောဂဗေဒပညာရှင်များ တွေ့ဆုံဆွေးနွေးကြရာတွင် အခြားအိန္ဒိယပညာရှင် (စီပီ-ချန်ဒရာဆီခါ)ကလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သော ဖွံ့ဖြိုးရေး စိန်ခေါ်မှုများကိုရင်း၏ အမြင်အတိုင်း ဆွေးနွေးခဲ့ပါသည်။

|စာမျက်နှာ – ၂၁|

# အကြမ်းဖက်တိုက်ခိုက်မှုများကြားမှ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်



မြန်မာနိုင်ငံရဲ့အရှေ့မြောက်ပိုင်းဒေသဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်မှုမှာ ရှည်လျားလှပါတယ်။ အဲဒီလို နယ်နိမိတ်ချင်းထိစပ်မှုရှည်လျား လှသလို တောင်ကုန်းတောင်တန်းတွေလည်း ပေါများလှတဲ့အတွက်မြန်မာနိုင်ငံရဲ့ အလှပဆုံးနေရာဒေသတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အလှပဆုံးနေရာ တစ်နေရာဖြစ်သလို နိုင်ငံရဲ့ကုန်သွယ်မှုလမ်းကြောင်းမှာ အဓိကအရေးပါတဲ့ နယ်စပ်ကုန်သွယ်မှုဝင်ထွက်ပေါက်တွေ အများ ဆုံးရှိတဲ့ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

|စာမျက်နှာ – ၈ |



A1 CONSTRUCTION CO., LTD.
www.a1companies.biz

WYNE INTERNATIONAL COMPANY LIMITED
www.wyneinternational.com
(Subsidiary of A1 Group of Companies)


Micasa Service Apartments


Sakura Tower (21-Story)
Landmark Project of Ours


Japan Tobacco Factory (JTI)


KBZI Cement Factory (Pangpet, Shan State)


Kabaraye Executive Residence (29-Story)

The Mona Lisa Residence
No.10(A), Golden Valley Quarter,
Shwe Taung Kyar Street,
Bahan Township, Yangon.



(www.facebook.com/The Mona Lisa Residence at Golden Valley)


Ayeyarwon Housing (18-Story)

33-49, Maha Bandoola Garden Street, Kyauktada Township, Yangon.
Email: info@a1companies.biz Website: www.a1companies.biz
Tel: +95 (0)1 377 893 Hot Line: +95 (0)9 787 79 79 79

Subsidiary & Associate Companies
A1 Garment Co., Ltd
A1 Mining Co., Ltd
Terabit Wave Co., Ltd
A1 Capital Co., Ltd
Goshu-A1 Eco Business Co., Ltd
Myanmar Andaman Resort Co., Ltd
Yadanarbon Fiber Services Co., Ltd
Wyne International Co., Ltd
YDFC-Yadanarbon Fiber Co., Ltd
A1 Energy Co., Ltd
Yatanarpon Fiber Services Co., Ltd
Kanbawza Industries Ltd
Yatanarpon Teleport Corporation
National Development Trading
Yangon Syndicate Ltd

KYN KAUNG YA NANT SYN
INTERNATIONAL TRADING CO.,LTD.
SWAN YA NANT CO., LTD.



No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/nmoks.sms@gmail.com
WEBSITE: www.kaungyanant.com

RGS Royal Greensmart Co.,ltd
ဩဂဲနစ်ဓာတ်မြေဩဇာ

KYN
KAUNG YA NANT INTERNATIONAL TRADING CO.,LTD
SYN
SWAN YA NANT CO.,LTD

No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/naymyooo.kyn@gmail.com
WEBSITE: www.kaungyanant.com

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် နယူးဒေလီမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အက်စတိုးနီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး HE. Mr. Javier Becker အား နိုဝင်ဘာ ၂၁ ရက် ၁၃း၀၀ နာရီတွင်လည်းကောင်း၊ နယူးဒေလီမြို့ အခြေစိုက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အက်စတိုးနီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Riho Kruuv အား ၁၄း၀၀ နာရီတွင်လည်းကောင်း ဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အဆိုပါ နှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ၎င်းနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအား မျှဝေရယူနိုင်ရေး၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံအကြား ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် စေလွှတ်သွားနိုင်ရေး၊ အသင်းအဖွဲ့များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး



ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဦးဆောင်သည့် မြန်မာ-အီတလီ ကုန်သည်များအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti ဦးဆောင်သည့် မြန်မာ-အီတလီကုန်သည်များအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၂၂ရက် ၁၆း၀၀ နာရီတွင် ဝန်ကြီးဌာန ဧည့်ခန်းမ (၁)၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား စီးပွားဆက်ဆံမှုများ တိုးမြှင့်နိုင်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများအား အီတလီစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုသိရှိနိုင်ရေး၊ နှစ်နိုင်ငံအစိုးရ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား အပြန်အလှန် လည်ပတ်မှုများအား တွန်းအားပေး ဆောင်ရွက်သွားရေး၊ ဆန်ကုန်သွယ်မှုနှင့် စပ်လျဉ်းပြီး လက်တွေ့ အကောင်အထည် ဖော်နိုင်ရန်အတွက် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည့် ကိစ္စရပ်များအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ICSID အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နေပြည်တော်ရှိ Hilton ဟိုတယ်၌ နိုဝင်ဘာ ၂၂ရက်က ကျင်းပသည့် Approaches to Resolving Investor State Disputes and Grievances; the Role of the International Center for the Settlement of Investment Disputes (ICSID) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အခမ်းအနား မစတင်မီ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ICSID မှ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Ms. Meg Kinnear နှင့် IFC မှ တာဝန်ရှိသူတို့အား Hilton ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်မှာ အရေးကြီးသည့် ညွှန်ကိန်းတစ်ခုဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးနေမှုများအပြင် အခြားလိုအပ်နေသည့် နယ်ပယ်များအားလုံးတွင် ပိုမိုပံ့ပိုးပေးစေလိုပါကြောင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ICSID မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပါသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များအား ပြန်လည်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်စကား ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူပညာရှင်များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃ဂ၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုလျော့ကျ

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း ချင်းရွှေဟော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၂ သန်းဖိုးရှိဆန် တန်ချိန် ၁၁၅၂၁တန်ကျော်ကို တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ချင်းရွှေဟော်မှလျော့နည်းပြီး လွယ်ဂျယ်စခန်းမှ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ယခင်တစ်ပတ်က ငစိန်ဆန် ၄၁၂ တန် တင်ပို့ပြီး ယခု တစ်ပတ်မှာ ၃၄၆တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ၆၆တန် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်စခန်းမှ ယခင်တစ်ပတ်က ငစိန်ဆန် ၈၆၆၆ တန်ကျော် တင်ပို့ပြီး ယခုတစ်ပတ်မှာ ၁၁၁၇၄တန်ကျော်တင်ပို့နိုင်တဲ့အတွက် ၂၅၀၈ တန်ပိုမို တင် ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၃၃၁ သန်းဖိုးရှိဆန်ကွဲ ၁၁၈၆ တန်ကျော်ကို လွယ်ဂျယ်စခန်းမှတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၄၄၃ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာသုညဒသမ ၅၀၆သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် စုစုပေါင်း ၁၂၇၄ တန် တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ ပေါ်ဆန်းဆန် ၂၄ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၇၅၀ နဲ့ ဧည့်မထ ဆန်တန်၅၀၀ တင်ပို့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ဖြူနဲ့ ပေါင်းဆန် ၄၇၃၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၅၇ တန် လျော့နည်းခဲ့ပါတယ်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းဖိုးရှိ ဆန်ကွဲ တန် ၄၇၀၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၉၆၂၄ တန် တင်ပို့ခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ ၄၉၂၄ တန် လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၂၉၈ သန်းနဲ့ တန်ချိန် ၆၆၁၁၇ တန်ဖြစ်ပါတယ်။ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၄၅၅ သန်းနဲ့ တန်ချိန် ၄၈၀၆၇၄၊ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈၄၃ သန်း၊ တန်ချိန် ၁၈၀၄၄၃ ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ကြမ်းသစ်ရှယ် လူကြိုက်များလို့ အဝယ်လိုက်ပြီး ဈေးကောင်းရ

ယခုတစ်ပတ် ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်ဈေးကွက်မှာ ဆန်ဟောင်းအဝင်နည်းပြီးအဝယ်လည်းနည်းပေမယ့် ဆန်သစ်အကြမ်းရှယ်ကိုတော့ အဝယ်လိုက်လာတဲ့အတွက် ဈေးလည်းအနည်းငယ်မြင့်တက်လာကြောင်း သိရှိရပါတယ်။

ဆန်ချောအဟောင်းဈေးတွေက ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။ ဖျာပုံပေါ်ဆန်း ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ်၄၅၅၀၀ ဖြစ်ပြီး ကုန်စည်ဒိုင်ကို ဆန်ဟောင်းများ အဝင်နည်းတဲ့အတွက် လက်ကျန်လည်းနည်းနေကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းဧည့်မထအဟောင်း ထိပ်စတစ်အိတ်ကျပ်၁၈၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၇၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှကျပ် ၂၁၀၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀ နဲ့ ဈေးငြိမ်နေသော်လည်း အိတ်စ်ပို့ဧည့်မထ ၂၅ မှတ်ကတော့ သင်္ဘောတင်ရှိနေတဲ့အတွက် အဝယ်လိုက်နေတာကြောင့် တစ်အိတ်ကို ကျပ် ၁၅၀၀၀မှ ကျပ် ၁၆၀၀၀ ဈေးနဲ့ တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၈၀၀ အထိ ဈေးတက်လာကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းအသစ်ရှယ်က တစ်အိတ်ကိုကျပ်၁၆၅၀၀ နဲ့ ယခင်တစ်ပတ်ထက်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးတက်လာပြီး လူကြိုက်များအဝယ်လိုက်လာတယ်လို့ဝါးတန်းဆန်ဈေးကွက်မှသိရှိရပါတယ်။ **ယဉ်ယဉ်အေး**



# ကောက်စော ဆန်/ စပါး နယ်တင်ပို့လျက်ရှိပြီး ပြည်တောင်ပျံမွှေး စပါးသစ် စတင်ပေါ်ထွက်

ပြည် ဆန်၊ စပါး ရောင်းဝယ်ရေးတွင် စပါးရော ဆန်များပါ အရောင်းအဝယ်ဖြစ်နေတာ သိရပါတယ်။ တောင်ပျံမွှေးစပါးဈေး(အဟောင်း)ဈေးမြောက်လာပြီး ရန်ကုန်မှ ဆန်အိတ်များအဆွဲ (ဝယ်လက်) ရှိကြောင်းလည်း သိရပါတယ်။ ကောက်စော တောင်ပျံမွှေး စပါးလည်း စတင်ပေါ်ထွက်နေတာ သိရပါတယ်။ (ဆန်ချော) ပြည်တောင်ပျံမွှေး စပါးဈေး အတော်ကြာငြိမ်နေပြီး ယခုနိုဝင်ဘာ (စတုတ္ထပတ်)အတွင်းမှာ အဟောင်းစပါးဈေး မြင့်တက်လာခြင်းဖြစ်ပါတယ်။

ဧည့်မထ မိုးစပါး (ဟောင်း) များ လက်ကျန်မရှိတော့ဘဲ၊ မိုးစပါး(သစ်) များသာ စပါးအရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းအနည်းငယ်ကွာခြားမှု ရှိနေပါတယ်။

နိုဝင်ဘာ (စတုတ္ထပတ်) တွင် ရောင်းဝယ်လျက်ရှိ သည့် စပါးဈေးနှုန်းများမှာ တောင်ပျံမွှေး (စပါးဟောင်း) တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေးနှုန်း ကျပ် ၈၂၈၀၀၀၊ တောင်ပျံမွှေး (စပါးသစ်) ကျပ် ၅၉၈၀၀၀ဈေးပေါက်ပြီး ဇီးကုန်း၊ နတ်တလင်း၊ ကြို့ပင်ကောက် မြို့နယ်များမှာသာ စတင်ထွက်ရှိနေပြီး ဈေးဖွင့်ထားခြင်းဖြစ်ပါတယ်။ ဧည့်မထ(စပါးဟောင်း)များ မရှိတော့ဘဲ ဈေးနှုန်းမှာ ကျပ် ၄၉၀၀၀၀ ဖြင့် ဈေးတန့်နေပါတယ်။ ယခုနှစ် ကောက်စော (ဧည့်မထစပါးသစ်) ဆင်းသွယ်၊ မော်ဘီ စပါးမျိုးများကတော့ ကျပ် ၄၀၀၀၀၀ခန့်နှင့် ရတနာတိုး (အမာစပါးသစ်) ကျပ် ၃၅၅၀၀၀ ဈေးပေါက်ပြီး ရောင်းဝယ်လျက်ရှိပါတယ်။

ဆန်ဈေးနှုန်းမှာ ပြည်တောင်ပျံမွှေး ဆန်တစ်အိတ်ဈေး (ဟောင်း)ကျပ် ၃၇၀၀၀၊ ဧည့်မထအုပ်စု ဆင်းသွယ်မော်ဘီ၊ ဆင်းလတ် ကျပ် ၂၀၀၀၀၊ (သစ်) ကျပ် ၁၈၅၀၀ နှင့် ရတနာတိုး (အမာသစ်) ကျပ် ၁၆၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ တင်ပို့မှုအနေဖြင့် ပြည်၊ အောင်လံ၊ ပန်းတောင်းဒေသတွင်းသို့ တစ်ရက်လျှင် အိတ် ၁၀၀ နှင့် (နယ်) မန္တလေးသို့ တစ်ရက်လျှင် အိတ် ၅၀၀ကျော် တင်ပို့နေရကြောင်းလည်း သိရပါတယ်။ တောင်ပျံမွှေးဆန်ဟောင်းကိုတော့ ရန်ကုန်မှ ဝယ်ကြောင်းသိရပြီး နှစ်ရက်သုံးရက်ခြား ကားကြီးတစ်စီးကို အိတ် ၇၀၀-၈၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ **နီနီဝင်း**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၁၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၅ | ၃၇၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၆ | ၃၆၄ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၀ | ၃၅၇ | △ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၆၅ | ၃၆၄ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

***Source: oryza.com***

# ပြည်တွင်းမြို့ကြီးများ၏ (၂၅-၁၁-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၈၂၈၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၄၈၇၆ | □ | ၂၁၅၀၀ | ▽ | ၇၀၀၉ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၈၅၀၀ | ▽ | ၁၂၀၀၀ | ▽ | ၄၀၀၀၀ | ▽ |
| စစ်တွေ | ၄၁၀၀ | ▽ | ၁၉၀၀၀ | □ | ၇၉၀၀ | △ | ၃၁၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၂၇၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | □ | ၁၆၀၀၀ | □ | ၇၀၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၈၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၁၇၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ၂၁-၁၁-၂၀၁၆ မှ ၂၅-၁၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 291 | 14,049,669.346 |
| 2 | Form D | 44 | 2,967,436.730 |
| 3 | Form E | 87 | 1,398,332.360 |
| 4 | Korea GSP | 5 | 129,087.820 |
| 5 | Form AK | 72 | 3,355,650.200 |
| 6 | Form AJ | 4 | 75,297.840 |
| 7 | Form AI | 35 | 1,796,488.670 |
| 8 | Form AANZ | 7 | 268,996.870 |
| 9 | Form DFTP | - | - |
| **Grand Total** | | **545** | **24,040,959.836** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၅-၁၁-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၁၁ | ၂၅/၁၁ | ပြောင်းလဲမှု | ၁၈/၁၁ | ၂၅/၁၁ | ပြောင်းလဲမှု | ၁၈/၁၁ | ၂၅/၁၁ | ပြောင်းလဲမှု | ၁၈/၁၁ | ၂၅/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၀၅ | ၂၀၄၀ | ▼ | ၁၉၆၇ | ၂၀၀၀ | ▲ | ၁၈၀၀ | ၁၇၅၀ | ▼ | ၂၀၆၅ | ၂၀၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၄၅ | ၁၄၇၈ | ▼ | - | - | - | - | - | - | ၁၄၆၅ | ၁၃၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၀၀ | ၁၂၆၅ | ▼ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၁၆ | ၁၃၁၆ | ■ | ၁၂၆၅ | ၁၂၁၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၈၀၀ | ▲ | - | - | - | - | - | - | ၂၂၄၀ | ၂၃၄၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | - | - | - | ၁၁၀၅ | ၁၁၀၅ | ■ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၈၀၀ | ၈၁၀ | ▲ | - | - | - | ၇၄၀ | ၇၆၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၅-၁၁-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၇/၁၁ | ၂၃/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု | ၁၇/၁၁ | ၂၄/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၂၀ | ၉၇၅ | ▼ | ၁၁၀၄ | ၁၀၉၃ | ▼ | - | ၉၄၇ | - |
| ၂ | ပဲစင်းငုံ | ၇၄၀ | ၇၀၀ | ▼ | ၉၅၃ | ၈၄၉ | ▼ | ၉၇၂ | ၉၀၃ | ▼ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၆၃ | ၆၅၅ | ▼ | - | ၆၉၉ | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၈၀ | ၁၁၁၀ | ▲ | ၁၃၅၅ | ၁၃၈၄ | ▲ | ၁၅၉၀ | ၁၄၂၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၂.၁၁.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၉.၁၁.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၁၉.၁၁.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၂၇၇၁ | ၄၆၁၁ | ၄၅၇၉၄၃ |
| ပဲတီစိမ်း | ၄၂၅၈ | ၂၂၉၇ | ၁၆၉၁၅၃ |
| ပဲစင်းငုံ | ၃၆၃၉ | ၁၇၈၈ | ၁၉၇၉၇၁ |
| ကုလားပဲ | ၁၉၂ | ၃၈၃ | ၂၉၂၆၇ |
| ပဲလွန်းဖြူ | ၅၂၆ | ၁၄၄ | ၁၇၃၅၉ |
| မြေထောက်ပဲ | ၄၃၂ | ၂၃၈ | ၁၂၇၂၃ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးသစ်များ ဈေးကွက်ဝင်ရောက်ချိန်တွင် ဝယ်လိုအားရှိသောမြို့များတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်၂၆ မြို့နယ်ရှိတဲ့အနက် ၂၂ မြို့နယ်မှ မိုးစပါးသစ်များဈေးကွက်ဝင်ရောက်လျက်ရှိပြီး ၄၆ ပေါ်င်တင်း ၁၀၀ဈေးမှာ ဈေးကွက်ဝယ်လိုအားရှိတဲ့ ပုသိမ်မြို့တွင် ကျပ်၄၃၂၀၀၀ဈေး၊ မြောင်းမြမြို့ နယ်တွင်ကျပ် ၄၇၈၀၀၀ ဈေး၊ အိမ်မဲမြို့နယ်တွင် ကျပ် ၄၆၀၀၀၀ ဈေး၊ ဝါးခယ်မမြို့နယ်တွင် ကျပ် ၄၃၂၀၀၀ ဈေး၊ လပွတ္တာမြို့နယ်တွင် ကျပ် ၄၅၁၀၀၀ဈေး၊ ပန်း တနော်မြို့နယ်တွင် ကျပ် ၄၂၃၀၀၀ ဈေး၊ ညောင်တုန်းမြို့နယ်တွင် ကျပ် ၄၄၂၀၀၀ ဈေး၊ ဓနုဖြူမြို့နယ်တွင် ကျပ် ၄၃၂၀၀၀ ဈေးဖြင့် အသီးသီး အရောင်းအဝယ်သွက်လျက်ရှိပါတယ်။ ယခုရက်ပိုင်းအတွင်း ရာသီဥတုပွင့်လင်း၍တိုင်းဒေသကြီးအတွင်းရှိ နေရာအနှံ့တွင်စပါးများ ရိတ်သိမ်းလျက်ရှိပြီး ကုန်သည်၊ စက်ပိုင်များမှ ယှဉ်ပြိုင်ဝယ်ယူမှုများရှိသောကြောင့် ဈေးကွက်ကြီးမားသော ပုသိမ်၊ မြောင်းမြ၊ မအူပင်ခရိုင်များတွင် ဝယ်လိုအားများ၍ စပါးသစ်ဈေးမှာ တင်း ၁၀၀ ကို ယခင် ထက်ကျပ် ၁၅၀၀၀-၂၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါတယ်။

**မင်းမင်းဦး(စီးပွားကူးသန်း)**

# မုံရွာကုန်စည်ဒိုင် နိုဝင်ဘာ တတိယပတ် ပဲဈေးကွက် ဒေသသုံးပဲအချို့ဈေးတက်လာ

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာလ တတိယပတ် ပဲဈေးကွက်မှာ မနှစ်က ဆောင်းပဲတွေ ဒိုင်မှာ လက်ကျန်နည်းလာသလို ဝယ်လို အားကောင်းတဲ့ဒေသသုံး ပဲတွေဖြစ်ကြတဲ့ ပဲနီလုံးကြား၊ ပဲပုပ်စေ့နဲ့ ကုလားပဲမျိုးစုံတို့ ဈေးတက်ခဲ့တာ တွေ့ရပါတယ်။ ကုလားပဲဈေးကွက်မှာ ဒေသတွင်းလုပ်ငန်းသမားတွေဖြစ်ကြတဲ့ အမှုန့်ကြိတ်စက်၊ ပဲခွဲစက်နဲ့ ကြာဆန်စက်သမားတို့ ပုံမှန်ဝယ်လို အားရှိတာကြောင့် V2 တစ်တင်း ကျပ် ၄၇၀၀၀၊ ထိုင်ဝမ်တစ်တင်းကျပ် ၄၆၀၀၀ နဲ့ 929 တစ်တင်း ကျပ်၄၅၃၀၀ အသီးသီး အမြင့်ဈေးပေါက်ခဲ့ပြီး လက်ကျန်ရှိတဲ့ V2 နဲ့ 929 တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်း လက်လီအသုံးများပြီး ပဲလက်ကျန် နည်းလာတဲ့ ပဲနီလုံးကြားမှာ ယခုတစ်ပတ်အတွင်း တစ်တင်းကျပ် ၂၀၀၀၀အထိ အမြင့်ဈေးရပြီး တစ်ရက်အိတ် ၁၅၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့သလို ပဲပုပ်စေ့လည်း တစ်တင်း ကျပ် ၁၇၅၀၀ မှ ကျပ် ၂၀၀၀၀အထိ ဈေးမြောက်ကာ တစ်ရက်အိတ် ၁၀၀ကျော် အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်ကြားသိရပါ တယ်။

ယခုတစ်ပတ်မှာ ငုံနီဈေးကွက် ဆက်လက်ပျောက်နေခဲ့ကာ တစ်တင်း ကျပ် ၂၈၂၀၀ မှ ၂၈၅၀၀ အတွင်း ဈေးအေးနေပြီး တစ်ရက်အိတ် ၁၀၀ ဝန်းကျင်သာ အရောင်းအဝယ်ရှိခဲ့တာတွေ့ရပါတယ်။ ပဲတီစိမ်းဈေးကွက်မှာတော့ ပဲဝင်ရောက်မှုမရှိသလောက်နည်းခဲ့ရာ စိမ်းကြီးသာတစ်တင်း ကျပ် ၂၅၀၀၀ ဈေးပေါက်နေပြီး တစ်ရက်အိတ် ၁၅၀ စီနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ ဆိုပါတယ်။ မတ်ပဲဈေးကွက်မှာလည်း ယခုမှ ပဲအသစ် စတင်ဝင်ရောက်လာခဲ့ပြီး တစ်တင်း ကျပ် ၃၅၀၀၀ ဈေးပေါက်ခဲ့ကာ အဟောင်းတစ်တင်း ကျပ် ၄၀၀၀၀ ဈေးပေါက်ခဲ့ပြီး တစ်ရက် အိတ် ၁၀၀ခန့်သာအရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ သိရပါတယ်။

အခြားပဲမျိုးစုံ ဈေးကွက်မှာလည်း ပဲသစ်စိုက်ပျိုးချိန်ရာသီဖြစ်လို့ ပဲဟောင်းလက်ကျန် နည်းချိန်ဖြစ်ရာ ဒေသသုံးပဲ လက်လီ အများစု ဆက်လက်ဈေးမာနေတာတွေ့ရပါတယ်။ ထောပတ်ပဲ တစ်မျိုးသာ တစ်တင်း ကျပ် ၁၅၀၀၀ ဈေးမှာ တန့်နေခဲ့ပြီး ပဲကြီးကတစ်တင်းကျပ် ၂၆၅၀၀၊ စွန်တာနီတစ်တင်း ကျပ် ၁၆၅၀၀၊ မလွမ်းပို ကျပ် ၂၀၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၅၀၀၀၊ မြေထောက်ပဲ တစ်တင်းကျပ် ၂၇၀၀၀ နဲ့ ပဲယင်း(ဝါ)တစ်တင်း ကျပ် ၁၆၀၀၀ အသီးသီး ပေါက်ဈေးမာနေခဲ့ကာ ပဲတစ်မျိုး တစ်ရက် လက်လီအိတ် ၁၀၀ ဝန်းကျင် အရောင်းအဝယ် ပုံမှန်ဖြစ်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**



# ပြည်ပဲတီစိမ်းအသစ်များ အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသီးနှံသစ်များ နေ့စဉ်အိတ် ၆၀၀ ကျော်အထိ ဆက်တိုက်ဝင်ရောက်လျက်ရှိပါတယ်။ ပြည်မြို့နယ်အတွင်းမှဝင်ရောက်သလို ပေါင်းတလည်၊ ပေါက်ခေါင်း၊ပန်းတောင်း၊ ကံမမြို့နယ်များမှ ပဲထွက်ရှိမှုများလာလို့ ရိတ်သိမ်းခူးဆွတ်ပြီးသမျှ ပဲများဈေးကွက်သို့ဝင်ရောက်လျက်ရှိပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံး ပဲသီးနှံဖြစ်ခဲ့ကာ တစ်တင်းကျပ် ၂၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့သွားပေမယ့် မန္တလေးလိုင်းသမားများရဲ့ ဝယ်လိုအားကောင်းလို့ ဝင်ရောက်လာသမျှ ပဲတီစိမ်းသီးနှံအားလုံး အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ ယခင်နှစ်က နိုဝင်ဘာလအတွင်း ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းကျပ် လေးသောင်းခန့်ရရှိခဲ့လို့ ယခုနှစ် ပဲတီစိမ်းသီးနှံဈေးဟာ ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်သို့ ပဲလွန်းဖြူသစ် ဝင်ရောက်

နိုဝင်ဘာတတိယပတ်အတွင်း ပြည်ဈေးကွက်သို့ ပဲလွန်းဖြူသီးနှံ အသစ်များ ဝင်ရောက်ခဲ့ပြီး လက်ကျန် ပဲများလည်း အသင့်အတင့်ဝင်ရောက်ခဲ့ကြလို့ လက်လီရောင်းဝယ်မှုများရှိခဲ့ကြပါတယ်။ ပဲလွန်းဖြူသီးနှံရဲ့ ပဲဟောင်းဈေးမှာ တစ်တင်းကျပ် ၂၁၅၀၀ နှင့်ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀ ရရှိခဲ့ကြပါတယ်။ လဆန်းရက်က တစ်တင်း ကျပ် ၂၄၀၀၀ ဖြင့်ရောင်းဝယ်ခဲ့ကြပေမယ့် လလယ်မှစ၍ ပဲဈေးနှုန်းလျော့နည်းသွားခဲ့ကာ ပဲသစ်ဝင်ရောက်လာချိန်မှာလည်း ဈေးမြင့်တက်ခဲ့ခြင်းမျိုးမရှိဘဲ အကျဈေးနဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံ၏ နိုဝင်ဘာလအတွင်း ဈေးနှုန်းမှာ တစ်တင်းကျပ် သုံးသောင်းအထက်ရရှိခဲ့လို့ ယခုနှစ်ပဲဈေးအေးနေတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်မြေပဲဆန်ဈေး ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်မြင့်တက်လာတာတွေ့ရပါတယ်။ ဆောင်းမြေပဲလည်း တစ်ဦးစ နှစ်ဦးစပဲအဝင်ရှိသေးတာတွေ့ရပါတယ်။ ဈေးကွက်သို့ မြေပဲဆန်အဖြစ်မရောက်သေးဘဲ မြေပဲအစိုကိုနေလှန်းရုံအဆင့်သာ ရှိနေသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ ဆီဆန်ကို မြို့တွင်းဆီစက်များနဲ့ မကွေးဆီစက်များက အဝယ်ရှိပြီး လုံးဆန်ကို ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်လိုက်သဖြင့် တစ်နေ့လျှင်အိတ် ၅၀၀ မှ ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၅၅၀၊ လုံးဆန်အဖြူတစ်ပိဿာလျှင် ကျပ် ၂၁၅၀နှင့် လုံးဆန်အနီ တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် မြင့်လာတာတွေ့ရပါတယ်။ မြေပဲဆန်ဈေးတက်ပေမယ့် မြေပဲဆီဈေးမှာ ဈေးမတက်ဘဲ တစ်ပိဿာလျှင် ကျပ် ၄၂၀၀ ဖြင့် ဈေးငြိမ်နေတာတွေ့ရ ပါတယ်။

**ဝေဝေမင်း**

# နိုဝင်ဘာတတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲနှင့် မတ်ပဲမျိုးပဲများအဝယ်ရှိခဲ့ပြီး ကုလားပဲဈေးကောင်းရလျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း နိုဝင်ဘာတတိယပတ်မှာ ပြည်ပဝယ်လက်ပဲစင်းငုံနဲ့ မတ်ပဲ ဈေးဆက်ငြိမ်နေပြီး ကုလားပဲဈေးဆက်လက်မြင့်တက်ခဲ့ကာ ဒေသတွင်းဝယ်လက်ပဲများဖြစ်သော ပဲကြီး၊ ပဲပုပ်၊ စားတော်ပဲ၊ထောပတ်ပဲစတဲ့ပဲများလည်း ဈေးငြိမ်ခဲ့တာကို တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ အရောင်းအဝယ်သွက်နေခဲ့လို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိသလောက်ဖြစ်ခဲ့ပြီး လက်ကျန်ပဲများအား ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့အခြေအနေအရ ရက်ခြားရောင်းဝယ်ခဲ့ကြကြောင်းသိရပါတယ်။ ယခုရက်ပိုင်းမှာ မတ်ပဲ ပြန်လည်စိုက်ပျိုးမယ့် နေရာအချို့မှမျိုးပဲများပြန်လည်ဝယ်ယူလာတာကို တွေ့ရပြီး မျိုးပဲများ တစ်ရက်အိတ် ၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ မျိုးပဲဈေး တစ်တင်း ကျပ် ၄၂၅၀၀၊ ရန်ကုန်ဝယ်လက်ဈေးတစ်တင်း ကျပ် ၄၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်းသာ ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်က နိုဝင်ဘာလအတွင်း မတ်ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ခုနစ်သောင်းကျော်အထိ စံချိန်တင် မြင့်တက်ခဲ့တဲ့ အတွက် ယခုနှစ်ဈေးကတော့ ယခင်နှစ်ရဲ့ဈေးထက်ဝက်နီးပါးလောက်ကို လျော့နည်းခဲ့လို့ လှောင်လက်သမားများ အခုအချိန်အထိ ထုတ်မရောင်းသေးဘူးလို့ သိရပါတယ်။

ပဲစင်းငုံသီးနှံကလည်း လက်ကျန်ပဲအနည်းငယ်သာရှိခဲ့တဲ့အတွက် တစ်ခါတစ်ရံမှသာ ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့ အခြေအနေအရ အိတ် ၂၀၀ ကျော်ရောင်းချနိုင်ခဲ့ပြီး ပဲဈေးမှာလည်း အကျဈေးအတိုင်း တစ်တင်းကျပ် ၂၈၅၀၀ နှင့် ကျပ် ၂၉၀၀၀ ကြားရရှိခဲ့ပါတယ်။ ပဲစင်းငုံသီးနှံဈေးဟာ နိုဝင်ဘာလဆန်းရက်က တစ်တင်းကျပ် သုံးသောင်းကျော် ရရှိနေပေမယ့် ဒုတိယပတ်မှစ၍ ပဲဈေးနှုန်း တဖြည်းဖြည်း ကျဆင်းလာခဲ့တဲ့အတွက် တစ်တင်း ကျပ် ၂၈၅၀၀ ခန့်ဖြင့် ယခုအချိန်အထိ ဈေးငြိမ်နေလို့ မတ်ပဲဈေးထက် ဈေးလျော့နေသလို ပဲတီစိမ်းဈေးနှင့် ဈေးပြိုင်နီးပါးရရှိခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲလက်ကျန်များကို ယခုအချိန်အထိ ရောင်းချနေခဲ့ရပေမယ့် ယခင်နှစ် ကာလတူက ပဲလက်ကျန်မရှိ တော့တဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ် မဖြစ်ခဲ့ဘဲ ဒီဇင်ဘာလလယ်မှသာ ပဲသစ်များစတင် ဝင်ရောက်လာလို့ ပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲများထက်ပင် ဈေးကောင်းရနေလို့ ဈေးအမြင့်ဆုံးရလျက်ရှိ နေခဲ့ပါတယ်။ မျိုးပဲများလည်း အဝယ်လိုက်လာသလို ဒေသတွင်းခွဲစက်သမားများလည်း ပုံမှန်အဝယ်ရှိနေပြီး ပဲဈေးမှာ တစ်တင်းကျပ် ၄၇၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်း ကျပ်နှစ်ထောင်ကျော်ခန့် ဈေးထပ်မြင့်တက်လာခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏအနေဖြင့် ခွဲစက်သမားများက တစ်ရက်အိတ် ၁၅၀ ကျော် ၂၀၀ ခန့်နှင့် မျိုးပဲဝယ်ယူမှုအိတ် ၂၀ ကျော် ရောင်းချခဲ့ကြပြီး မျိုးပဲအား ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။

ပဲကြီးသီးနှံကတော့ လက်ကျန်ပဲများကို ပဲကြော်ဖိုသမားများက အဝယ်ရှိတဲ့အတွက် ပုံမှန်ရောင်းချမှုရှိခဲ့ကာ ရွှေကျွန်းထက် ကမ်းနားပဲက ပိုမို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ ဈေးဆက်ငြိမ်နေတဲ့အတွက် ရွှေကျွန်းတစ် တင်း ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၁၀၀ မှ ၁၅၀ ကျော် ရောင်းချရသလို ကမ်းနားပဲကြီးက တစ်တင်းကို ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၂၀၀ မှ ၂၅၀ ကျော် ရောင်းချခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ်က ပဲကြီးဈေးနှုန်းမှာ ကျပ်သုံးသောင်းကျော်ရရှိခဲ့လို့ ကုလားပဲဈေးနှင့် သိပ်ကွာခြားမှုမဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲကြီးဈေးအေးခဲ့တဲ့အတွက် ယခင်နှစ်ကရရှိခဲ့တဲ့ ဈေးကိုမမီသလို ကုလားပဲဈေးနဲ့လည်း ထက်ဝက်နီးပါး ကွာခြားနေခဲ့ပါတယ်။

ပဲပုပ်သီးနှံနှင့်ထောပတ်ပဲ၊ စားတော်ပဲသီးနှံများမှာ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်အတိုင်းဈေးဆက်ငြိမ်နေကြတာကြောင့် ပဲပုပ်တစ်တင်း ကျပ် ၂၂၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၃၅၀၀၊ စား တော်ပဲတစ်တင်း ကျပ် ၃၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ နေ့စဉ် အိတ်အနည်းငယ် လက်လီအဝယ်ရှိခဲ့ကြပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ အဆိုပါပဲများအနက် စားတော်ပဲသီးနှံက ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ထောပတ်ပဲသီးနှံမှာ ဈေးအနိမ့်ဆုံးရခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ကုလားပဲသီးနှံက ဈေးအမြင့်ဆုံးရခဲ့ကာ မတ်ပဲသီးနှံမှာ ကုလားပဲထက်ဈေး လျော့နည်းခဲ့ပြီး ပဲစင်းငုံနဲ့ ပဲတီစိမ်းသီးနှံများမှာ ကျပ်သုံးသောင်းအောက်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှု ပမာဏအရ ပဲတီစိမ်းအရောင်းအဝယ်သွက်ခဲ့ပြီး ကျန်ပဲများ ပုံမှန်ရောင်းဝယ်မှုရှိခဲ့သလို အရောင်းအဝယ်အေးတဲ့ ပဲများလည်း ရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲနီပြား ဈေးလျော့သွားသလို လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံဟာ လက်လီအရောင်းအဝယ် များခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ ယခုလို ကာလများမှာ လက်ကျန်ပဲ လောက်သာရှိလို့ လက်လီသာ အရောင်းအဝယ် ဖြစ်ခဲ့ပေမယ့် ပဲထွက်ပေါ်ချိန်၊ ပဲဝင်ရောက်မှုများချိန်ကာလများမှသာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ တစ်ရက် အိတ် ၃၀ကျော် လက်လီဝယ်ယူမှုများရှိပြီး ပဲဈေးမှာတစ်တင်း ၂၁၅၀၀ ကျပ်ဖြင့် လလယ်က ဈေးထက်လည်း တစ်တင်းကျပ် တစ်ထောင်ကျော် လျော့နည်းသွားခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာ လက်လီပဲအားလုံးလိုလို ဈေးအေးခဲ့တဲ့နှစ် ဖြစ်ခဲ့လို့ ပဲနီပြားသီးနှံဟာလည်း ယခင်နှစ်ဈေးထက် တစ်တင်းကျပ် ငါးထောင်ခန့်အထိ လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲသစ် လက်လီ/လက်ကား အရောင်းအဝယ် ဖြစ်

ပြည်ပဲဈေးကွက်ကို ဝင်ရောက်လာပြီဖြစ်တဲ့ ပဲအသစ်များနဲ့အတူ ဘိုကိတ်ပဲသစ်များလည်း ဆက်တိုက် ဝင်ရောက်လာခဲ့ပါတယ်။ ပြည်မြို့နယ်နဲ့ ပန်းတောင်းမြို့နယ်အတွင်းမှ ဝင်ရောက်ခဲ့တာကိုတွေ့ရပြီး တစ်ရက် အိတ်၃၀ကျော် ဝင်ရောက်ပါတယ်။ ဝင်လာတဲ့ ပဲများကို ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုရှိပြီး ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှလည်း ဝယ်ယူတယ်လို့သိရပါတယ်။ ပဲဈေးနှုန်းကတစ်တင်းလျှင် ၂၄၅၀၀ကျပ်ဖြင့်ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်က ဈေးနှုန်းကလည်း နိုဝင်ဘာလအတွင်း တစ်တင်း ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးနှင့် ယခင်နှစ်ဈေးကွာခြားမှုမဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## မုံရွာမြေပဲဈေးကွက် တက်ဈေးနဲ့ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာတတိယပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်များ အဝင်လှိုင်လာသလို ဝယ်လိုအားလည်း သွက်လို့ တက်ဈေးနဲ့ အရောင်းအဝယ် သွက်နေတယ်လို့ သိရပါတယ်။

မုံရွာပတ်ဝန်းကျင်မှ မြေပဲလုံးဆန်များ ဝင်ရောက်လာခြင်းဖြစ်သလို ပဲဈေးက ရေ၊ မြေနဲ့ မျိုး အခြေအနေအရ အလုံးအဆန်အရည်အသွေး အနည်းငယ်ကွာခြားပြီး ပေါက်ဈေးပါ ကွာဟခဲ့တာတွေ့ရပါတယ်။ ဒေသအခေါ် တောင်နယ်လို့ခေါ်တဲ့ ချောင်းဦး၊ မြောင်၊ မြင်းမူဘက်ကလာတဲ့ မြေပဲလုံးဆန်က ဈေးပိုရခဲ့ရာ မြေပဲလုံးဆန် (ဖြူ)တစ်ပိဿာအသစ်ကျပ် ၂၅၀၀၊ အဟောင်း ၂၄၇၅ ကျပ်၊ မြောင်နယ်ကထွက်တဲ့ လုံးဆန် (ဖြူ) ကတစ်ပိဿာ အသစ် ကျပ် ၂၂၀၀ နဲ့ အဟောင်း ကျပ် ၂၀၅၀ ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ လုံးဆန်(နီ)ဈေးကွက်မှာ တစ်ပိဿာအသစ် ကျပ် ၂၀၀၀ မှ ကျပ် ၂၃၀၀၊ အဟောင်း ကျပ်၁၉၅၀မှကျပ် ၂၂၀၀ အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် လုံးဆန်ဖြူတစ်ရက် အိတ် ၇၀၀ မှ ၁၀၀၀ ကြားနဲ့ လုံးဆန်နီ အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်တင်း ကျပ် ၂၉၈၀၀၊ နှမ်းနီတစ်တင်း ကျပ် ၂၅၀၀၀၊ နှမ်းဝါတစ်တင်း ကျပ် ၂၆၀၀၀နဲ့နှမ်းနက်တစ်တင်းကျပ် ၄၆၀၀၀အသီးသီး ဈေးငြိမ်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်သာဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

## မုံရွာပဲကြီး လက်ကျန်ဈေးငြိမ်နဲ့ အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ပဲကြီးအသစ် မပေါ်သေးပေမယ့် လက်ကျန်ပဲရှိလို့ နေ့စဉ် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါတယ်။ ပဲကြီးဈေးမှာ နိုဝင်ဘာလဆန်းမှ ယခုတစ်ပတ်အထိ ဈေးအတက်အကျမရှိဘဲ တစ်တင်းကျပ် ၂၆၀၀၀နဲ့ ဈေးငြိမ်ပြီး တစ်ရက် အိတ် ၂၅၀ မှ ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ် နိုဝင်ဘာလအတွင်း ပဲကြီးတစ်တင်း နိမ့်/မြင့်ဈေးနှုန်းမှာ ကျပ် ၃၀၀၀၀ မှ ၃၂၅၀၀ အထိရရှိခဲ့လို့ တစ်တင်း ကျပ် ၅၅၀၀ မှ ၆၀၀၀ ခန့် ဈေး လျော့နည်းခဲ့ကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရှိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးမြင့်မောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၂၁ ရက် ၁၁ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



ယင်းသို့ လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများ အသင်းက တောင်သူလယ်သမားများ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ ယင်းတို့ကို ကူညီဖြေရှင်းပေးနိုင်ရန်အလို့ငှာ အသင်းမှ အကောင်အထည်ဖော် ဆောင်ရွက်သွားလိုသည့် လမ်းပြမြေပုံ (Road Map) ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြောင်းတင်ပို့နေမှု အခြေအနေ၊ မိမိဝန်ကြီးဌာနမှ အခြားဆက်စပ် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ချင်း

### ပြည်ဈေးကွက်တွင် ချင်းရင့်ချိန်မှာ လောင်လက်အဝယ်သွက်

ယခုအချိန်ဟာ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်း(ဥမ) လက်ကျန်မရှိသလောက် ဖြစ်နေပြီး၊ ချင်းတက်အသစ်များ အရင့်ဆုံးအချိန်ဖြစ်ရာ သိုလှောင်အထားခံတဲ့အတွက် ပြည်ချင်းဈေးကွက်ရှိ ချင်းရောင်းဝယ်သူများအနေနဲ့ ပိုမိုမှာယူခြင်းကြောင့် အဝင်လည်းများလာတာ တွေ့ရပါတယ်။ ယခင်ကတစ်ပတ်ကို ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့်အထိသာဝင်ပြီး ယခုတစ်ပတ်မှာ အိတ် ၃၀၀ အထိ အဝင်ရှိလာတယ်လို့ သိရပါတယ်။ ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၅၀ ခန့် တင်ပို့ကြောင်း သိရပါတယ်။ ချင်းဈေးမှာ ယခင်တစ်ပတ်အတိုင်း လက်ကားဈေးတစ်ပိဿာ ကျပ် ၄၀၀ မှ ကျပ် ၅၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၆၀၀ မှ ကျပ် ၉၀၀ ဖြင့် ပုံမှန်ဈေးရှိကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းကို ရန်ကုန်နဲ့ ပြည်မှ ဝယ်လက်တွေအဝယ်ရှိ

အောင်ပန်းဈေးကွက်မှာ ချင်း(သစ်)တွေ ပုံမှန်အဝင် ရှိနေပါတယ်။ အခု ဝင်နေတဲ့ ချင်းသစ်တွေကတော့ ငွေလိုတဲ့တောင်သူတွေက တူးပြီးရောင်းတဲ့ ချင်းတွေဖြစ်လို့ နုပါသေးတယ်။ ဒီဇင်ဘာ ဒုတိယပတ်၊ တတိယပတ်ခန့်မှာဝင်တဲ့ ချင်းတက်တွေကသာ အရင့်တွေဖြစ်လာမယ်လို့ သိရပါတယ်။ ချင်းတောင်သူတွေ ကလည်း ဈေးကွက်၊ ဈေးနှုန်းပေါ် မူတည်ပြီးမှသာ ချင်းကိုတူးကြမှာဖြစ်ပါတယ်။ ဈေးမကောင်းရင်တော့ မတူးဘဲထားလေ့ရှိပြီး ချင်းကလည်း မြေကြီးထဲမှာ နှစ်လ သုံးလခန့်အထိ အထားခံပြီး ချင်းခြောက်အဖြစ် ပြုလုပ်ကြပါတယ်။ ချင်းခြောက်ကတော့ နှစ်ပေါက်အောင် ထားလို့ရတာကြောင့် ဈေးမကောင်းရင်တော့ အခြောက် ပြုလုပ်လေ့ရှိပါတယ်။

ရှမ်းချင်းတွေကတော့ မြန်မာနိုင်ငံတစ်ဝန်း စီးဆင်းတာကြောင့် အများအပြား မရောင်းရပေမယ့် တဖြည်းဖြည်းချင်း ရောင်းရတာကြောင့် ပုံမှန် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်လည်း ပြည်တွင်း သုံးအတွက် တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာ စတဲ့ မြို့တွေက ဝယ်ယူမှုရှိနေလို့ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၁ဒသမ ၇ သိန်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက်ကလည်း လက်ကျန်နည်းနေပါပြီ။ ရန်ကုန်၊ ပြည်ဝယ်လက်တွေက အဝယ်ရှိနေလို့ တစ်ပတ်အတွင်းမှာ ချင်းခြောက်ပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာကို ကျပ် ၄၀၀ မှ ကျပ် ၄၅၀၊ ချင်းခြောက်က ကျပ် ၁၅၀၀ မှ ကျပ် ၁၆၀၀ ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## ကြက်သွန်

### ပြည် (ပွဲရုံ) ကြက်သွန်ဖြူ ဈေးကွက်တွင် ဈေးများမြင့်တက်နေ

တရုတ်ပြည်မှ ဝင်ရောက်တဲ့ ကြူကုတ်ကြက်သွန်ဖြူဈေးတွေ တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ နိုဝင်ဘာလနောက်ဆုံးပတ်မှာအမြင့်ဆုံးဈေးနှုန်းနှင့် ဈေးကွက်ဝင်ရောက်နေတာတွေ့ရပါတယ်။ ဒေါ်လာပေါက်ဈေးမြင့်တက်နေသကဲ့သို့ တရုတ် (ယွမ်) ဈေးနှုန်းလည်း မြင့်တက်နေတာ သိရပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းများရဲ့ဈေး၊ ဈေးနှုန်းများ အဆမတန် မြင့်တက်နေတာကို တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာ ပေါက်ဈေး (ပွဲရုံဈေး)မှာ (ကြူကုတ်စ) ကျပ် ၅၀၀၀မှ ကျပ် ၅၄၀၀၊ (ရှမ်းစ) ကျပ် ၅၂၀၀ ဈေးအထိဖြစ်နေပြီး ဒေသတွင်းလက်လီတစ်ပိဿာဈေးမှာ (ကြူကုတ်စ) ကျပ် ၅၂၀၀ မှ ကျပ် ၅၆၀၀ ထိဖြစ်ကာ (ရှမ်းစ) ကျပ် ၅၄၀၀ ထိ ရောင်းချလျက်ရှိကြပါတယ်။

ဈေးနှုန်းအဆမတန် မြင့်တက်နေတာကြောင့် မဝယ်မဖြစ်ဝယ်သူများသာရှိနေတာကြောင့်ရောင်းအားသိသိသာသာကျလာပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၈၀ နီးပါးသာအရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

### ပြည်ကြက်သွန်နီ ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်အေး

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်အတွင်း မကွေးတိုင်း၊ ရေနံချောင်း၊ ဆိပ်ဖြူဆင့် နယ်များမှ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀ ခန့်နှင့် ပုံမှန် အဝင်ရှိကြောင်း သိရပါတယ်။ ဒါပေမဲ့အရောင်းအဝယ်မှာ အေးမြဲအေးနေကြောင်း သိရှိရပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း တွေ့ရပါတယ်။ ကြက်သွန်နီဈေးမှာ ဆက်လက်ကျဆင်းနိုင်တဲ့အတွက် ပွဲရုံလုပ်ငန်းရှင်များက နေ့စဉ်မှာယူတင်သွင်းမှုရှိပြီး ကုန်ပစ္စည်းပေါများနေကြောင်း သိရှိရပါတယ်။ စားသုံးသူများဘက်မှလည်း နိုဝင်ဘာလဆန်းမှစ၍ ဈေးနှုန်းများ ပြန်လည်ကျဆင်းနေတဲ့အတွက် ဝယ်ယူစုဆောင်းမှုမရှိတော့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ဒေသတွင်း လက်ကားသမားများနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ပျမ်းမျှ ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့်သာ ရှိ၍ အရောင်းအဝယ်မှာ ဆောင်းရာသီနှင့်အတူ အေးလျက်ရှိနေပါတယ်။ ဈေးနှုန်းမှာ ပွဲရုံများ၌ သန့်စင်ပြီး ကြက်သွန်နီလက်ကားတစ်ပိဿာလျှင်(ကြီး)ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၉၀၀-၁၀၅၀၊ (သေး)ကျပ် ၇၀၀ ရှိ၍ လက်လီဈေး အသေးများတွင် (ရှယ်သန့်) ကျပ် ၁၄၀၀၊ (ကြီး)ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၀၀၀-၁၂၀၀၊ (သေး) ကျပ် ၉၀၀ တို့နှင့် ရောင်းချနေကြောင်းသိရှိရပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

## နနွင်း

### ရှမ်းနနွင်းထိပ်စတွေ အရောင်းအဝယ်သွက်

ရှမ်းနနွင်းလည်း ဒီတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အသစ်မပေါ်ခင်မှာ အဟောင်းလက်ကျန်တွေ အရောင်းအဝယ်ဖြစ်နေလို့ လက်ကျန်လည်း နည်းလာပြီလို့ သိရပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလရောက်မှသာ နနွင်းအသစ်တွေ ဝင်လာနိုင်တယ်လို့လည်း ဈေးကွက်မှ သိရှိရပါတယ်။

“ပို့ကုန် ပြည်ပဝယ်လက်တွေကတော့ အသစ်ထွက်လာရင်လုပ်မယ့် အချပ်တွေကိုစောင့်ပြီး ဝယ်ယူဖို့ရှိနေတယ်”လို့ သိရပါတယ်။ အရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းကိုသာ ဝယ်ယူလိုတယ်လို့လည်း သိရပါတယ်။ ကျန်နနွင်းတွေဖြစ်တဲ့ အောင်ပန်းစ၊ ပင်လောင်းစ၊ အင်းလေးစတို့ကတော့ ပြည်တွင်းဈေးကွက်ကိုပဲ သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အခုဆိုရင် နနွင်းအမှုန့် ရဖို့အတွက်လည်း အရည်အသွေးကောင်းတဲ့ နနွင်းတွေနဲ့(လတ်စ) ရှိတဲ့ နနွင်းတွေကိုရောပြီး ကြိတ်ဖို့ ဝယ်ယူတဲ့အတွက် နနွင်းထိပ်စတွေက ဈေးကွက်မှာ အရောင်းသွက် လာတယ်လို့လည်း သိရပါတယ်။ ဒီနှစ်မှာတော့ ဝယ်လက်တွေက ဈေးကွက် အနေအထားအရ အစိုအတိုင်း ဝယ်ယူဖို့ များနေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် ရှမ်းနနွင်းကို ရန်ကုန်နဲ့ ပြည်ဝယ်လက်တွေက ချင်းဝယ်ရင်း ဝယ်ယူနေလို့ တစ်ပတ်အတွင်းမှာ နနွင်းပိဿာ ချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၁၄၀၀ မှ အမြင့်ဆုံး ကျပ် ၂၆၀၀ ဈေး ရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### နနွင်း တင်ပို့မှုလျော့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၄၃ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၂၈ တန်နဲ့ မလေးရှားသို့ ၁၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် တန်ချိန် ၃၂၀ ကျော်ထိ တင်ပို့အားကောင်းခဲ့တဲ့ နနွင်းက ဒီတစ်ပတ် မှာတင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၀၁၅ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**



# အကြမ်းဖက်တိုက်ခိုက်မှုများကြားမှ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်

|မယ်သီတာ|



မြန်မာနိုင်ငံရဲ့အရှေ့မြောက်ပိုင်း ဒေသဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်မှုမှာရှည်လျားလှပါတယ်။ အဲဒီလို နယ်နိမိတ်ချင်းထိစပ်မှုရှည်လျား လှသလို တောင်ကုန်းတောင်တန်းတွေ လည်းပေါများလှတဲ့အတွက်မြန်မာနိုင်ငံ ရဲ့အလှပဆုံးနေရာဒေသတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အလှပဆုံးနေရာ တစ်နေရာဖြစ်သလို နိုင်ငံရဲ့ကုန်သွယ်မှုလမ်းကြောင်းမှာ အဓိကအရေးပါတဲ့ နယ်စပ်ကုန်သွယ်မှုဝင်ထွက် ပေါက်တွေ အများဆုံးရှိတဲ့ဒေသတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အကြီးမားဆုံးကုန် သွယ်ဖက်နိုင်ငံဖြစ်တဲ့တရုတ်နိုင်ငံနိုင်ငံနဲ့လည်း ကုန်သွယ်မှု အများဆုံးပြုလုပ်လျက်ရှိတဲ့ဒေသတစ်ခုလည်းဖြစ်ပါတယ်။

အထူးသဖြင့် မူဆယ်မြို့ဟာမြန်မာ နိုင်ငံနဲ့တရုတ်နိုင်ငံတို့ အဓိကကုန်သွယ်မှုပြုတဲ့မြို့တစ်မြို့ဖြစ်ပြီးမူဆယ်ကုန်သွယ်ရေးဇုန်ဟာနယ်စပ်ဒေသများမှာရှိတဲ့ ကုန်သွယ်မှုပြုလုပ်နေတဲ့စခန်းများအနက်အကြီးဆုံးနေရာတစ်ခုလို့ပြောရမယ်ဆိုရင် မှားမယ်မထင်ပါ။

မူဆယ်ကုန်သွယ်ရေးဇုန်ဟာ မြန်မာနိုင်ငံကထွက်ရှိတဲ့လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ စက်မှုကုန်ကြမ်းပစ္စည်း တွေကို တင်ပို့တဲ့နေရာတစ်နေရာဖြစ်သလို တရုတ်နိုင်ငံကနေတင်သွင်းလာတဲ့ ကုန်ပစ္စည်းအားလုံးတို့ ဝင်ရောက်ရာ နေရာတစ်နေရာလည်းဖြစ်ပါတယ်။

၂၄နာရီပတ်လုံး လူဝင်လူထွက် ကုန်ဝင်ကုန်ထွက် မပြတ်ဘဲစည်ကားလှ တဲ့နေရာလည်းဖြစ်ပါတယ်။ အရင်တုန်းက ဖွံ့ဖြိုးမှုနည်းပါးခဲ့တဲ့အဲဒီဒေသဟာ အခုနောက်ပိုင်းမှာ ကုန်စည်ကူးသန်းသွားလာရောင်းဝယ်ဖောက်ကား ရာဒေသကြီးတစ်ခုအဖြစ် စည်ပင်ဖွံ့ဖြိုး လျက်ရှိနေတာကို မြင်တွေ့နေရတာဖြစ်ပါတယ်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ရဲ့ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၁၈ ရက်အထိ ကုန်သွယ်မှုပမာဏမှာ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ၁၀၃၈ ဒသမ ၂၄ သန်း၊ ပို့ကုန်ကဏ္ဍမှာ အမေရိကန် ဒေါ်လာ ၂၁၄၄ ဒသမ ၇၄၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၁၈ ရက်အထိ ကုန်သွယ်မှုပမာဏမှာ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၀၀၅ ဒသမ ၀၂၁ သန်း၊ ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၂၃၂၁ ဒသမ ၆၉၅ သန်းရှိတာကို တွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့ လက်ရှိကုန်သွယ်မှုပမာဏဟာ တစ်နှစ် ကို ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ပေါင်း ၅၃၀၀ ဖြစ်တဲ့အတွက် တစ်နိုင်ငံ လုံးကုန်သွယ်မှုပမာဏရဲ့ ရာခိုင်နှုန်း ၂၀ ခန့်ရှိပါတယ်။ ပြည်ပသို့တင်ပို့တဲ့ ဆန်တင်ပို့မှုရဲ့ ၈၀ ရာခိုင်နှုန်းကျော်၊ ပြောင်းတင်ပို့မှုရဲ့ ၉၉ ရာခိုင်နှုန်း၊ ရာနှုန်းပြည့် သကြားတင်ပို့မှု၊ သစ်သီးဝလံတင်ပို့မှုရဲ့ ၉၉ရာခိုင်နှုန်းခန့်ဟာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့နေတာ ဖြစ်ပါတယ်။ ယခုရာသီဟာ ဆန်၊ ပြောင်း၊ သကြားနဲ့ သစ်သီးဝလံတွေ နေ့စဉ် ယာဉ်စီးရေ ၆၀၀ ခန့် နဲ့ တန်ချိန် ၈၀၀၀ ခန့် တင်ပို့လျက်ရှိနေတဲ့ အချိန်ဖြစ်ပါ တယ်။

ယခုနိုဝင်ဘာလ တတိယပတ် ကုန်အထိ တစ်နိုင်ငံလုံးရှိ ကုန်သွယ်မှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၆၄၀၉ သန်းဖြစ်တဲ့အတွက် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၄၂၁ သန်းလျော့နည်းခဲ့တာတွေ့ရပါတယ်။ ပို့ကုန်ကဏ္ဍမှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၃၉၃ သန်း ပိုမို ခဲ့ပြီး သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၈၁၄ သန်း လျော့နည်းခဲ့တာ တွေ့ရပါတယ်။ ယခုနှစ်မှာ နယ်စပ် ကုန်သွယ်မှုကနေရရှိခဲ့တဲ့ကုန်သွယ်မှု ရရှိငွေ အမေရိကန်ဒေါ်လာ ၄၅၇၁ သန်းအနက် မူဆယ်(၁၀၅)မိုင်ကုန်သွယ် ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၂၁၄၅ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၁၀၃၈ သန်း၊ စုစုပေါင်း ကုန် သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၈၃ သန်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှုအားလုံးရဲ့ ၇၈ရာခိုင်နှုန်းကို ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်ဟာ နယ်စပ်ကုန်သွယ်မှုရဲ့ အဓိက နေရာဖြစ်ပြီး တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၄သန်းခန့် ဆောင်ရွက်လျက်ရှိတဲ့ ကုန်သွယ်ရေးဇုန်ကြီးတစ်ခုဖြစ်ပါတယ်။

ဒါပေမယ့်လည်း အဲဒီလိုစည်ပင် ဖွံ့ဖြိုးနေတာကို မနာလိုမရှုစိမ့်နိုင်တဲ့ အကြမ်းဖက်သောင်းကျန်းသူများဟာ နိုဝင်ဘာလ ၂၀ ရက်နံနက် အရုဏ် တက်ချိန်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ မူဆယ်(၁၀၅)မိုင်ရဲကင်းကို အလစ်အငိုက်ဝင်ရောက်ကာ လက်နက်ကြီး လက်နက်ငယ်များနဲ့ ပစ်ခတ်ခဲ့ပါတယ်။ အဲဒီလိုပစ်ခတ်ခဲ့တဲ့အတွက် အပြစ်မဲ့တဲ့ ပြည်သူတွေ အသက်ဆုံးရှုံးခဲ့ရပါတယ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ဟာ နိုဝင်ဘာလ ၂၀ရက်နံနက် ၆နာရီ ၂၀မိနစ် အချိန်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပန်ဆိုင်း-ကြူကုတ် ဂိတ်၊ မူဆယ်-လားရှိုးဂိတ်နဲ့အရှေ့မြောက်တံခါး ကုမ္ပဏီရဲ့သစ်သီးဝလံ ချကွင်းအသစ်နေရာတို့မှာအဖွဲ့သုံး ဖွဲ့ ဖြန့်ခွဲဝင်ရောက်လာပြီး သစ်သီးဝလံချကွင်း(အဟောင်း)ကုန်စစ် စင် ဝင်းနဲ့ ပွဲရုံ ဂိုထောင်များအတွင်းကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

ဒါ့အပြင် သောင်းကျန်းသူအဖွဲ့ တစ်ဖွဲ့ဟာ အဲဒီနေ့ နံနက် ၇နာရီခန့်မှာ အရှေ့မြောက်တံခါးသစ်သီးကုမ္ပဏီရဲ့ သစ်သီးကုန်ချကွင်းကို ရောက်ရှိလာပြီး သစ်သီဝလံများကို လာရောက်ရောင်းချ နေတဲ့အပြစ်မဲ့ပြည်သူတွေကိုအကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပါ တယ်။ ဒါ့အပြင် သစ်သီးဝလံကွင်းကနေ ဘုရားတောင်ကုန်းအနီးမှာ ရှိတဲ့ တပ်စခန်းကုန်းနဲ့လမ်းကြောင်းပေါ် မှာရှိတဲ့တပ်စခန်းကုန်းကို လည်း ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။



ပန်ဆိုင်း-ကြူကုတ်လမ်းကနေ ဝင်ရောက်လာတဲ့ သောင်းကျန်းသူအဖွဲ့ဟာ ပန်ဆိုင်း-ကြူကုတ်မောင်းတံဂိတ် ကို ဝင်ရောက်ပစ်ခတ်ပြီး ဂိတ်တာဝန် ထမ်းဆောင်နေတဲ့ OSS(မနရ)မှ ဝန် ထမ်းသုံးဦးနဲ့ အကောက်ခွန်ဝန်ထမ်းတစ် ဦးတို့ကို လက်နောက်ပြန်လက်ထိပ်ခတ်ကာ ထားရှိခဲ့ပြီးကုန်သွယ်ရေးဇုန်ရဲ့သစ် သီးပွဲရုံတွေဖြစ်တဲ့စိုစိုပြေပြေကုမ္ပဏီနဲ့ ခွာညိုကုမ္ပဏီဝင်းအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ပါတယ်။ ဒါ့အပြင် ကုန်ချကွင်း အသစ်တောင်ကုန်းပေါ်ကို ရောက်ရှိ လာတဲ့ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့ဟာ သစ်သီးဝလံကုန်ချကွင်းအဟောင်းကို လက်နက်ငယ်များ၊ လောင်ချာများနဲ့ပစ် ခတ်တိုက်ခတ်ခဲ့တဲ့အတွက် ပြည်သူ့ရဲ ရှစ်ဦး၊ အကောက်ခွန်ဝန်ထမ်းနှစ်ဦး၊ အပြစ်မဲ့ပြည်သူ ၁၈ ဦးအပါအဝင် စုစုပေါင်း ၂၈ ဦးဒဏ်ရာရရှိခဲ့ပါတယ်။

အဲဒီနေ့က မူဆယ်(၁၀၅)မိုင်ကုန် သွယ်ရေးဇုန်ရဲ့ဖရဲသီးကွင်းမှာလည်း တစ်ဖက်တရုတ်နိုင်ငံကို တင်ပို့မယ့် ဖရဲသီးကားတွေရောက်ရှိနေတဲ့အချိန်ဖြစ်ပါတယ်။ ဖရဲသီးကွင်းကို လာရောက်ပြီး ဖရဲသီးများကို ရောင်းချမယ့် သစ်သီးပွဲရုံတစ်ရုံမှ မန်နေဂျာမိသားစုစီးနင်းလာတဲ့မော်တော်ယာဉ်ကို အကြမ်းဖက် သောင်းကျန်းသူတွေကလက်နက်များ နဲ့ပစ်ခတ်ခဲ့တဲ့အတွက်အရှေ့မြောက်တံခါး သစ်သီးပွဲရုံမှ မအိဟာ သေနတ်ဒဏ်ရာ ခုနစ်ချက်ထိမှန်ပြီး သေဆုံးသွားခဲ့ရသလို လားရှိုး-မူဆယ်ပြည်ထောင်စု လမ်းမကြီးမှာလည်း အကြမ်းဖက် သောင်းကျန်းသူများရဲ့ ပစ်ခတ်မှုကြောင့် ယာဉ်နောက်လိုက် ဦးဇော်ဇော်သက်ဟာလည်း သေနတ်ထိမှန်တဲ့ဒဏ် ရာနဲ့သေဆုံးသွားခဲ့ရပါတယ်။

ဒါ့အပြင် အကြမ်းဖက်သောင်းကျန်း သူတွေဟာအဲဒီ(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်မှာရောက်ရှိနေတဲ့ ပြည်တွင်းသို့ တင်သွင်းလာတဲ့ နိုင်ငံတော်သို့ အခွန်ပေးဆောင်ထားပြီးသားဖြစ်တဲ့သွင်းကုန်ပစ္စည်းတွေ တင်ဆောင်ထားတဲ့မော်တော် ယာဉ်တွေကိုလည်း မီးရှို့ဖျက်ဆီးပစ်ခဲ့ ပြန်ပါတယ်။

➡ စာမျက်နှာ ၃၀ သို့

## ခာတ်ဆီ/ဒီဇယ်

### ရေကြောင်းလမ်းမှ ဒီဇယ်၊ ခာတ်ဆီ တန်ချိန် ၄၀၀၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ၁၅၉၂၂၆၂၂တန်ဖိုးရှိဒီဇယ်၂၂၈၆၅ ဒသမ ၂၃၂တန်နဲ့ ကန်ဒေါ်လာ ၁၈၇၆၃၃၀၄ တန်ဖိုးရှိ ခာတ်ဆီ ၁၉၅၁၂ ဒသမ ၇၈၇ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ **(95)** က ၂ ဒသမ ၆၄ တန်သာဝင်ခဲ့ပြီး **(92)** က ၁၉၅၁၀ ဒသမ ၁၄၇ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ခာတ်ဆီ၊ ဒီဇယ် အဝင်မရှိပဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခြင်းဖြစ်တယ်လို့ သိရပါတယ်။

နယ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄၃၇၅၈၃ တန်ဖိုးရှိဒီဇယ် ၉၀၁ ဒသမ ၃၈ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၈၉၉၄၅ တန်ဖိုးရှိ ဒီဇယ်၃၇၈ တန်နဲ့ကန်ဒေါ်လာ ၇၆၃၆၉၁ တန်ဖိုးရှိ ခာတ်ဆီ ၁၃၄၀ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၄၂၉၀တန်ဖိုးရှိ ခာတ်ဆီ ၇တန်နဲ့ ကန်ဒေါ်လာ ၁၀၃၆၇ တန်ဖိုးရှိ ဒီဇယ် ၂၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း **(92)**နဲ့ **(95)**မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ်၆၄၀၊ အောက်တိန်း **(92)** ကျပ် ၆၄၀၊ အောက်တိန်း **(95)** ကျပ် ၆၉၀၊ အဆင့်မြင့်ဒီဇယ် ၆၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၁၀၀၀၊ ရောင်းဈေး ကျပ် ၁၂၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာ ၂၃ရက်တွင် ဝယ်ဈေးကျပ် ၁၂၆၀၀၀၊ ရောင်းဈေး ကျပ်၁၂၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၂၁ ရက်မှာ ခာတ်ဆီဝယ်ဈေး ကျပ် ၁၂၈၀၀၀ ၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၂၀၀၀ ၊ ရောင်းဈေး ကျပ်၁၀၀၀ ဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ်မြင့်လာပြီး ခာတ်ဆီ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံ ဈေးများမှာ ဒီဇယ်တစ်ဂါလန် ကျပ် ၂၇၀၀၊ ခာတ်ဆီတစ်ဂါလန် ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ခာတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ်၅၈၀ အဆင့်မြင့်ဒီဇယ် ၆၄၅ ကျပ်၊ အောက်တိန်း **(92)** ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ နိုဝင်ဘာ ၂၁ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ်၁၂၄၀၀၀၊ ရောင်းဈေး ကျပ် ၁၂၆၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင်ဝယ်ဈေး ကျပ် ၁၂၆၀၀၀၊ ရောင်းဈေး ကျပ် ၁၃၁၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ နိုဝင်ဘာ ၂၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၂၇၀၀၀ ၊ ရောင်းဈေး ကျပ်၁၃၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ကျပ် ၂၈၀၀၊ ခာတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ခာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ခာတ်ဆီ ကျပ် ၃၀၀၀၊ ဒီဇယ်၃၀၁၅ကျပ်၊ အောက်တိန်း ကျပ်၂၉၇၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ကျပ်၃၁၀၀၊ ဒီဇယ် တစ်ဂါလန် ကျပ် ၃၁၀၀၊ အောက်တိန်း တစ်ဂါလန် ကျပ်၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်းများ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၃၅၀ အထိ မြင့်တက်ခဲ့ပြီး ပြန်လည်ထုတ်ရောင်းလာမှုများကြောင့် ဈေးပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများသည် အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၃၅၀ အထိ မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရှိရသည်။ ဈေးကွက်တွင်ဈေးအမြင့်ဆုံးအဖြစ် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ အထိ မြင့်တက်ခဲ့သော်လည်း ဈေးကွက်တွင် ရောင်းချမည့်သူမရှိသည်အထိ ဖြစ်ပေါ်ခဲ့ကာ ဈေးကွက်တွင် ပစ္စည်းပြတ်သည်အထိ ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။

"ဈေးကွက်ထဲမှာ ပစ္စည်းကိုလိုချင်တာတောင် ဘယ်မှာဝယ်ရမလဲ မသိဘူး။ ဈေးတက်နေတော့ ကိုင်ထားကြတာ။ ဒါပေမယ့် နိုဝင်ဘာ ၂၃ ရက်က ဒေါ်လာဈေးနဲ့ပတ်သက်ပြီး အစည်းအဝေးထိုင်တယ်လည်း ကြားရောဈေးကျတော့မယ်ဆိုပြီး ပြန်ထုတ်ရောင်းလာကြတယ်။ အဲဒီလိုပြန်ရောင်းလာကြတဲ့အတွက် နိုဝင်ဘာ ၂၅ ရက်ဈေးပိတ်ချိန်ကျတော့ ဈေးပြန်ကျလာတယ်။ ဈေးကျလာတဲ့ အတွက် ဈေးကွက်ထဲမှာ နည်းနည်းတော့ အရောင်းအဝယ်ပြန်ဖြစ်လာတယ်။ ဒေါ်လာဈေးမြင့်တက်နေတဲ့အတွက် ကုန်ဈေးနှုန်းကအစစအရာရာလိုက်ပြီးတက်နေတာ။ ဒေါ်လာဈေးသာ ပြန်ကျသွားတာ၊ ကုန်ဈေးနှုန်းက လိုက်ပြီးကျတာမဟုတ်တော့ ခံစားရတာ ပြည်သူတွေပဲ။ ဒါကို မထိန်းနိုင်ရင်တော့ ဒုံရင်းက ဒုံရင်းပဲ၊ ဘာမှ ပြောင်းလဲမှာ မဟုတ်ဘူး"ဟု ဈေးကွက်အတွင်း ဒေါ်လာဝယ်ရောင်းပြုလုပ်နေသည့် ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပြင်ပငွေလဲစင်တာများတွင် နိုဝင်ဘာ ၂၁ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၃၅ ကျပ်၊ ဝယ်ဈေး ကျပ်၁၃၃၀ ရှိခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် ရောင်းဈေး ကျပ်၁၃၅၀၊ ဝယ်ဈေး ၁၃၄၅ကျပ်သို့အမြင့်ဆုံးဈေးအဖြစ် မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၂၅ ရက်တွင် ရောင်းဈေး ၁၃၄၇ ကျပ်၊ ဝယ်ဈေး ၁၃၄၃ ကျပ်သို့ အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့သည်။ **မယ်သီတာ**

### ပြည်တွင်းငွေလဲနှုန်း ကျဆင်းမှုနှင့်အတူ ကမ္ဘာ့ရွှေဈေးပါ လိုက်ပါကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းမှုနှင့်အတူ ကမ္ဘာ့ရွှေဈေးပါ လိုက်ပါကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးပါ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်းက ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်အထိ မြင့်တက်ခဲ့မှုကြောင့် ပြည်တွင်းရွှေဈေးသည်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ကိုးသိန်းနီးပါးအထိမြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာခဲ့သော်လည်း ပြည်တွင်း၌ ငွေလဲနှုန်းများ မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးမှာဆက်လက်ကျဆင်းခြင်းမရှိဘဲ ဈေးအမြင့်၌ပင် ရှိနေခဲ့သည်။ ယခုတစ်ပတ်တွင်မူ ကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဒေါ်လာ ၁၁၁၇ အထိ ကျဆင်းခဲ့သဖြင့် ပြည်တွင်းရွှေဈေးသည် ကျပ် ၈၅၅၀၀၀ သို့ ကျဆင်းခဲ့သည်။

"ဒီတစ်ပတ်ကတော့ ကမ္ဘာ့ရွှေဈေးက တော်တော်လေးကို ကျသွားတယ်။ ကမ္ဘာပေါ်မှာ အမေရိကန်ဒေါ်လာဈေးက တော်တော်လေးကို မြင့်တက်လာတော့ ရွှေထက် ဒေါ်လာဘက်ကို လှည့်ကုန်ကြတယ်။ ဒါကြောင့် ကမ္ဘာ့ရွှေဈေး ကျလာရတာပါ။ ကမ္ဘာ့ရွှေဈေးက တော်တော်လေးကျပေမယ့် မြန်မာ့ရွှေဈေးက သိပ်ပြီးလိုက်မကျတာက ဒီမှာရှိနေတဲ့ ငွေလဲနှုန်းကြောင့်ပဲ။ ငွေလဲနှုန်းကျသွားရင်တော့ ပြည်တွင်းရွှေဈေးလည်းသိသိ သာသာကျသွားမှာပါ"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။ ပြည်တွင်းရွှေဈေးသည် နိုဝင်ဘာ ၂၅ရက်တွင် ကျပ် ၈၅၅၀၀၀ရှိခဲ့ပြီး ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၅ ရက်တွင် ၁၁၁၇ ဒေါ်လာရှိခဲ့သည်။ **မယ်သီတာ**

### ပထမပုဂ္ဂလိကဘဏ်က ရှယ်ယာတစ်စုကို ကျပ်လေးသောင်းဖြင့် ရောင်းချမည်

YSX တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် သတ်မှတ်ခြင်းခံရတော့မည့် ပထမပုဂ္ဂလိကဘဏ်သည် ၎င်း၏အစုရှယ်ယာတစ်စုလျှင် ကျပ်လေးသောင်းဖြင့်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ပထမပုဂ္ဂလိကဘဏ်အနေဖြင့် YSX တွင် စာရင်းဝင်ရန်ယခုနှစ်အစောပိုင်းကာလကတည်းကပင် ပြင်ဆင်လျက်ရှိရာ ဒီဇင်ဘာလလယ်ခန့်တွင် တရားဝင်လိုင်စင်ရရှိမည်ဟု ခန့်မှန်းထားသဖြင့် ဒီဇင်ဘာလကုန်ပိုင်းတွင် စတော့ အရောင်းအဝယ်ပြုလုပ်မည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ပထမပုဂ္ဂလိကဘဏ်၏ လက်ရှိအစုရှယ်ယာပေါက်ဈေးမှာ ကျပ် ၃၂၀၀၀ ရှိပြီး စတော့အိတ်ချိန်းတွင် စာရင်းတင်ပြီးပါက ကျပ်လေးသောင်းဖြင့် ရောင်းချရန်စီစဉ်နေခြင်းဖြစ်သည်။

ပထမပုဂ္ဂလိကဘဏ်သည် အစုရှယ်ယာပေါင်း ငါးသိန်းခန့် ရောင်းချရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။

ပထမပုဂ္ဂလိကဘဏ်၏ မတည်ရင်းနှီးငွေမှာ ကျပ်သန်း ၇၆၆၂ ဒသမ ၄၉ ရှိပြီး အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများ၊ မိုဘိုင်းလ်ဘဏ်လုပ်ငန်းတစ်ခုဖြစ်သည့် MyKyat နှင့် ပြည်တွင်းဘဏ်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ **မယ်သီတာ**

## Currency Exchange Rate

November 25, 2016
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.35 |
| BDT Bangladesh Taka | 79.32 |
| CAD Canada Dollars | 1.35 |
| CNY China Yuan Renminbi | 6.92 |
| EUR Euro | 0.95 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 68.45 |
| I DR Indonesia Rupiahs | 13555.01 |
| JPY Japan Yen | 113.35 |
| MYR Malaysia | 4.45 |
| PKR Pakistan Rupees | 104.82 |
| PHP Philippines Pesos | 49.91 |
| RUB Russia Rubles | 64.65 |
| SGD Singapore Dollars | 1.42 |
| KRW South Korea Won | 1176.85 |
| LKR Sri Lanka Rupe | 148.37 |
| THB Thailand Baht | 35.65 |
| GBP United Kingdom Pounds | 0.80 |
| VND VietnamDon | 22727.32 |

Source:xe.com

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 21 | 1211 | 1212 | 1212 |
| 22 | 1212 | 1213 | 1213 |
| 23 | 1211 | 1213 | 1213 |
| 24 | 1186 | 1187 | 1187 |
| 25 | 1177 | 1179 | 1178 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-11-2016 | 864.00 | 864.00 |
| 22-11-2016 | 871.00 | 871.00 |
| 23-11-2016 | 865.00 | 865.00 |
| 24-11-2016 | 858.50 | 858.00 |
| 25-11 -2016 | 855.00 | 855.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6 .89 | 35.55 | 79.02 | 68.25 |
| 22 | 6. 89 | 35.48 | 78.60 | 68.21 |
| 23 | 6 89 | 35.51 | 79.27 | 68.45 |
| 24 | 6 .92 | 35.69 | 79.30 | 68.86 |
| 25 | 6.92 | 35.65 | 79.32 | 68.45 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21-November | 16.69 | 2559.52 | 1748.99 | 5614.11 | 927.00 |
| 22-November | 16.95 | 2643.87 | 1766.46 | 5749.63 | 938.00 |
| 23 -November | 17.17 | 2624.83 | 1786.62 | 5692.96 | 937.00 |
| 24-November | 16.24 | 2264.86 | 1787.52 | 5880.67 | 907.00 |
| 25-November | 16.33 | 2780.51 | 1782.59 | 5891.42 | 908.00 |

Source:kitco.com

## Energy NYMEX 25-11-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.64 | -0.32 | -0.67 |
| Brent Crude Futr (USD/bbl) | 48.60 | -0.40 | -0.82 |
| Gasoline Rbob Fut (Cent/gal) | 142.16 | -0.01 | -0.01 |
| Natural Gas Futr (USD/MMBtu) | 3.03 | 0.00 | 0.07 |
| Heating Oil Futr (Cent/gal) | 151.50 | -0.19 | -0.13 |

## ဘိလပ်မြေ

### ဘိလပ်မြေအဝင်ပြန်ကောင်းလာ



နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက် အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၂၈၀၀၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၆၆၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ဘိလပ်မြေတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၄၀၀ကျော် အဝင်ပိုတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေအဝင် ပြန်ကောင်းလာတယ်လို့ ဆိုရပါမယ်။

### ဘိလပ်မြေဈေးကွက် ရောင်းအားတက်

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင် ၆၆၀၀ တန်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၄၀၀ ကျော်အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၂၆၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၇၄၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင် ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့ (မြိုင်ကလေး) နဲ့ ဆင်က ဈေးငြိမ်နေပြီး စိန်က ကျပ် ၁၀၀ ပြန်လည်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၃၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၆၅၀၊ စိန်(ထိုင်း) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဆင်နဲ့ စိန် ဘိလပ်မြေ ဈေးအနည်းငယ်မြင့်ပြီး အေသုံးလုံးက ကျပ် ၁၀၀ ဈေးကျလာကာ ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ အေသုံးလုံးကျပ် ၄၄၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ် သွက်တယ်လို့ သိရပါတယ်။ စိန်(ထိုင်း)က ဈေးကွက်ပြန်ဝင်လာပြီး ယခင်တစ်ပတ်ဈေးထက် ကျပ် ၂၀၀ ဈေးမြင့်လာ ကြံ့နှစ်ကောင် (စိမ်း)က ၁၀၀ကျပ်ဈေးကျလာပါတယ်။ ဆင်၊ မော်လမြိုင် (ဆင်)နဲ့ ကြံ့နှစ်ကောင်(နီ) ဘိလပ်မြေဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ်၅၉၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ်၄၈၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၄၅၀၀၊ မော်လမြိုင် (ဆင်) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဆိုင်အရောက်ဈေးအနေနဲ့ ဆင်(ထိုင်း) ကျပ်၅၇၀၀၊ စိန်(ထိုင်း)ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင်(စိမ်း)ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၄၇၀၀ ဈေးရှိတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက်ဒီတစ်ပတ်မှာ မြေသြဇာအဝင်နည်း

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၉၃၈၃၈ တန်ဖိုးရှိ မြေသြဇာ ၂၄၉၆ ဒသမ ၂၁၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀၀ ၊ထိုင်း နိုင်ငံမှ ၄၈၄ ဒသမ ၂၀တန် ၊ တရုတ်နိုင်ငံမှ ၃၅၂ တန်၊ ဂျာမနီနိုင်ငံမှ ၃၂၅ တန်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၃၀၀၊ အိန္ဒိယမှ ၁၄ ဒသမ ၁၀၆ တန် နဲ့ စင်ကာပူနိုင်ငံမှ ၂၀ ဒသမ ၉၁၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဗီယက်နမ်မှ အများဆုံးတင်သွင်း ခဲ့ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်ဆီယမ်၊ ပိုတက်၊ သြဂဲနစ်၊ ကွန်ပေါင်း စတဲ့မြေဆီများ ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ တန်ချိန် ၂၁၀၀၀ နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀၀၀ ကျော်အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်နဲ့ မော်လမြိုင်ဓာတ်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၂၄၉၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က တန်ချိန် ၂၁၆၃၀ ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၉၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၂၀၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၇၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၇၀၀ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဆီအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကုမ္ပဏီရဲ့ ရောင်းဈေးကျလို့ မြေဆီဈေးများလည်း ကျလာခဲ့တယ်လို့ သိရပါတယ်။ ပုလဲအသေး ၄၆% ၂၀၀ ကျပ်၊ ကွန်ပေါင်း နဲ့တီစူပါ က ၅၀၀ ကျပ် ဈေးကျလာပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၀၈၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ငွေဈေးတက်လာတာကြောင့် မြေဆီဈေးတွေလည်း တက်လာတယ်လို့ သိရပါတယ်။ ယူရီးယား (နေရွက်လှေ) ကျပ်၃၂၀၀ ၊ တီစူပါ ကျပ် ၅၀၀၀ ၊ ပိုတက် ကျပ် ၄၀၀၀ နဲ့ ကွန်ပေါင်း ၁၅ ပတ်လည်(ထိုင်း) မြေသြဇာက ၃၀၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၃၃၀၀ ၊ ယူရီးယား ( ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၃၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ် အေးနေတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ မှာ ယခင်တစ်ပတ် ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်နေပြီး အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ကျပ်၁၉၀၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၁၉၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၀၃၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ် ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ်၁၄၆၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မူဆယ်လမ်းတွေ ပိတ်နေတာကြောင့် မြေသြဇာဈေးတွေ နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ယူရီးယား(ပန်းဖူး) က ကျပ် ၁၈၀၀၊ တီစူပါက ကျပ်၆၀၀ဈေးမြင့်ခဲ့ပြီး ကွန်ပေါင်းက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၁၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၀၈၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၁၈၁၀၀၊ မြားသီးစုံကျပ်၁၄၂၀၀၊ ပန်းသီးစုံကျပ်၁၄၅၀၀၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ရေလမ်းရော နယ်စပ်လမ်းမှ နို့ဆီ/နို့စိမ်းဝင်

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက် အထိသီတင်းပတ်အတွင်း စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ ၃၃၄၈၅၅ တန်ဖိုးရှိနို့ဆီ ၂၇၃ ဒသမ ၂၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ တစ်မျိုးတည်းသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင် ၂၄၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ၂၄ တန်ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ ၁၇၅၄၁ တန်ဖိုးရှိ နို့မှုန့် ၁၂ ဒသမ ၃၉၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း ၁၁ တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာလည်း ပုံမှန်လေး တင်သွင်းတယ်လို့သာရှိတယ်လို့ ဆိုရပါမယ်။နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၆၆၁၄ တန်ဖိုးရှိနို့ဆီ ၁၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၁ မှ ၁၈/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၁ မှ ၁၁/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၀.၀၀ | ၈၆.၀၀ | (+) | ၇၄.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၃၉.၅၀ | ၇၈၀.၀၀ | (-) | ၂၄၀.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀.၀၀ | - | (+) | ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၇၁၀.၀၀ | ၂၂၃၃.၀၀ | (+) | ၄၇၇.၀၀ |
| ၅။ | တာချီလိတ် | - | ၂၇၀၀.၀၀ | (-) | ၂၇၀၀.၀၀ |
| ၆။ | မြဝတီ | ၅၄၀.၁၀ | ၁၈၅၆.၆၈ | (-) | ၁၃၁၆.၆၈ |
| ၇။ | ကော့သောင်း | ၈၄၂၅.၀၀ | ၆၅၈၀.၀၀ | (+) | ၁၈၄၅.၀၀ |
| ၈။ | မြိတ် | ၁၃၅.၀၀ | ၃၂၅၀.၀၀ | (-) | ၃၁၁၅.၀၀ |
| | စုစုပေါင်း | ၁၂၆၀၉.၅၀ | ၁၇၄၈၅.၆၈ | (-) | ၄၈၇၆.၁၈ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၁ မှ ၁၈/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၁ မှ ၁၁/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၃၅၃.၆၅၀ | ၉၄၁၅.၇၀၀ | (-) | ၁၀၆၂.၀၅ |
| ၂။ | လွယ်ဂျယ် | ၃၅၈.၈၀၀ | ၉၄.၀၀၀ | (+) | ၂၆၄.၈၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၇.၅၀၀ | (-) | ၁၇.၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၁၀၃.၈၅၄ | ၁၆၂၇.၄၂၄ | (-) | ၅၂၃.၅၇၀ |
| ၆။ | ကော့သောင်း | ၁၉၀.၀၀၀ | ၁၅၀.၀၀၀ | (+) | ၄၀.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၃၅၀.၀၀၀ | ၄၀၀.၀၀၀ | (-) | ၅၀.၀၀ |
| | စုစုပေါင်း | ၁၀၃၅၆.၃၀၄ | ၁၁၇၀၄.၆၂၄ | (-) | ၁၃၄၈.၃၂ |

ခင်မိုးသူ

## နှမ်း

# တရုတ်နဲ့ ထိုင်းနယ်စပ်မှ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၅၆၀ တန်ဖိုးရှိ နှမ်းဖြူ ၁၄ တန်ခွဲနဲ့ နှမ်းညိုလေးတန်နီးပါး၊ စုစုပေါင်း ၁၉ တန်နီးပါး တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က နှမ်းနက် ၁၆ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ နှမ်းနှစ်တန်ခွဲပိုမိုတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၃၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၂၇၂ တန်ခွဲတင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ တွေကတော့ နှမ်းဖြူ ၃၃၆ တန်ကျော်၊ နှမ်းနက် ၁၉၃၂ တန်ကျော်နဲ့ နှမ်းညို သုံးတန်ခွဲဖြစ်ပါတယ်။ ချင်းရွှေဟော်မှ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်း ၂၄၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန် ၁၄၀ ခန့်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်မှာ နှမ်းတင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၅၂၅ တန်ဖိုးရှိ နှမ်းနက် တစ်တန်နီးပါး တင်ပို့ခဲ့ပါတယ်။

အောက်တိုဘာလဆန်းပိုင်းက နှမ်းနက် (စမုံ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဝန်းကျင်မှ နိုဝင်ဘာလဆန်းပိုင်းမှာ ကျပ်တစ်သိန်းငါးထောင်မှ ကျပ်တစ်သိန်းခြောက်သောင်းဝန်းကျင်အထိ မြင့်တက်ခဲ့ကြောင်း၊ နှစ်စဉ်ပြည်ပသို့ နှမ်းမျိုးစုံတန်ချိန်တစ်သိန်းကျော်သာ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၅-၂၀၁၆ တွင် တန်ချိန် တစ်သိန်းခွဲကျော်အထိ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း တန်ချိန် တစ်သိန်းခွဲနီးပါးတင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ နှမ်းမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရပါတယ်။ **မော်မော်အောင်**

# ပြည်စျေးကွက်မှာ နှမ်းစျေးငြိမ်

ယခုတစ်ပတ်ပြည်စျေးကွက်တွင် နှမ်းစျေးမှာ ယခင်တစ်ပတ်အတိုင်း စျေးငြိမ် နေတာတွေ့ရပါတယ်။ ယခုနှစ်တွင် ဆောင်းနှမ်းအထွက်နောက်ကျလာတာတွေ့ရပါတယ်။ မနှစ်ကယခုလိုအချိန်တွင် ဆောင်းနှမ်းစျေးကွက်သို့ ဝင်ရောက်နေပြီဖြစ်ပါတယ်။ မိုးနှမ်းကို တောင်သူအချို့က မျိုးထားခြင်း၊ ဆီစက်သမားများကလည်း ဆီထွက်နှုန်းကောင်းသဖြင့် လှောင်ထားတာဖြစ်ပေမယ့် စျေးမှာ ယခင်နှစ်လောက် မမြင့်တာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းစျေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၇၆၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၆၇၀၀နှင့်စမုံနက်နှမ်းတစ်တင်းလျှင် ကျပ်၄၈၃၀၀ဖြင့်ယခင်တစ်ပတ်ကအတိုင်း စျေးငြိမ်နေတာ တွေ့ရပါတယ်။ မနှစ်ကစျေးနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်စျေးမှာ အကျဘက်မှာရှိနေတာတွေ့ရပါတယ်။ မနှစ်ကစျေးနှုန်းကိုကြည့်လျှင် နှမ်းနီတစ်တင်းကျပ် ၃၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၄၃၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၆၃၀၀၀ စျေးမြင့်ခဲ့တာ တွေ့ရပါတယ်။ မနှစ်ကလက်ကျန်ရှားပြီး ဝယ်လက်အဝယ်လိုက်သဖြင့် စျေးမြင့်ခဲ့တာဖြစ်ပါတယ်။ ယခုနှစ်တွင်လည်း ဝယ်လက်အဝယ်လိုက်ပြီး ပစ္စည်းလက်ကျန်အနည်းငယ်ရှိသော်လည်း မနှစ်ကလောက်စျေးမမြင့်ရခြင်းမှာ နှမ်းအရည်အသွေးအနည်းငယ်ကျလာတာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ

# ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီစျေး မြင့်တက်ခြင်းနှင့်အတူ မလေးရှားစားအုန်းဆီစျေးများ လေးနှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

နိုဝင်ဘာ ၂၄ ရက်က မလေးရှား စားအုန်းဆီ ကြိုရောင်းစျေးနှုန်းသည် ၅ရာခိုင်နှုန်း မြင့်တက်ပြီး လေးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုက ဇီဝဒီဇယ်ဆီ လိုအပ်ချက်ကို တိုးမြှင့်လိုက်ပြီးနောက် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီများ စျေးနှုန်းမြင့်တက်မှုကို အကြောင်းပြုပြီး စားအုန်းဆီစျေးကပါ လိုက်ပါမြင့် တက်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းမှုက နိုင်ငံခြားဝယ်ယူသူများအတွက် စားအုန်းဆီစျေးနှုန်းကျဆင်းခဲ့သော်လည်း ရင်းဂစ်ဖြင့် ဝယ်ယူပါက စားအုန်းဆီစျေးနှုန်းကို မြင့်တက်စေခဲ့သည်။ မလေးရှားအစိုးရ၏ ဘွန်းစာချုပ်စျေးများ ကျဆင်းမှုနှင့်အတူ မလေးရှား ရင်းဂစ်တန်ဖိုးက ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၃၀ နောက်ပိုင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီအတွက် စာချုပ်ချုပ်ဆို၍ ရောင်းချသော စားအုန်းဆီ ကြိုရောင်းစျေး၏ အခြေခံ စံထားစျေးနှုန်းမှာ နေ့လည်စျေးကွဲချိန်တွင် ၂ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၃၀၂၀ ရင်းဂစ်(အမေရိကန်ဒေါ်လာ၆၇၇ ဒသမ၈၉) ရှိခဲ့ရာ လေးရက်မြောက်နေ့အဖြစ် ဆက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ရောင်းချမှု ပမာဏမှာ နေ့လည်က ၂၅တန် အတွဲ ၂၄၆၃၃တွဲ အထိ ရောက်ရှိခဲ့သည်။

စားအုန်းဆီ ကြိုရောင်းစျေးသည် စျေးကွက်စတင်ဖွင့်သည့်အချိန်မှာပင် ၄ဒသမ ၉ရာခိုင်နှုန်း မြင့်တက်ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာ နောက်ပိုင်းတွင် အမြင့်ဆုံး တိုးတက်နှုန်းဖြစ်ခဲ့ကြောင်း ကုန်သည်များက ပြောသည်။

လာမည့်နှစ်အတွက် ဇီဝလောင်စာဆီ လိုအပ်ချက်များကို အမေရိကန်အစိုးရက ထုတ်ပြန်လိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စု ချီကာဂို ကုန်သွယ်မှုအဖွဲ့တွင် နိုဝင်ဘာ ၂၃ ရက်က ပဲပုပ်ဆီ ကြိုရောင်းစျေးမှာ ၇ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

" ဇီဝဒီဇယ်ဆီ သုံးစွဲမှု သတ်မှတ်ချက်ကြောင့် ပဲပုပ်ဆီ ဝယ်လိုအားကို မြှင့်တင်ပေးမှာဖြစ်ပြီး စားအုန်းဆီ ဝယ်လိုအားကိုလည်း သွယ်ဝိုက်၍ မြှင့်တင် ပေးနိုင်ပါတယ် " ဟု ဂျကာတာမြို့ရှိမေဘဏ်မှ စားအုန်းဆီ လေ့လာဆန်းစစ်ရေးမှူး အက်ဒီတပ်စမင်က ပြောသည်။

သို့သော်လည်း ထုတ်လုပ်မှု မြင့်တက်လာခြင်းနှင့် အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကျဆင်းမည့် လက္ခဏာရှိခြင်းတို့ကြောင့် စားအုန်းဆီ မြင့်တက်မှု အလားအလာကို အထိန်းအကွပ် ဖြစ်စေခဲ့ကြောင်း တပ်စမင်က ပြောသည်။

စားအုန်းဆီ၏ အမြင့်ဆုံးစျေးနှုန်းမှာ တစ်တန်ကို ၂၉၆၃ ရင်းဂစ်အထိ ရောက်ရှိနိုင်ပြီး ထို့ထက်ကျော်လွန်မည်ဆိုပါက တစ်တန်ကို ၃၀၀၂ ရင်းဂစ်ထိ ရောက်ရှိနိုင်ဖွယ်ရှိ ကြောင်း ရိုက်တာသတင်းဌာန ကုန်စည်နှင့် စွမ်းအင်စာရင်းအင်း လေ့လာရေးမှူး ဝမ်တောင်းက ပြောသည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီ ကြိုရောင်းစျေးက ၂ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပြီး၊ ဇန်နဝါရီအတွက် စားအုန်းဆီကြမ်းစျေးက ၁ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အမေရိကန် ပြည်ထောင်စု ချီကာဂို ကုန်သွယ်မှု ဘုတ်အဖွဲ့ကို နိုဝင်ဘာ ၂၃ ရက် ကျေးဇူးတော်နေ့အဖြစ် ပိတ်ထားသည်။ **ဉာဏ်တင်**

### ပြည်တွင်းဆီစျေးနှုန်းများ (၂၅-၁၁-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ ယခင် | ပဲဆီ ယခု | ပဲဆီ နှိုင်းယှဉ်ချက် | နှမ်းဆီ ယခင် | နှမ်းဆီ ယခု | နှမ်းဆီ နှိုင်းယှဉ်ချက် | စားအုန်းဆီ ယခင် | စားအုန်းဆီ ယခု | စားအုန်းဆီ နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|
| နေပြည်တော် (ပျဉ်းမန | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၂၁၀၀ | △ |
| ရန်ကုန် | ၃၉၀၀ | ၃၉၀၀ | □ | ၃၂၀၀ | ၄၂၀၀ | □ | ၁၈၃၀ | ၁၉၂၀ | △ |
| မန္တလေး | ၃၂၀၀ | ၃၀၀၀ | ▽ | ၃၀၀၀ | ၃၀၀၀ | □ | ၁၉၄၀ | ၂၀၄၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| မကွေး | ၃၇၀၀ | ၃၄၀၀ | ▽ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၁၀၀ | ၃၁၀၀ | □ | ၃၁၀၀ | ၃၁၀၀ | □ | ၁၉၆၀ | ၂၀၄၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၅-၁၁-၂၀၁၆ US$/Ton

| အမျိုးအစား | နိုဝင်ဘာတတိယပတ် | နိုဝင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၉.၀၀ | ၆၈၆.၅၀ | ▽ |
| RBD P.Olein | ၇၀၂.၅၀ | ၆၉၉.၀၀ | ▽ |
| RBD P.Strarin | ၇၁၂.၅၀ | ၆၉၃.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၅- ၁၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၆၃၁.၂၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၀၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၁၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၉.၆၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%) / 612 | ၇၈.၉၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) / 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၃.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၄၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၇၈၇.၉၃၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၅-၁၁-၂၀၁၆နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၆၅ ဒေါ်လာနှင့် USD စျေး ၁၃၀၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၅-၁၁-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၀၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်နေ သည့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေး စီမံကိန်းအစီအစဉ်တစ်ခုဖြစ်သော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတို့တွင် အထူးလိုအပ်သော အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး အလေ့အကျင့်ကောင်းရှိခြင်းဆိုင်ရာ အပင်ပိုးမွှားရောဂါကင်းရှင်းမှု တိုင်းတာသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့်အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ရန်ကုန်မြို့နှင့် စီမံကိန်းနယ်မြေများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာ ၂၀ ရက်မှစ၍ ကျင်းပပေးလျက်ရှိပါသည်။

အဆိုပါဆွေးနွေးပွဲများတွင် ဆီထွက်သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်နေသော ထုတ်လုပ်ပြု ပြင်သူများ၊အဝယ်တော်များ၊ ကုန်သည်များ၊ ပို့ကုန်တင်ပို့သူများ၊ စီမံကိန်းအကြံ ပေးဆရာလျှောက်ထားသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မျိုးစေ့၊ မြေဩဇာနှင့် ဓာတုဆေးဝါးများ တင်သွင်းဖြန့်ချိသည့် ကုမ္ပဏီများ၊ ပြည်တွင်းဝယ်ယူသူများ ပါဝင်တက်ရောက်လျက်ရှိပါသည်။

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးနှင့် ပတ်သက်သည့်အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင်နိုဝင်ဘာ ၂၀ ရက်ကကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် နိုင်ငံ



တကာ ကုန်သွယ်မှုဗဟိုဌာနမှ အရည်အသွေး စီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင် Ludovica Ghizzoni တို့က အမှာစကားအသီးသီး ပြောကြားခဲ့ကြသည်။

ထို့ပြင် Food Safety နှင့် SPS Measure ပိုင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနတို့မှ ကျွမ်းကျင်ပညာရှင်များက အသီးသီး ရှင်းလင်းတင်ပြကြပြီးနောက် အဖွဲ့လိုက် မေးမြန်း ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် ဆီထွက်သီးနှံကဏ္ဍတွင် Codex HACCP နှင့်အညီ အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး အလေ့အကျင့်ကောင်းရှိခြင်းဆိုင်ရာ သင်တန်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိကျင်းပခဲ့ရာ ဆီထွက်သီးနှံတင်ပို့သူများ၊ ထုတ်လုပ်ပြုပြင်သူများ၊ အဝယ်တော်များ၊ စီမံကိန်း အကြံပေးဆရာ လျှောက်ထားသူများ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ကြပါသည်။

ဆက်လက်၍ အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေး အလေ့အကျင့်ကောင်းရှိခြင်းဆိုင်ရာ သုံးသပ်ဆွေးနွေးခြင်းကို နိုဝင်ဘာ ၂၆ ရက်တွင် ပြုလုပ်ခဲ့ပြီး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ကုမ္ပဏီများ၊ စက်ရုံ အလုပ်ရုံများသို့ လေ့လာရေးခရီးများကိုလည်း သွားရောက်လေ့လာခဲ့ကြပါသည်။

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲနှင့် သင်တန်းများနှင့် အလားတူ အစီအစဉ်များကို စီမံကိန်းနယ်မြေများဖြစ်သည့် မန္တလေးမြို့တွင် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ လည်းကောင်း၊ ပွဲရုံအဝယ်တော်များအတွက် သန့်ရှင်းမှုနှင့် မှတ်တမ်းပြုစုရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် လက်တွေ့သင်တန်းများကို မကွေး၊ မုံရွာ၊ မြင်းခြံ၊ အောင်လံမြို့များရှိ စက်ရုံများနှင့် ပွဲရုံများတွင် ဒီဇင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ အသီးသီး ကျင်းပသွားမည်ဖြစ်ပြီး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် အဆိုပါမြို့များရှိကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများသို့လည်း လေ့လာရေးခရီးများ သွားရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီမံကိန်းအနေဖြင့် ဆီထွက်သီးနှံကဏ္ဍ၌ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သက်ဆိုင်သူများ အားလုံးကို အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများ ကျင့်သုံးရန်နှင့် အပြည်ပြည်ဆိုင်ရာ၊ ဒေသတွင်းနှင့် ပြည်တွင်းဈေးကွက် အလားအလာများ တိုးတက်လာစေရန်အတွက် ရေရှည်တည်တံ့သော စွမ်းဆောင်ရည်တစ်ရပ် တည်ထောင်ရန်ဖြစ်ပါသည်။

**NES Unit**

# ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြား




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော 'ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲ' ကို နိုဝင်ဘာ ၂၃ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ပိုမိုကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပိုမိုပူးပေါင်းပြီး လုပ်ထုံးလုပ်နည်းများ စည်းချက်ညီညီဖြစ်စေရေးတို့ကို ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးမှုများမှတစ်ဆင့် ပိုမိုလွယ်ကူရှင်းလင်းသည့် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှု လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုင်စင်ခွင့်ပြုသည့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ခြင်း၊ လိုင်စင်လျှောက်ထားရယူရန် လိုအပ်သည့် ကုန်စည်လိုင်းများ ဖြေလျှော့ခြင်းများအပြင် လိုင်စင်ပါ ဈေးနှုန်းစိစစ်ခြင်းကို ဆောင်ရွက်ရာတွင်လည်း ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပို့ကုန် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များအတွက် ထောက်ခံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် လျှောက်ထားရယူရမှာဖြစ်ပြီး၊ ဝန်ကြီးဌာနများအလိုက် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရှိပါကြောင်း၊ အဆိုပါလုပ်ထုံးလုပ်နည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကွဲပြားမှုရှိပြီး၊ ဌာနများအချင်းချင်း လုပ်ငန်းများထပ်နေသည်များ၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေသည်များကို ရှာဖွေဖော်ထုတ်ပြီး၊ ကုန်သွယ်မှု ပိုမိုလျင်မြန်ချောမွေ့စေရန်နှင့် လုပ်ထုံးလုပ်နည်းများ ပြေပြစ်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သွင်းကုန်လိုင်စင် လုပ်ထုံးလုပ်နည်း သဘောတူညီချက်ကို ပိုမိုသိနားလည်စေရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော သွင်းကုန်လိုင်စင် လုပ်ထုံးလုပ်နည်း အလေ့အထများကို အသိအမြင်ဖလှယ်ရန် ရည်ရွယ်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့လာတာနှင့်အမျှ မိမိတို့နိုင်ငံ၏ လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းလည်း ပိုမိုကောင်းမွန်လာမှာဖြစ်ပါကြောင်း၊ ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရန် မိမိတို့၏ ကြိုးပမ်းမှုအပေါ် ကမ္ဘာ့ဘဏ်မှ များစွာအထောက်အကူပြုပေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ပါကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ရလဒ်ကောင်းများ ရရှိစေချင်ကြောင်းပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲ များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## မုံရွာကြက်သွန်ဖြူ ဈေးငြိမ်ပြီး အရောင်းအဝယ်အေး

မုံရွာ(ပွဲရုံ) စားဖိုဆောင် သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်ဖြူ အိတ်တွေ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာ အတက်အကျမရှိ ဈေးငြိမ်လျက် အရောင်းအဝယ် အေးလာကြောင်း သိရှိရပါတယ်။ တန်ဆောင်တိုင်ပွဲတော်ရက်များနှင့် ကထိန်ပွဲ၊ အလှူပွဲများကြောင့် အရောင်းအဝယ်ကောင်းပြီး ယခုတစ်ပတ်မှာ အရောင်းအဝယ် အေးလာပါတယ်။

ဈေးနှုန်းကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ မုံရွာပွဲရုံဈေးနှုန်းမှာ ကြက်သွန်ဖြူ တစ်ပိဿာ (ဗမာ)ကျပ် ၄၅၀၀၊ (ကြူကုတ်) ကျပ် ၄၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူပွဲရုံများမှာ တစ်ရက် အိတ် ၁၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယနိုင်ငံတွင် ဆောင်းသီးနှံ စိုက်ပျိုးမှု မြင့်တက်

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ဧကမှာ နိုဝင်ဘာ ၄ ရက် အထိ ဟက်တာဧက ၈၁ ဒသမ ၅၈ သိန်းခန့်သာရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာဧကပေါင်း ၁၄၆ ဒသမ ၈၅ သိန်းခန့်ထိ ရှိလာခဲ့သည့်အတွက် ပြီးခဲ့သည့်တစ်ပတ်ခန့်က စိုက်ပျိုးမှုထက် ၈၀ ရာခိုင်နှုန်း ကျော်တိုးတက်လာခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလတွင် ဆောင်းသီးနှံ စိုက်ဟက်တာဧကပေါင်း ၁၂၆ ဒသမ ၇၁ သိန်းခန့်သာရှိသည့်အတွက် ယခုနှစ်တွင် ၁၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ အစိုးရအနေဖြင့် ယခုနှစ်အတွင်း ဆောင်းသီးနှံစိုက်ဟက်တာဧကပေါင်း ၆၃၈ ဒသမ ၀၉ သိန်းခန့်အထိ ရောက်ရှိရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရှိရပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက လတ်တလောထုတ်ပြန်ထားသော ဆောင်းသီးနှံစိုက်ပျိုးဧရိယာ အချက်အလက်များအရ ဂျုံ၊ ပဲအမျိုးမျိုး၊ ဆီထွက် သီးနှံများနှင့် ဆန်စိုက်ပျိုးမှုအခြေအနေမှာ တိုးတက်လာခဲ့ပြီး၊ ပြောင်းစိုက်ပျိုး ဧကမှာမူ လျော့ကျလာခဲ့ကြောင်း၊ လေးလတာကြာမြင့်သည့် မုတ်သုံရာသီသည် စက်တင်ဘာတွင် ပြီးဆုံးခဲ့ပြီးနောက် ယခုအချိန်တွင် ရေလှောင်တမံများ၌ ရေများ လုံလုံလောက်လောက်ရှိနေပြီး သီးနှံများစိုက်ပျိုးရန်အတွက် အလားအလာများလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံရှိ အဓိကရေလှောင်တမံကြီး ၉၁ ခု၌ ရေသိုလှောင်ထားရှိမှု ပမာဏမှာ ကုဗမီတာ ၁၁၀ ဒသမ ၀၉၇ ဘီလီယံ ခန့်ရှိနေပြီး၊ ပြီးခဲ့သည့်နှစ်ထက် ရေပမာဏ ၂၉ ရာခိုင်နှုန်းခန့် ပိုမိုသိုလှောင်ထားရှိနိုင်ခဲ့ရာ ဆောင်းသီးနှံများအတွက် ရေပိုမိုပေးဝေလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများအနက် ဂျုံစိုက်ပျိုးထားရှိမှု မှာ ဟက်တာဧက ၂၅ ဒသမ ၇၂ သိန်းခန့်ရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ပန်ဂျပ်၊ ဥတ္တရာပရာဒက်ရှ်နှင့် မဒ္ဒရာပရာဒက်ရှ်ပြည်နယ်တို့တွင် ဆောင်းသီးနှံစိုက်ပျိုးမှုမှာ အနည်းငယ်နှောင့်နှေးခဲ့ကြောင်း၊ ဆန်စိုက်ပျိုး မှုအခြေအနေမှာ ဟက်တာဧက ၉ ဒသမ ၆၈ သိန်းခန့်ရှိခဲ့ပြီး၊ ပြီးခဲ့သည့်နှစ်ထက် ၅၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုဟက်တာဧကမှာ ၄၉ ဒသမ ၂၄ သိန်းခန့်ရှိပြီး၊ ပြီးခဲ့သည့်နှစ်ထက် ၃၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ထို့ပြင် မြေပဲနှင့် မုန်ညင်းစိုက်ပျိုးမှု အများစုပါဝင်သည့် ဆီထွက်သီးနှံ စိုက်ပျိုးမှုမှာလည်း ဟက်တာဧက ၄၂ ဒသမ ၀၃ သိန်းခန့်ရှိခဲ့ပြီး၊ ၂၀၁၅ ခုနှစ် ထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ပြောင်းစိုက်ပျိုးမှုမှာမူ ဟက်တာ ဧက ၂၀ ဒသမ ၁၇ သိန်းရှိပြီး၊ ယခင်နှစ်ထက် ၃၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံ အမျိုးသားဆန်စပါးကော်မတီသည် စပါးစိုက်တောင်သူများသို့ ထောက်ပံ့ပေးမည့် အစီအစဉ်အား အစိုးရအဖွဲ့သို့ တင်ပြမည်

ထိုင်းနိုင်ငံ အမျိုးသားဆန်စပါး ကော်မတီသည် ပြည်တွင်း၌ ဆန်စပါး ဈေးကျဆင်း၍ တောင်သူလယ်သမား များ၏ ထိခိုက်နစ်နာမှုများကို ကူညီရန် အတွက် ထောက်ပံ့ပေးမည့် အစီအစဉ် (ဥပမာ - Pledging-like Scheme) ကို အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လက်ရှိအချိန်တွင် ဟုန်မာလီ စပါးတစ်တန်လျှင် ဘတ် ၉၇၀၀ ခန့် ရှိရာ ကော်မတီအနေဖြင့် ဟုန်မာလီ စပါးဈေးနှုန်းကိုလက်ရှိ ပေါက်ဈေး ထက် ကျော်လွန်၍ တစ်တန်လျှင် စုစုပေါင်း ၁၁၅၂၅ ဘတ်နှုန်းသတ်မှတ် မည်ဖြစ်သည်။ ယင်းသတ်မှတ်ဈေးနှုန်း ၁၁၅၂၅ ဘတ်တွင် အချိန်ကာလ အတိုင်း အတာတစ်ခုထိ သိုလှောင်ထိန်းသိမ်းမှု အတွက် ဘတ် ၈၇၃၀ ကို သတ်မှတ် သဖြင့် လက်ရှိပေါက်ဈေး၏ ၉၀ ရာခိုင် နှုန်းရှိသည်။ စပါးသစ်ပေါ်ချိန်တွင် သိုလှောင်ထိန်းသိမ်းရန် အခက်အခဲ ရှိ၍ ချက်ခြင်း ရောင်းချလိုသည့် တောင်သူများအနေဖြင့် စပါးတစ်တန် အတွက် အထွေထွေကုန်ကျစရိတ် ၁၂၉၅ ဘတ်နှင့်လက်ရှိပေါက်ဈေးဘတ် ၉၇၀၀ စုစုပေါင်းဘတ် ၁၀၉၉၅ နှုန်း သာရရှိမည်ဖြစ်သည်။ တောင်သူလယ် သမားများသည် ကော်မတီ၏သတ်မှတ် ထားသည့် အစီအစဉ်များအတိုင်း ပြန် လည်ပေးဆပ်ရမည်ဖြစ်ပြီး ပျက်ကွက်ပါ က အတိုးအတွက်ကိုပါ ပေးဆပ်ရမည် ဖြစ်ပါသည်။ အစိုးရ၏စပါးဝယ်ယူရေး အတွက် ဘဏ္ဍာငွေဆိုင်ရာလုပ်ငန်း များကို စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးသမ ဝါယမဘဏ်ကအဓိက စီစဉ်ဆောင် ရွက်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ ဟုန်မာလီစပါးစိုက် ပျိုးသည့် လယ်သမားနှစ်သန်းအတွက် စုစုပေါင်းဘတ် ၂၇ ဒသမ ၂ ဘီလီယံ ကို သုံးစွဲမည်ဖြစ်ပါသည်။ ယခုနှစ်တွင် ဟုန်မာလီစပါးတန်ချိန် ၁၀ သန်းခန့် ထွက်ရှိနိုင်ကြောင်း၊ ထွက်ရှိမည့်စပါး၏ ၉၀ ရာခိုင်နှုန်းကို ယခုလတွင် ရိတ်သိမ်း ၍ ကျန်ရှိသည့် ၁၀ ရာခိုင်နှုန်းကို ဒီဇင် ဘာလတွင် ရိတ်သိမ်းကြမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်နိုင်ငံ၏ အဓိကကုန်ကြမ်းပို့ကုန်ထိန်းချုပ်မှုနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုအား ပြန်လည်သုံးသပ်မည့် WTO Panel တစ်ရပ် အမေရိကန်တည်ထောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြဋ္ဌာန်းလိုက်သည့် ပို့ကုန်ကုန်ကြမ်း ၁၁မျိုး အပေါ် အကောက်ခွန်နှင့်အရေ အတွက် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ၏ တောင်းဆိုချက် အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် Dispute Settlement Panel တစ်ရပ်ကို နိုဝင်ဘာ ၈ ရက်တွင် တည် ထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရပါ သည်။

အဆိုပါပို့ကုန်ကုန်ကြမ်းများ သည် အမေရိကန်နိုင်ငံ၏ သံမဏိ၊ မော်တော်ကား၊ လေယာဉ်၊ ဆောက် လုပ်ရေး၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေး စသည့် အမေရိကန်စက်မှုလုပ်ငန်းများ အတွက် အရေးပါသည့် သွင်းကုန်ကုန် ကြမ်းများဖြစ်ကြောင်း၊ အမေရိကန် လုပ်သားများနှင့် အမေရိကန်စီးပွား ရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့် မားမှုကို အဟန့်အတားဖြစ်စေမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန် သွယ်မှုဆိုင်ရာ ထိန်းချုပ်မှုများ အတွက် အလေးထားဖြေရှင်းနိုင်ရန် အမေ ရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး မှ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြ ထားပါသည်။

အဆိုပါ ပို့ကုန်ကုန်ကြမ်းများ ထိန်းချုပ်ခြင်းသည် တရုတ်စက်မှုကုန် ထုတ်လုပ်သူများ၏ အကျိုးအားရည် မျှော်၍ ချမှတ်သည့် တရုတ်နိုင်ငံ စက်မှုမူဝါဒ၏ တစ်စိတ်တစ်ပိုင်းဖြစ် ကြောင်း၊ ယင်းကုန်စည်များထုတ်လုပ် ရာတွင် တရုတ်နိုင်ငံအနေဖြင့် ဦးဆောင် ထုတ်လုပ်သူနေရာတွင် ရှိနေခြင်းကြောင့် ယခုထိန်းချုပ်မှုသည် ကမ္ဘာ့ရောင်းလို အားနှင့် ဈေးနှုန်းသတ်မှတ်မှုအပေါ် တရုတ်နိုင်ငံမှ သိသာသည့် သက် ရောက်နိုင်စွမ်းရှိနေခြင်းကို ဖြစ်ပေါ် စေကြောင်း၊ တရုတ်နိုင်ငံမှ ကုန်ကြမ်း ထုတ်လုပ်သူများ အသာစီးရစေပြီး ကျန်ကမ္ဘာ့နိုင်ငံများမှ အဆိုပါကုန်စည် ထုတ်လုပ်သူများ တရုတ်နိုင်ငံတွင်းသို့ ပြောင်းရွှေ့စေသည့် ဖိအားများ ဖြစ် ပေါ်စေကြောင်း Panel တစ်ရပ် တောင်း ဆိုခြင်းသည် Dispute Settlement တွင် နောက်တစ်ဆင့် တက်လှမ်းခြင်းဖြစ် ကြောင်းလည်း ဖော်ပြထားပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ထိုင်းအစိုးရအဖွဲ့သည် ဟုန်မာလီစပါးတစ်တန်ဈေးနှုန်းကို ဘတ် ၁၃၀၀၀ သတ်မှတ်

ထိုင်းနိုင်ငံ၊ အမျိုးသားဆန်စပါးကော်မတီက တင်ပြ သည့် ဟုန်မာလီစပါးတစ်တန်ဈေးနှုန်းအား ၁၁၅၂၅ ဘတ်ကို ကျော်လွန်၍ ဘတ် ၁၃၀၀၀ သို့ ထိုင်းအစိုးရအဖွဲ့က တိုးမြှင့် သတ်မှတ်ခဲ့သည်။ ထိုင်း အစိုးရ၏ စပါးဝယ်ယူရေးအစီအစဉ်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် သက်တမ်းကုန် ဆုံးမည် ဖြစ်သည်။ ထို့ပြင် ဟုန်မာလီစပါးစိုက်ပျိုးသည့် တောင်သူ နှစ်သန်းအတွက် ဘတ်ဘီလီယံ ၂၀ ကို သုံးစွဲရန် အစိုးရ က လျာထားကြောင်း တွေ့ရှိရပါသည်။

အစိုးရကသတ်မှတ်သည့် ဟုန်မာလီစပါး တစ်တန် ၏ အခြေခံဈေးနှုန်းတွင် အချိန်ကာလအတိုင်းအတာ တစ်ခုအထိ သိုလှောင်ခြင်းအတွက် ဘတ် ၉၅၀၀ နှုန်း၊ စနစ်တကျရိတ်သိမ်းခြင်းအတွက် ဘတ် ၂၀၀၀ နှုန်းနှင့် အထွေထွေစရိတ်အဖြစ် ဘတ် ၁၅၀၀ နှုန်း စုစုပေါင်း ဘတ် ၁၃၀၀၀ ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် စပါးသစ်ပေါ်ချိန်တွင် သိုလှောင်ရန် အခက် အခဲရှိ၍ လက်ငင်းရောင်းချလိုသည့် တောင်သူများသည် အထွေ ထွေစရိတ်ဘတ် ၁၅၀၀ ကိုခံစားခွင့်ရရှိမည် မဟုတ် ကြောင်းနှင့် တောင်သူများအနေဖြင့် ငါးလအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း သိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံမှ Foodland Supermarket ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့မည်

ထိုင်းနိုင်ငံမှ Foodland Supermarket ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်တွင် စားသောက်ဆိုင်နှင့်လက်လီ အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ရန် အတွက် ရင်းနှီးမြှုပ်နှံငွေဘတ်သန်း ၅၀၀ကို လျာထားပါသည်။

၂၀၁၇ ခုနှစ်တွင် လက်လီ အရောင်းဆိုင်ငါးဆိုင်ခန့် တိုးချဲ့မည်ဖြစ်ပြီး စားသောက်ဆိုင်လုပ်ငန်းအနေဖြင့် ဂျပန်စားသောက်ဆိုင်၊ ဟောင်ကောင် စားသောက်ဆိုင်၊ စင်ကာပူစားသောက်ဆိုင်၊ ဒင်းဆမ်း ဆိုင်နှစ်ဆိုင်နှင့် ပီဇာဆိုင် သုံးဆိုင်တို့ကို ဖွင့်လှစ်ရန်လျာထားပါသည်။ လာမည့် နှစ်များတွင်လည်း နှစ်စဉ် တစ်နှစ်လျှင် စူပါမားကက်ငါးဆိုင် ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ ယခုနှစ်အတွင်းတွင်လည်း ဗန်ကောက် မြို့တွင် စူပါမားကက် ငါးဆိုင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ ထို့ပြင် Foodland Supermarket အနေဖြင့် နိုင်ငံခြားတိုင်းပြည်များတွင်လည်း ဒေသခံရင်းနှီး မြှုပ်နှံသူများနှင့်ပူးပေါင်း၍ လုပ်ငန်းတိုးချဲ့မည်ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အမေရိကန်၊ ကမ္ဘောဒီးယားနှင့်မြန်မာစသည့် နိုင်ငံများတွင် ဖွင့်လှစ်ရန်စီစဉ်ထားပါသည်။ ယခုနှစ်တွင် ကုမ္ပဏီ၏ ရောင်းရငွေ စုစုပေါင်း ဘတ်ရှစ်ဘီလီယံရရှိမည်ဟု ခန့်မှန်းထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၁၁–၂၀၁၆)

မြင့်ဆွေ

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်မြင့်တက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲတစ်ပိဿာကို ယခင်တစ်ပတ်ကထက် ကျပ် ၂၀ ပိုပြီး ကျပ် ၂၀၅၀ (တစ်တန် ၁၂၅၅၄၀၀ ကျပ်)နဲ့ အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပဲလက်ကျန်များရှိသော်လည်း ဘုရင့်နောင်ကုန်သည်များက အဝယ်နည်းသလို ရောင်းသူများကလည်း ကြိုက်ဈေးမရသဖြင့် အရောင်းအဝယ်နည်းခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်

ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၂၉၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြောင်းက ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ်၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) နဲ့ အဝယ်လိုက်ခဲ့ပါတယ်။ နိုဝင်ဘာလကုန်ပိုင်းရောက်မှသာ မိုးပြတ်သဖြင့် ရိတ်သိမ်းနေရတာကြောင့် ဈေးကွက်ထဲကို ပြောင်းအဝင်နည်းတာဖြစ်တယ်လို့ ဒေသခံကုန်သည်တစ်ဦးကပြောပါတယ်။ ဈေးကွက်ထဲမှာရှိတဲ့ ပြောင်းများကို အစာစပ်စက်ရုံနဲ့ မန္တလေးဝယ်လက်များက အဓိကထားဝယ်ယူခဲ့ပြီး ယခုတစ်ပတ်အတွင်း ပြောင်းပိဿာချိန် ၂၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲဈေးများကျ

ယခုတစ်ပတ် ပြည်ပအဝယ်နည်းတာကြောင့် ဘုရင့်နောင်ဈေးကွက်အတွင်း မတ်ပဲနဲ့ပဲစင်းငုံနီတို့ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ (FAQ/RC) တစ်တန်ကို ကျပ် ၁၃၁၁၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၂၅၇၀၀၀ အထိဈေးကျခဲ့ပါတယ်။ မတ်ပဲ (FQ/RC) တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၁၃၇၀၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ် ကျပ် ၁၃၁၂၀၀၀ ကျပ်သို့ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ယခင်တစ်ပတ်က ကျပ်၉၆၇၀၀၀ နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ ကျပ် ၉၀၀၀၀၀ အထိ ဈေးကျပြီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မြင်းခြံဈေးကွက်မှာ ကုလားပဲဈေးတက်

ယခုတစ်ပတ် မြင်းခြံဈေးကွက်မှာ ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာကို ၂၅ ကျပ်မြင့်တက်ပြီး ၂၄၇၅ ကျပ်(တစ်တန် ၁၅၁၅၆၆၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြို့ခံပဲခွဲစက်လုပ်ငန်းများက ဝယ်ယူမှုအားကောင်းလာတာကြောင့် ဈေးအနည်းငယ်မြင့်တက်လာပါတယ်။ ကုလားပဲအဝါ(အကြီး) တစ်ပိဿာကို ယခင်တစ်ပတ်ထက် ကျပ် ၅၀ ပိုမိုမြင့်တက်ပြီး ၂၄၂၅ ကျပ်(တစ်တန် ၁၄၈၅၀၄၅ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ဈေးကွက်အတွင်း ပဲလက်ကျန်နည်းသဖြင့်ဈေးမြင့်လာခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## လားရှိုးမှာပြောင်းအရောင်းအဝယ်များရပ်ဆိုင်း

ယခုတစ်ပတ် လမ်းကြောင်းမလုံခြုံသဖြင့် မူဆယ်ဘက်သို့ပြောင်းတင်ပို့မှုရပ်ဆိုင်းနေတာကြောင့် လားရှိုးဈေးကွက်မှာ ပြောင်းဈေးမဖွင့်ဘဲ အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း ကုလားပဲ(ဝါ)နဲ့ဈေးငြိမ်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ကုန်သည်များလာရောက်မှုနည်းတာကြောင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပြီး ပဲတီစိမ်းနဲ့ကုလားပဲ(ဝါ)တို့လည်း ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကဈေးဖွင့်ခဲ့တဲ့ ပဲတီစိမ်းတစ်ပိဿာကို ကျပ် ၁၃၇၀ (တစ်တန် ၈၃၈၉၄၇ ကျပ်)၊ ကုလားပဲ(ဝါ) တစ်ပိဿာကို ကျပ် ၂၂၉၀ (တစ်တန် ၁၄၀၂၃၇၃ ကျပ်) နဲ့ယခုတစ်ပတ်မှာ ဆက်လက်ရောင်းချခဲ့ပါတယ်။ ပဲစင်းငုံနီ တစ်ပိဿာကို ယခင်တစ်ပတ်ကကျပ် ၁၅၀၀ ဈေးပေါက်ခဲ့သော်လည်း ယခုတစ်ပတ်မှာ ဝယ်ယူသူများက တစ်ပိဿာကျပ် ၁၄၀၀ ပေးပြီးရောင်းချသူများက တစ်ပိဿာကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၆ ကျပ်) ဖြင့်ရောင်းချလိုသောကြောင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲသို့ CP ပြောင်းသစ်ဝင်လာပြီး တစ်ပိဿာကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်)ဈေးပေးပြီး မန္တလေးကုန်သည်များနဲ့ မြို့ခံအစာစပ်သမားများက ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲ (ဟော်လန်) ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲ (ဟော်လန်) တို့ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ပဲတီစိမ်းဈေးကွက်မှာ တစ်ပိဿာကို ၂၅ ကျပ်ဈေးပိုခဲ့ပြီး ကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ မန္တလေးကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ ဈေးကွက်ထဲသို့ ပဲတီစိမ်းအသစ်များဝင်ရောက်လာပြီး တစ်ပိဿာကို ၁၃၇၈ ကျပ်(တစ်တန် ၈၄၃၈၇၃ ကျပ်)နဲ့ ရောင်းချသူများက ဈေးဖွင့်သော်လည်း ဝယ်ယူသူများက အနည်းငယ်သာဝယ်ခဲ့ပါတယ်။ ကုလားပဲ(ဟော်လန်)က ယခင်တစ်ပတ်က တစ်ပိဿာကို ၂၂၇၅ ကျပ်မှ ယခုတစ်ပတ်မှာ ၂၄၇၅ ကျပ်(တစ်တန် ၁၅၁၅၆၆၅ ကျပ်)အထိ ဈေးတက်ခဲ့ပါတယ်။ ဈေးကွက်ထဲမှာ ကုလားပဲခြမ်းဈေးမြင့်လာသဖြင့် ပဲခွဲစက်လုပ်ငန်းရှင်များက ဈေးကောင်းပေးပြီး ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ် ပိဿာကို ကျပ် ၁၄၅၀ မှ ယခုတစ်ပတ်မှာ ၁၄၂၅ ကျပ်(တစ်တန် ၈၇၂၆၅၆ ကျပ်) ဈေးနဲ့ မန္တလေးကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ နှမ်းနီတစ်ပိဿာကို ယခင်တစ်ပတ်က ၁၈၄၅ ကျပ်နဲ့ ဈေးဖွင့်သော်လည်း မြို့ခံဆီစက်လုပ်ငန်းရှင်များ အဝယ်လိုက်သဖြင့် တစ်ပိဿာ ကျပ် ၁၈၉၀ (တစ်တန် ၁၁၅၇၄၁၇ ကျပ်) အထိ တက်ဈေးရပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးမှာ ယခင်တစ်ပတ်က ရောင်းဈေး တစ်ပိဿာကို ကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနှမ်းလည်း ဝယ်လိုအားနည်းတာကြောင့် ယခင်တစ်ပတ်ရောင်းဈေးအတိုင်း တစ် ပိဿာ ၃၃၃၅ ကျပ်(တစ်တန် ၂၀၄၂၃၂၁ ကျပ်)နဲ့ ဈေးဖွင့်ပြီး အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အရောင်းအဝယ်များရပ်ဆိုင်း

ယခုတစ်ပတ် မူဆယ်ပြောင်းဈေးကွက်မှာ နယ်မြေအေးချမ်းမှုမရှိသဖြင့် ကားများအတက်အဆင်းမရှိဘဲ လုပ်ငန်းများ ရပ်ဆိုင်းနေတယ်လို့ ဒေသခံကုန်သည်တစ်ဦးထံမှ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဈေးတက်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ ပဲများတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဇီးကွက်က ယခင်တစ်ပတ်ထက် တစ်ပိဿာ ၂၅ ကျပ်ပိုပြီး ကျပ် ၉၅၀ (တစ်တန် ၅၈၁၇၇၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲကို ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၇၄၀ မှ ယခုတစ်ပတ်မှာ ကျပ် ၇၉၀ (တစ်တန် ၄၈၃၇၈၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲပုပ်တစ်ပိဿာကို ကျပ် ၉၉၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၀၅၅ ကျပ်(တစ်တန် ၆၄၆၈၇၁ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲကို စွန်တာပြာ တစ်ပိဿာကို ကျပ် ၇၅၀ (တစ်တန် ၄၅၉၂၉၃ ကျပ်) နဲ့ ဈေးကွက်ဝင်လာတယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ကုလားပဲဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ကုလားပဲဈေးတက်ခဲ့ပါတယ်။ ကုလားပဲတစ်ပိဿာကို ယခင်တစ်ပတ်က ကျပ် ၂၂၄၀ မှ ယခုတစ်ပတ်မှာ ၂၃၄၅ ကျပ်(တစ်တန် ၁၄၃၆၀၅၅ ကျပ်) အထိ တက်ဈေးပေးပြီး ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်ထက်တစ်ပိဿာကို ကျပ် ၆၀ လျှော့ပြီး ကျပ် ၁၂၁၀ (တစ်တန် ၇၄၀၉၉၂ ကျပ်)နဲ့ မန္တလေးကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ ပဲနောက်က ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၂၄၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၀၅၅ ကျပ်(တစ်တန် ၆၄၆၀၇၁ ကျပ်)အထိ ဈေးကျခဲ့ပြီး ဒေသတွင်းသုံးစွဲရန် အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နှမ်းဖြူဈေးကွက်မှာ ယခင်တစ်ပတ်ထက်တစ်ပိဿာကို ကျပ် ၂၀ ပိုပြီး ၂၁၃၅ ကျပ်(တစ်တန် ၁၃၀၇၄၅၃ ကျပ်)နဲ့ နှမ်းလှော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ နှမ်းဖြူဈေးကွက်မှာ လက်ကျန်ပစ္စည်းနည်းတာကြောင့် ဈေးတက်လာပြီး ရောင်းချသူများက ဈေးထပ်တက်ပြီးရောင်းချရန် ဈေးစောင့်နေတယ်လို့ ဒေသခံကုန်သည်များက ပြောပါတယ်။ နှမ်းနက်ဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာ ၁၀ ကျပ်ဈေးကျပြီး ကျပ် ၂၇၁၀ (တစ်တန် ၁၆၅၉၅၇၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုက ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၂၅ ကျပ် လျှော့ကာ ၁၄၄၅ ကျပ် (တစ်တန် ၈၈၄၉၀၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုဈေးကွက်အတွင်း မြေပဲဆန်အနီအသစ်တစ်ပိဿာကျပ် ၂၄၀၀ (တစ်တန် ၈၈၄၉၀၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုဈေးကွက်အတွင်း မြေပဲဆန်အနီအသစ်တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)နဲ့ ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ အရောင်းအဝယ်အေးပြီး မတ်ပဲနဲ့ပဲတီစိမ်းတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကို ၂၁၃၃ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်)အထိဈေးကျခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ မူဆယ်ကုန်သည်များလာရောက် ဝယ်ယူမှုမရှိသည့်အတွက် ပဲတီစိမ်းတစ်ပိဿာကို ၁၅၄၇ ကျပ်မှ ၁၄၉၃ ကျပ် (တစ်တန် ၉၁၄၂၉၈ ကျပ်)အထိဈေးကျပြီး အရောင်းအဝယ်အေးနေပါတယ်။ ပဲစင်းငုံနီကတော့ ပဲလက်ကျန်နည်းပြီး ဈေးမဖွင့်ဘဲ ကြိုက်ရောင်းကြိုက်ဝယ်နဲ့သာ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း နှမ်းနက်စမုံတစ်ပိဿာကို၃၄၄၄ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)နဲ့ နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ကုလားပဲဖြူ(လုံးကြီး) ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲလက်ကျန်နည်းလာတဲ့ ကုလားပဲဖြူ(လုံးကြီး) ကတစ်ပိဿာကို ယခင်တစ်ပတ်ထက် ၂၇ကျပ် ပိုအေးပြီး ၂၄၇၄ ကျပ်(တစ်တန် ၁၅၁၅၀၅၃ ကျပ်)နဲ့ မြို့ခံ ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းအကြီးထိပ်စက ဈေးကွက်ဝယ်လိုအားနည်းပြီး ရန်ကုန်တင်ပို့တဲ့ကုန်သည်များက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၃၁၆ ကျပ်(တစ်တန် ၈၀၅၉၀၅ ကျပ်) နဲ့ ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ပဲစင်းငုံနီဈေးကွက်မှာ ပဲလက်ကျန်နည်းပြီး ရောင်းအားနည်းခဲ့သလို ရန်ကုန်ဝယ်လက်များကလည်း ဈေးလျှော့ပေးခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၆၀ ဈေးချပြီး ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲကို ထောပတ်ပဲတစ်ပိဿာ ၇၈၉ ကျပ် (တစ်တန် ၄၈၃၁၇၆ ကျပ်) နဲ့ဝင်လာပြီး ဒေသတွင်းကုန်သည်များက တစ်ဆင့်ပြန်ရောင်းရန်အတွက် ဝယ်ယူသွားတယ်လို့ သိရပါတယ်။

## (၁၂)ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေး ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



မူဆယ်မြို့တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် မူဆယ်-ကျယ်ဂေါင်နယ်စပ်ကုန်စည်ပြပွဲတွင် ထည့်သွင်းပြုလုပ်မည့် (၁၂)ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေး (Joint Border Trade Cooperating and Coordinating Committee- JBTCC) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတို့ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ရာ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က JBTCC အစည်းအဝေးနဲ့ မူဆယ်ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ပြုလုပ်ရန်စီစဉ်ထားရှိပါကြောင်း၊ အဆိုပါ JBTCC အစည်းအဝေးတွင် ယခင်နှစ်ကဆောင်ရွက်ခဲ့သည်များကို ပြန်လည်မေးမြန်းမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာန များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားဖို့ လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲနှင့်ပတ်သက်၍ လုံခြုံရေးရရှိလာမှုအပေါ် မူတည်ပြီး ဆောင်ရွက်ရန်ဖြစ် မဖြစ်ကို ဒီဇင်ဘာလ ပထမပတ်တွင် နောက်ဆုံးအစည်းအဝေး ကျင်းပပြီးပါက ပုံမှန်ရက်သတ်မှတ်ထားသည့်အတိုင်း လုပ်ဖြစ်မည်ဆိုပါက ကြိုတင် အကြောင်းကြားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနအသီးသီးနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက တင်ပြထားသည့် အချက်အလက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မယ်သီတာ**




## မြန်မာ့အကောင်းဆုံး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲ ပြသ

မြန်မာ့အကောင်းဆုံး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲ (MyanFood 2016 & MyanHotel 2016) ကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ မိုင်ဒါကွင်းတွင် နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါကုန်စည်ပြပွဲတွင် အစားအသောက်နှင့် အဖျော်ယမကာများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ နောက်ဆုံးပေါ် ဟိုတယ်များနှင့် စားသောက်ဆိုင်များ၊ မီးဖိုချောင်တွင် အသုံးပြုသည့်ပစ္စည်းများကို ပြသခဲ့ကြောင်း သိရသည်။

ယင်းပြပွဲသို့ အီတလီ၊အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ထိုင်း၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူနိုင်ငံတို့မှ အဖွဲ့အစည်းများနှင့်အတူ ကုမ္ပဏီပေါင်း ၃၀၀ ကျော်တို့ ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## စီတီးမတ်၏ ပဉ္စမမြောက် Marketplace ဆိုင်ခွဲအဖြစ် Sule Square Centre တွင် ဖွင့်လှစ်သွားမည်

စီတီးမတ်စူပါမားကက်၏ ပဉ္စမမြောက် marketplace ဆိုင်ခွဲကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Sule Square Centre တွင် နိုဝင်ဘာ ၃၀ ရက်မှစတင်ကာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီတီးမတ်စူပါမားကက်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စီတီးမတ်စူပါမားကက်က ဖွင့်လှစ်သည့် marketplace ဆိုင်များသည် Flagship store စံပြဆိုင်ခွဲများအဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပစ္စည်းအမျိုးအစားစုံလင်ခြင်း၊ သန့်ရှင်းလတ်ဆတ်ခြင်း၊ အရည်အသွေး ကောင်းမွန်ခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း စသည့်အချက်များဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသည့်ဆိုင်များဖြစ်သည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ကျန်းမာရေးနှင့်အထူးကိုက်ညီသောပစ္စည်းများကိုသာ သီးသန့်ရောင်းချသည့် Health Food and Organic Counter၊ သန့်ရှင်းလတ်ဆတ်သော ၁၀၀ ရာခိုင်နှုန်း သဘာဝသစ်သီးဖျော်ရည်များရရှိနိုင်မည့် Fresh Fruit Juice Counter၊ International Salad Bar၊ Cheese and Cold Cut Counter၊ Soup Counter၊ Sandwich Counter၊ အသင့်စားနိုင်သော ဆူရှီနှင့်ဖက်ထုပ်ပေါင်း၊ အသားပေါင်းမျိုးစုံ၊ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ကြက်ကင်၊ ဘဲကင်တို့ရရှိနိုင်သော ကောင်တာ၊ သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးစုံရရှိနိုင်သော ကောင်တာတို့ ပါရှိမည်ဖြစ်ပြီး ဈေးဝယ်သူမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးဝယ်ယူနိုင်ရန်အတွက် ငွေရှင်းကောင်တာခုနစ်ခုလည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဈေးဝယ်သူ မိဘပြည်သူများအတွက် Season Bistro, Café Amazon, Chatime အစရှိသော ကော်ဖီဆိုင်များ၊ Pezzo Pizza, Chicken Rice ဆိုင်များ၊ Sojitz Restaurants, City Care နှင့် City Exchange အစရှိသောဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆိုင်သစ်ဖွင့်ပွဲ အထူးအစီအစဉ်အနေဖြင့် ဆိုင်စတင်ဖွင့်လှစ်သည့် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အတွင်း marketplace (ဆူးလေဆိုင်ခွဲ)နှင့် marketplce တွင် ဖွင့်လှစ်မည့်ဆိုင်များတွင် တစ်နေ့လျှင် ငွေကျပ်ခြောက်သောင်းဖိုး ဝယ်ယူတိုင်း ဗလာမပါကံစမ်းမဲကို ကံစမ်းခွင့်ရရှိမည်ဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၂၆ ရက် မှ ၂၇ ရက် နှစ်ရက်အတွင်း ပြေစာတစ်ခုတည်းဖြင့် ငွေကျပ် ၁၅၀၀၀ ဖိုးဝယ်ယူပါက Reusable အိတ်တစ်လုံးကိုလက်ဆောင်အဖြစ် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## တိုက်ဂါးဘီယာက Uncage Your Roar လှုပ်ရှားမှုကို မြန်မာနိုင်ငံတွင် စတင်



မြန်မာနိုင်ငံ၏ ဘီယာဈေးကွက်တွင် နေရာတစ်နေရာ ရယူထားသော တိုက်ဂါးဘီယာသည် ၎င်း၏လှုပ်ရှားမှုတစ်ခုဖြစ်သည့် Uncage Your Roar Campaign ကို မြန်မာနိုင်ငံတွင် စတင်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်က Novotel Yangon Max ဟိုတယ်တွင် ပြုလုပ်ခဲ့သည့်ပွဲ၌ ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာအမျိုးသားများအား မိမိတို့၏ စွမ်းရည်များကို ရှာဖွေကြရန်နှင့် မိမိတို့၏အလွန်ဖြစ်ချင်သည့် ဆန္ဒနှင့် အိပ်မက်များနောက်သို့ သတိရှိရှိလိုက်ပါဆောင်ရွက်ရေးအတွက် လှုံ့ဆော်အားပေးရန် ရည်ရွယ်၍ အဆိုပါကမ်ပိန်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဒီကမ်ပိန်းအသစ်နဲ့ ပတ်သက်ပြီး အင်မတန် စိတ်လှုပ်ရှားနေရပါတယ်။ မြန်မာနိုင်ငံဟာ အခုလက်ရှိမှာ အခွင့်အရေးတွေနဲ့ပြည့်နှက်နေပြီး ကျွန်မတို့အနေနဲ့လည်း ကျွန်မတို့ရဲ့ စားသုံးသူပရိသတ်ကို ဒီအခွင့်အလမ်းတွေ အရအမိဆုပ်ကိုင်ပြီး သူတို့ရဲ့ တကယ့်ဖြစ်နိုင်ခြေ စွမ်းရည်ကို ဖော်ထုတ်စေချင်ပါတယ်။ ကျွန်မတို့ရဲ့ ဒီကမ်ပိန်းမှာ ကိုယ်ရဲ့ပြင်းပြတဲ့စိတ်ဆန္ဒနောက်ကိုလိုက်ခဲ့တဲ့ တိုက်ဂါးရဲ့ စိတ်ဓာတ်ကို ပုံဖော်ပြနေသူတွေဖြစ်တဲ့ မြန်မာနိုင်ငံက တကယ့်ပါရမီရှင် အနုပညာရှင်သုံးဦးနဲ့အတူလက်တွဲ အလုပ်လုပ်နေပါတယ်"ဟု တိုက်ဂါးဘီယာကို ထုတ်လုပ်ရောင်းချလျက်ရှိသည့် APB-ABC ၏ မားကက်တင်းဒါရိုက်တာ လီဒီချတ်တာက ပြောကြားခဲ့သည်။

တိုက်ဂါးဘီယာသည် အဆိုပါကမ်ပိန်းအတွက် မြန်မာအနုပညာရှင်သုံးဦးဖြစ်သည့် Graffti Artist တစ်ဦးဖြစ်သူ အာကာကျော်၊ Street Dance အကပညာရှင် ဂျင်မီကိုကိုနှင့် အိမ်မက်ဆုံရာရာသက်ပန်၏ ချန်ပီယံအောင်ထက်တို့နှင့်အတူ ပူးပေါင်းကာလှုပ်ရှားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ဂါးဘီယာက ဆောင်ရွက်လျက်ရှိသည့် အဆိုပါ Uncage Your Roar ကမ်ပိန်းအတွက် Roar သီချင်းကို အဆိုတော်အောင်ထက်က ရေးစပ်ကာ သီဆိုပေးထားခြင်းဖြစ်ပြီး ယင်း Roar သီချင်းကို တိုက်ဂါးဘီယာ၏လူမှုကွန်ရက်စာမျက်နှာတွင် အခမဲ့ ဒေါင်းလုပ်ရယူနိုင်ကြောင်း တိုက်ဂါးဘီယာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

Vol: 16, No.45 Monday November 28 2016

# သီတင်းတစ်ပတ်ရဲ့ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆၅ သန်းကျော်ရှိ

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၅၄၇ သန်း၊ သွင်းကုန်တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၁၅၁ ဒသမ ၇၈၇ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၈ ဒသမ ၃၃၄ သန်းရှိခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၂၄ သန်းဖြစ်ပြီး ထိုသို့ လိုငွေပြရခြင်းမှာ ချုပ်ပြီးအထည်နဲ့ သဘာဝဓာတ်ငွေ့ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၄၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၄၁၁ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၅၇၁ သန်းဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၇၀၇ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၃၇၆ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၃၁ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးရဲ့ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၂၄ သန်းဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၇၁၅၀ ဒသမ ၀၈၈ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၉၂၅၉ ဒသမ ၀၃၅ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၁၆၄၀၉ ဒသမ ၁၂၃ သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှု လိုငွေကတော့ အမေရိကန်ဒေါ်လာ ၂၁၀၈ ဒသမ ၉၄၇ သန်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## Re-Export သကြား တရုတ်သို့ တင်ပို့မှု လျော့နည်း၊ ထိုင်းမှ ပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၄၁ သန်းတန်ဖိုးရှိ Re-Export သကြား ၂၁၈၉၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၇၀၂၈ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ၁၅၁၃၆ တန် တင်ပို့မှု လျော့နည်းခဲ့ပါတယ်။ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်မှ ယခုတစ်ပတ်မှာ သကြား အပို့မရှိခဲ့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၉၈၈၉၀၀ တန်ဖိုးရှိ သကြား ၁၇၉၈ တန်တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်း ခဲ့တဲ့ ၆၅၅ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင်မြဝတီမှ သကြား ၁၁၄၃ တန်ပိုမို တင်သွင်းခဲ့ကြောင်း သိရပါတယ်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် သကြားတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ထိုင်းသကြားရာသီမှာ ပုံမှန်အားဖြင့် နိုဝင်ဘာမှ ဧပြီအထိဖြစ်တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါး၊ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက် တန် ၇၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ နိုဝင်ဘာ ၁၂ မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၉ သန်းတန်ဖိုးရှိရေချိုငါးမြစ်ချင်း၇၃ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ငါးနီတူခြောက် (ခေါင်းပါ) ခုနစ်တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိငါးစုံလေးခြောက် ငါးတန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေချိုငါးမြစ်ချင်းသာတင်ပို့နိုင်ခဲ့ပြီး ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်တို့ကို ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း၊ ငါးနီတူခြောက်နဲ့ ငါးစုံလေး ခြောက်တို့အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ သစ်ခေါက်(အုံတုံခေါက်)၊ ပိတ်စတို့ကို ၂၅၁ တန်ခန့် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



## ထိုင်းနယ်စပ်မှ ရေထွက်ကုန် တန်ချိန် ၁၄၀၀ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၂၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန် ၅၀၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၃၆၀၀ ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၄၀၀ ကျော်ပိုမို တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တင်ပို့မှုအခြေအနေကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန် ၁၀၀ နီးပါး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို တန်ချိန် ၂၃၀၀ ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၇ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း တို့ကို တန်ချိန် ၂၆၀၀ ကျော် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များမှ ဆိုင်ကယ်တင်သွင်းမှုလျော့ကျ

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်ထိ သီတင်းပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များမှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၃၃၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၅၃၂ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၁၇၉ စီး တင်သွင်းခဲ့တဲ့အတွက် စီးရေ ၄၆၀၀ ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းမှုအခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိ ကန်ဒေါ်လာ ၂ ဒသမ ၈၀၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၄၉၇ စီး၊ မြဝတီကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၄၃ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၂ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ရိဒ်နယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၂ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၀၆ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၆၀၀ နီးပါးကို တင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က တန် ၃၆၀ ကျော်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၂၀ ကျော် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ အိန္ဒိယငွေကြေးပြဿနာကြောင့် တမူးနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ရပ်ဆိုင်းတာ နှစ်ပတ်နီးပါးဖြစ်ပြီး ကျန်ပို့ကုန်ပစ္စည်းအချို့လည်း တင်ပို့မှုမရှိတာ တွေ့ရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၀၇၈ သန်း တန်ဖိုးရှိ မုန့်မျိုးစုံ တန် ၈၀ ကျော်ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## နယ်စပ်စခန်းများမှ သစ်သီးဝလံမျိုးစုံ တင်ပို့/တင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၂ သန်းတန်ဖိုးရှိ ဖရဲသီး ၁၃၈၀၁ တန်ခွဲ၊ သခွားမွှေး ၈၇၇ တန်ခွဲ၊ နာနတ်သီး တန် ၇၀ နဲ့ အုန်းသီး ၄ တန်တို့ကို တင်ပို့နိုင်ခဲ့သလို အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၄ သန်း တန်ဖိုးရှိတဲ့ ပန်းသီး၊ ပန်းသစ်တော်၊ လိမ္မော်သီးနဲ့ စပျစ်သီး တန်ချိန် ၄၀၀၀ ကို တင်သွင်းခဲ့သလို ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၈၉၇၇ တန်ဖိုးရှိ ပန်းသီးတန်၂၀ တို့ကို တင်သွင်းနိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၃၂၀၃ တန်ဖိုးရှိ ပန်းသီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ သရက်သီး၊ နန်းမြားသီး၊ လိမ္မော်သီး၊ ပန်းသစ်တော်သီး၊ ဆီးချိုသီး၊ နာနတ်သီးနဲ့ မန်းကျည်းချိုသီး တန် ၁၈၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ထိုင်းနိုင်ငံသို့ ကြက်သွန်နီ ပိုမိုတင်ပို့ တရုတ်နိုင်ငံသို့ လျော့နည်းတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၂၆၀၃ တန်ဖိုးရှိ ကြက်သွန်နီ ၅၂၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မြဝတီမှ ၂၇၉ တန်နဲ့ တာချီလိတ်မှ ၂၄၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ၁၄၃ တန်နဲ့ တာချီလိတ်မှ တန် ၁၁၀ တင်ပို့နိုင်ခဲ့တဲ့အတွက် စုစုပေါင်း ၅၅၃ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ထိုင်းနယ်စပ်သို့ ကြက်သွန်နီ ၂၆၈ တန် ပိုမို တင်ပို့ခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၄၉၅၆ တန်ဖိုးရှိ ကြက်သွန်နီ ၁၇ တန်ခန့်သာတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၃၃ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်သို့ ကြက်သွန်နီ တန် ၁၀၀ ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မိတ္ထီလာ၊ မလှိုင်၊ သာစည်နဲ့ ဝမ်းတွင်းမြို့များရှိ ကြက်သွန်နီစိုက်တောင်သူ များသည် နှစ်စဉ် နိုဝင်ဘာမှ ဒီဇင်ဘာတွင် ရေသွင်းစိုက်ပျိုးပြီး မတ်လမှ ဧပြီလဆန်းတွင် ကြက်သွန်အသစ်များပေါ်ကြောင်း၊ မိတ္ထီလာခရိုင်ဈေးကွက်အတွင်းသို့ မြင်းခြံနဲ့ ရမည်းသင်းဘက်မှ ဒေသထွက် ကြက်သွန်နီတွေပါ ဝင်ရောက်လေ့ရှိကြောင်း ကြက်သွန်နီဈေးကွက်အတွင်းမှ သိရပါတယ်။

**မော်မော်အောင်**

# မြောင်မြို့၊ မြို့မစည်ပင်ဈေးအတွင်း ဈေးဆိုင်များအား စားသုံးရန်၊ သုံးစွဲရန် မသင့်သည့်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး

မြောင်မြို့၊ မြို့မစည်ပင် ဈေးအတွင်းရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ စားသုံးရန်၊ သုံးစွဲရန် မသင့်တဲ့ အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခြင်းနဲ့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းကို နိုဝင်ဘာ ၁၈ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ မြင်းမူတာဝန်ခံ ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ မြောင်တာဝန်ခံဒေါ်ခင်ချိုမြင့်၊ ချောင်းဦးတာဝန်ခံ ဦးအောင်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး ဦးသောင်းငွေ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးကျော်မြင့်ထွန်း၊ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ အာကာဂျိမ်း၊ ပညာရေးမှ ဦးအေးကို၊ စည်ပင်သာယာရေးအဖွဲ့မှ ဦးတင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့ ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခဲ့ပြီး Sugar ကြယ်ပွင့်မုန့်၊ Dawn နို့ဆီ၊ OK နို့ဆီ၊ ရွှေနန်းတော် ရေစကြို လက်ဖက်၊ Ready ငါးသေတ္တာ ပစ္စည်း ငါးမျိုးမှာ စားသုံးရန် မသင့်၊ ရက်လွန် သံချေးတက်၊ မှိုတက်နေသောကြောင့် စံနမူနာအဖြစ် သိမ်းယူခဲ့ကြောင်း သိရှိရပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ အာကာဂျိမ်းက အစားအသောက်၊ ဆေးဝါး၊ အလှကုန်နဲ့ပတ်သက်တဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ထုပ်ပိုး



တဲ့ပစ္စည်း အရည်အသွေး၊ ဝယ်ယူတဲ့အခါမှာ မှတ်ပုံတင်ဆိုင်အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် စသည်ဖြင့် ဝယ်ယူရမှာဖြစ်ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူ အကာအကွယ်ပေးရေးနဲ့ စားသုံးရန် မသင့်တဲ့ ထုတ်ကုန်များ အကြောင်း အားလည်းကောင်း၊ မြောင်မြို့နယ် တာဝန်ခံ ဒေါ်ခင်ချိုမြင့်က အန္တရာယ်ရှိတဲ့ ဆိုးဆေးများအကြောင်းအားလည်း ကောင်း၊ ချောင်းဦးမြို့နယ် တာဝန်ခံ ဦးအောင်လင်းက ကြာရှည်ခံဆေးများ၊ ယင်မနားဆေးများ အသုံးပြုခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်ချိုမြင့် (မြောင်)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနဲ့ တာဝန်ရှိသူများ အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကွင်းဆင်းလေ့လာစစ်ဆေး



ရှမ်းပြည်နယ်အတွင်း အခြေခံစားသောက်ကုန် ဈေးနှုန်း တည်ငြိမ်ရေးနဲ့ ဈေးကွက်အတွင်း စားသုံးရန် မသင့်သော စားသောက်ကုန်များ ရောင်းဝယ်မှု လျော့နည်းပပျောက်စေရေး အတွက် ရှမ်းပြည်နယ်အစိုးရ၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးစိုးညွန့်လွင်နဲ့ တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မဈေးအတွင်း ကွင်းဆင်းပြီး အခြေခံစားသောက်ကုန် ဈေးနှုန်းများကို လေ့လာခြင်းနဲ့ စားသုံးရန် မသင့်သော ကုန်ပစ္စည်းများ ရောင်းချမှု မရှိစေရေး စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

ဤကဲ့သို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၂၀၀၀၊ ဖျာပုံပေါ် ဆန်း တစ်ပြည် ကျပ် ၁၆၅၀၊ မနောသုခ တစ်ပြည် ကျပ် ၁၁၅၀၊ ဧည့်မထ တစ်ပြည် ကျပ် ၉၀၀ ၊ မြေပဲဆီရှယ် တစ်ပိဿာ ကျပ် ၄၀၀၀၊ မြေပဲဆီရိုးရိုး တစ်ပိဿာ ကျပ် ၂၆၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၂၀၀၀၊ နေကြာဆီ တစ်ပိဿာ ကျပ်၄၀၀၀၊ ကုလားပဲ တစ်ပိဿာ ကျပ်၃၂၀၀ (ကောင်း)နှင့် ကျပ်၁၂၀၀ (ညံ့)၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၄၀၀၊ အာလူး တစ်ပိဿာ ကျပ် ၈၅၀၊ ဝက်သား တစ်ပိဿာ (အရိုးအသား) ကျပ် ၇၀၀၀၊ အမဲသား တစ်ပိဿာ (အရိုးအသား) ကျပ် ၈၀၀၀ ဈေးအသီးသီးရှိကြောင်း သိရှိရပါတယ်။

စားသောက်ကုန် ဈေးနှုန်းများကို ယခင်လများက ရောင်းချနေခဲ့တဲ့ ဈေးနှုန်းများနဲ့ နှိုင်းယှဉ်ကြည့်ပါက အများအားဖြင့် ပုံမှန်ဈေးနှုန်းအောက် ကျဆင်းနေတာ တွေ့ရပြီး၊ ကြက်သွန်နီမှာမူ တစ်ပိဿာ ယခင်က ကျပ် ၇၅၀ မှ ယခု ကျပ် ၁၄၀၀ ဖြစ်ပေါ်နေကြောင်း၊ ဤသို့ ဈေးမြင့်ရခြင်းမှာ အသစ်မပေါ်သေးဘဲ အဟောင်းလက်ကျန် နည်းပါးသွားသောကြောင့်ဖြစ်ကြောင်း သိရှိရပါတယ်။

တောင်ကြီး မြို့မဈေးတွင် စားသုံးရန် မသင့်တဲ့ စားသောက်ကုန်များ၊ သက်တမ်းလွန် ဆေးဝါးများ၊ သုံးစွဲရန် မသင့်ဟု တားမြစ်ထားတဲ့ အလှကုန်များ ရောင်းချနေမှု ရှိ/ မရှိကို စစ်ဆေးခဲ့ပြီး အရည်အသွေး ထောက်ခံချက်၊ လုပ်ငန်းမှတ်ပုံတင်၊ တင်သွင်းခွင့် စာရွက်စာတမ်း မရှိသော စားသုံးဆီအချို့ကို အထောက်အထားပြည့်စုံမှ ရောင်းချရန်နဲ့ လောလောဆယ် ရောင်းချခြင်းမပြုရန် ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**စောမောင် (တောင်ကြီး)**

## ကုန်သွယ်မှုအခြေခံသင်တန်း (မန္တလေး) အမှတ်စဉ် (၂)မှ သင်တန်းသား၊ သင်တန်းသူများ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာ

ကုန်သွယ်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ စီစဉ်မှုဖြင့် မန္တလေးမြို့တွင် ဖွင့်လှစ်လျက်ရှိသော ကုန်သွယ်မှု အခြေခံသင်တန်း (မန္တလေး) အမှတ်စဉ်(၂)မှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)သို့ နိုဝင်ဘာ ၁၈ ရက်က သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

သင်တန်းသား၊ သင်တန်းသူများသည် သီလဝါအထူး စီးပွားရေးဇုန်နှင့် MITT တို့အား လေ့လာပြီးနောက် အကောက်ခွန်ဦးစီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိသည့် အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System -MACCS) ကိုပါ ဝင်ရောက် လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါလေ့လာရေး ခရီးစဉ်သို့ သင်တန်းသား၊ သင်တန်းသူ ၃၀ဦးနှင့် ကြီးကြပ်သူများ လိုက်ပါလာခဲ့ရာ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးသီတာ (DOT-MDY)**

## စစ်ကိုင်းတိုင်းဒေသကြီး "ဖရဲသခွား စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ရေးကော်မတီ" ပထမအကြိမ် အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲသခွား စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရမှ ဖွဲ့စည်းထားသည့် 'ဖရဲသခွား စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ရေး ကော်မတီ' ပထမအကြိမ် အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် နိုဝင်ဘာ ၂၄ရက်က ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းအတွင်းရှိ ဖရဲသခွားစိုက် တောင်သူများ၊ ဘိုမြင့်သူကုမ္ပဏီမှ တာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဆွေးနွေးပွဲတွင် တိုင်းအဆင့် ဌာနအကြီးအကဲများက ဖရဲသခွား စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချခြင်းနှင့် ပတ်သက်၍ ဌာနအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို တင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းသစ်သီးဝလံအသင်း ဥက္ကဋ္ဌ ဦးစောမြင့်နှင့် ဖရဲသခွား တောင်သူများ၊ ဘိုမြင့်သူ ကုမ္ပဏီတာဝန်ခံတို့မှ ဖရဲသခွား စိုက်ပျိုးသည်မှ ရောင်းချသည်အထိ ကြုံတွေ့ရသော မျိုးစေ့၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေး၊ အားဆေးများ စစ်မှန် မှုရှိရေး၊ မြေငှားရမ်းရာတွင် တိကျသည့် စာချုပ်၊ စာတမ်းများ ချုပ်ဆိုရေး၊ နိုင်ငံခြားသား လုပ်သားများ ငှားရမ်းလုပ်ကိုင်ပါက လိုက်နာရမည့် အချက်များ၊ ရောင်းဝယ် ခွန်၊ အမြတ်ခွန်နှင့် မူဆယ်ဈေးကွက်တွင် ကုန်ကျသည့် အခွန်မျိုးစုံကို နားလည်သိရှိထမ်းဆောင်နိုင်ရေး၊ မြေယာဥပဒေများနှင့်အညီ စိုက်ပျိုးရေး၊ လိုအပ်သည့် အရင်းအနှီး ရရှိရန် အသင်းအဖွဲ့ ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ စစ်ကိုင်းတိုင်းမှ ဈေးကွက်ရှိရာ မူဆယ်အထိ သစ်သီးသယ်ယူရာတွင် တန်ပိုဂိတ်များနှင့် ညှိနှိုင်း၍ တရုတ်ဈေးကွက်တစ်ခုကိုသာ မှီခိုမနေဘဲ အခြားဈေးကွက်အထိ ချဲ့ထွင်နိုင်ရန်၊ စိုက်ပျိုးရေး နည်းပညာများ မြှင့်တင်ခြင်း၊ ဓာတုဓာတ်ကြွင်း ကင်းစင်သည့် အော်ဂဲနစ်အဆင့်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်း တင်ပြခဲ့ကြောင်း သိရပါသည်။

**ထွန်းလှိုင် (မုံရွာ)**


SEEDS ENERGY AGRO GROUP CO., LTD.
မှုပြန့်ချိသည့်အထွက်နှုန်းမြင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ
ဆီလိကွန်ဓာတုမြေဩဇာများနှင့် NPK မြေဩဇာများ


SNOW
SNOW COMPANY LTD.
နှင်းကုမ္ပဏီလီမိတက်
International Trading
&
Import From Japan
(Cosmetics and Car Spareparts)
No. (137), Ground Floor, (40)Street,
Kyauktada Township, Yangon, Myanmar.
Tel: 09-5030228, 09-5129917.
E-mail: snowmay01@gmail.com, snowthet9@gmail.com


MITZU TUN MYINT CO., LTD.
BOTE SONE MA CHILLI POWDER TRADING
ရှေတ်သီးမှုန့်မှာ အစဉ်သဖြင့် " ဘုတ်ဆုံမ " ကနံပါတ်တစ်
အမှာညီအမ
ဘုတ်ဆုံမ
ရွှေဘုတ်ဆုံ


SHWETE COMPANY LIMITED
Forget the rest Choose the Best Shampoo !!!
Improve
Beauté
Treatment Shampoo
PIONEER
Shampoo & Conditioner
Lucky
Shampoo + Conditioner
Corner of Kwanarttharminthar Street & Yawatwinwun
U Pohlaing Street, Industrial Zone (1), Dagon Seikkan,
Yangon, Myanmar.
Tel :+95-1- 592117, 592358, 705305
Hp : 09-5117571 , 09-73073777,
E-mail :shweteee@shwete.com.mm
Fax : +95-1- 592147, 254063
09-73073222 , 09-73073999
Website : http://www.shwete.com




PT POWER TRADING COMPANY LIMITED




ဆီအရည်အသွေးပြည့်ဝကောင်းမွန်ခြင်း

ဆီ-အချိန်အတွယ်ပြည့်ဝမှန်ကန်ခြင်း

ဆီဈေးနှုန်းမှန်ကန်ခြင်း

ဝန်ဆောင်မှုကောင်းမွန်ခြင်း

235-B, Shu Khin Thar Road, Tar Kay Ta Township, Yangon.
Phone : +95 1-450-759 ~ 62
Email : info@ptpowertrading.com
www.ptpowertrading.com

**PT Power Stations** - Bego , Kyaik Hote , Myawaddy , Mhaw Bi , Oat Ta Ra Ti Ri , Pearl , Shwepyi Thar , Tar Wut Ti , Tharkayta , Ya Mae Tin , South Dagon (Ayarwun) , South Dagon (Industrial Zone) , Pyay Station

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၈၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၇၁၀၂ တန်တင်ပို့ခဲ့ပါ တယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၄၁၀၅ တန်ကျော်၊ လွယ်ဂျယ်မှ ၂၇၄၈ တန်ကျော်၊ ချင်းရွှေဟော်မှ ၁၈၇ တန်ခွဲနဲ့ ကန်ပိုက်တီးမှ တန် ၆၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းလေးခုမှ ၃၇၇၇၉ တန်ကျော်အထိ တင်ပို့ခဲ့တာနဲ့နှိုင်းယှဉ်ရင် ယခုတစ်ပတ်တွင် ပြောင်းတန် ၆၀၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ကားစီးရေအနေနဲ့ ၁၁၅၇ စီးဝင်ရောက်ခဲ့ပါတယ်။

စီပီအစေ့ထုတ်ပြောင်းမျိုးကို အမြို့မြို့အနယ်နယ်၌ တွင်ကျယ်စွာ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စီပီအစေ့ထုတ်ပြောင်းကို အိမ်နီးချင်းနိုင်ငံတွေက ဝယ်လက်ရှိလို့ အချို့ဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ စီပီအစေ့ထုတ်ပြောင်းကို နည်းပညာများအသုံးပြုပြီး ဘီယာချက်ရာတွင်လည်းကောင်း၊ ကြွေကာကဲ့သို့ ဖြည့်စွက်စာအဖြစ် လည်းကောင်း၊ တိရစ္ဆာန် အစာအဖြစ်လည်းကောင်း အသုံးပြုကြတယ်လို့ သိရှိရပါတယ်။

**မော်မော်အောင်**

## လက်ဖက်ခြောက်

### တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၀ ရက်က အမေရိကန်ဒေါ်လာ ၄၄၈၂တန်ဖိုးရှိ လက်ဖက်ခြောက်၁၃တန်ခွဲ တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလဆန်းပိုင်းက တာချီလိတ်မှ လက်ဖက်ခြောက် ၁၅ တန် တင်ပို့ခဲ့ပြီး မူဆယ်ဒေသမှမူ ယခုတစ်ပတ်မှာမှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။

Green Tea လက်ဖက်ခြောက်စက်ရုံမှ တစ်လလျှင် လက်ဖက်ခြောက် ပိဿာချိန် ၂၅၀ ခန့် ထုတ်လုပ်သွားပြီး လက်ရှိပြည်တွင်းဈေးကွက်မှာ လက်ဖက်ခြောက် တစ်ပိဿာကို ကျပ် ၃၀၀၀ မှ ၆၀၀၀ အထိ ဈေးပေါက်နေကြောင်း၊ လက်ရှိတွင် လက်ဖက်ကို ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာတွေမှာ စိုက်ပျိုးပြီး လက်ဖက်အဓိကစိုက်ပျိုးတဲ့ ကျေးရွာတွေမှာ လက်ဖက်စက်ရုံများ တည်ထောင်မည်ဖြစ်ကြောင်း လက်ဖက်လုပ်ငန်းတစ်ခုမှ ပြောကြားချက်အရ သိရပါတယ်။ **မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၂၈၀၁၅၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၉၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၃၀၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၆၀၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ခင်းများကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ငှက်ပျောစိုက်ခင်းများတွင် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တွေ လာရောက်လုပ်ကိုင်ကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

## မြန်မာ့ပျားရည် ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့

မြန်မာ့ပျားရည်ကို ပြည်တွင်းစားသုံးမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရကြောင်း၊ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၈၈- ၁၉၈၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့တင်ပို့ခဲ့ရကြောင်း သိရပါတယ်။ ၂၀၁၃ ခုနှစ်မတိုင်မီအထိ မြန်မာ့ပျားရည်ကို ဂျပန်၊ ထိုင်းနဲ့ တရုတ်နိုင်ငံတို့သို့ အဓိက တင်ပို့ခဲ့ရာမှ စီးပွားရေးအခွင့်အလမ်း ပွင့်လင်းလာခဲ့ကြောင်း အမေရိကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံတွေကိုပါ တင်ပို့ခဲ့ရပြီး နှစ်အလိုက် ပျားရည်တင်ပို့မှု တိုးတက်ခဲ့တယ်လို့ သိရပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက် သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၅၆၃၅၀ တန်ဖိုးရှိ ပျားရည်တန် ၈၀ ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ပျားရည်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရော်ဘာကဏ္ဍပြန်လည်ထူထောင်ရေးသို့ သက်ဆိုင်သူများ ပေါင်းစုံပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD) တို့ ပူးပေါင်းကျင်းပသည့် ရော်ဘာကဏ္ဍ ပြန်လည်ထူထောင်ရေးသို့ သက်ဆိုင်သူများပေါင်းစုံပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှုဗိုလ်နှင့် မလေးရှားနိုင်ငံမှ ဒေါက်တာလယ်ရီဝန်၊ ထိုင်းနိုင်ငံမှ ဒေါက်တာဗီရိုနာရောင်တို့ ပါဝင်သည့် ပညာရှင်များက ရော်ဘာကဏ္ဍ ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံ တကာ အတွေ့အကြုံများကို နှီးနှောဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ ရော်ဘာဥပဒေမူကြမ်းနှင့် ပတ်သက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရော်ဘာကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ ဥပဒေပညာရှင်များဖြင့် ရော်ဘာဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်၍ သက်ဆိုင်သည့် အသင်းအဖွဲ့နှင့် ပြည်တွင်းရော်ဘာစိုက်ပျိုးသည့်ဒေသ ခုနစ်ခုကို ချပြအကြံပြု ဖြည့်စွက် ဆွေးနွေးချက်များရယူရန်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုတိယအကြိမ် ဆွေးနွေး ဖြည့်စွက်ပြီးပါက ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန်ရှိကြောင်း၊ ဥပဒေထွက်ရှိပြီးမှသာ ရော်ဘာဘုတ်အဖွဲ့ဖွဲ့၍ ရန်ပုံငွေစနစ် ဖြစ်ပေါ်နိုင်မည်ဖြစ်ကာ ရော်ဘာကဏ္ဍ တိုးတက်ရေးအတွက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ရော်ဘာကဏ္ဍ ပြန်လည် ထူထောင်ရေးဆိုင်ရာ နည်းလမ်းများအား အဖွဲ့လိုက်တင်ပြခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကွင်းဆင်းသုတေသန စာတမ်းများမှ ကနဦးတွေ့ရှိချက်များ အရ ကွင်းဆက်လမ်းကြောင်းကို တင်ပြခြင်း၊ အဖွဲ့လိုက်တင်ပြသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နည်းလမ်းများအရ ဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်များကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တင်ပြခြင်း၊ သက်ဆိုင်သူများဘက်မှ အဆိုပါ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန် နည်းလမ်းတင်ပြခြင်း၊ ရော်ဘာကဏ္ဍ ပြန်လည်ထူထောင်ရေးဆိုင်ရာ ရေရှည်လုပ်ငန်းစဉ် မူကြမ်းနှင့် အနာဂတ် အစီအစဉ်များ တင်ပြခြင်းစသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ ရော်ဘာကဏ္ဍစိတ်ပါဝင်စားသူများ၊ ရော်ဘာထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ရော်ဘာခြံပိုင်ရှင်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက ရော်ဘာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာတင်ပို့မှုလျော့ကျ

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၉ သန်းဖိုးရှိ ရော်ဘာ ၉၁ တန်ကျော်တင်ပို့ခဲ့ရာ ချင်းရွှေဟော်စခန်းမှ RSS3 ၆၇ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာ စေး ၂၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော် စခန်းမှ RSS 3 ၁၀၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅ တန် လျော့နည်းခဲ့ပါတယ်။ တာချီလိတ်စခန်းမှ ယခင် တစ်ပတ်က ရော်ဘာစေး တန် ၆၀ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၂၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မော်လမြိုင်ဒေသ ရဲ့ RSS 3 ပေါက်ဈေးမှာ တစ်တန်ကို ကျပ် ၁၇ ဒသမ ၆၈ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၅ ဒသမ ၄၈ သိန်းရှိပါတယ်

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၃ သန်းဖိုးရှိ ရော်ဘာ RSS 3 ၆၈ တန်ကို မလေးရှားနိုင်ငံတစ်နိုင်ငံတည်းကိုသာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၄၄၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၇၇ တန်လျော့နည်းခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ရော်ဘာတင်ပို့မှုမှာ အမေရိကန် ဒေါ် လာ ၇၄ ဒသမ ၉၂၆ သန်းဖိုးနဲ့ တန်ချိန် ၆၂၅၈ ရှိပြီဖြစ်ပါ တယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှု မရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ငါးခူကို တရုတ်နိုင်ငံက အများဆုံးတင်သွင်းလာဖွယ်ရာရှိ

ဗီယက်နမ်နိုင်ငံမှ ငါးခူ (Catfish) များကို ၂၀၁၇ ခုနှစ်အတွင်း တရုတ်နိုင်ငံက အများဆုံး တင်သွင်းလာနိုင်ဖွယ်ရာရှိပြီး ဗီယက်နမ်ငါးခူကို အများဆုံးတင်သွင်းနေသည့် အမေရိကန်နိုင်ငံ၏နေရာကို ဝင်ရောက်နေရာယူသွားနိုင်ကြောင်း ဗီယက်နမ်ပညာရှင်များက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ပထမ ၁၀လအတွင်း တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၅ ဒသန ၅ သန်းတန်ဖိုးရှိ ဗီယက်နမ် ငါးခူများတင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ငါးခူ ၇၆ ဒသမ ၁ ရာခိုင်နှုန်းကျော် တင်သွင်းခဲ့ကြောင်း၊ အဆိုပါ ပမာဏမှာ ဗီယက်နမ် ငါးခူတင်ပို့မှု စုစုပေါင်း၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ လက်ရှိတွင် ဗီယက်နမ်ငါးခူကို အများဆုံးတင်သွင်းလျက်ရှိသည့် အမေရိကန်နိုင်ငံသည် အဆိုပါ ငါးတင်သွင်းမှုအပေါ် တန်ပြန်စုပုံအကောက်ခွန်များ (Anti-dumping Tax) တိုးမြှင့် ကောက်ခံခြင်းနှင့် အရည်အသွေးစစ်ဆေးမှုတွင် နည်းပညာဆိုင်ရာအတားအဆီးများ ချမှတ်ထားခြင်း စသည့် အခက်အခဲများ ရင်ဆိုင်နေရကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အခက်အခဲများပိုများလာနိုင်ကြောင်း ပြည်တွင်းပညာရှင်များက သုံးသပ်ထားသည်။

၂၀၁၆ ခုနှစ် ပထမ ၁၀ လအတွင်းကလည်း အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၂၀ သန်းခန့် တန်ဖိုးရှိ ဗီယက်နမ်ငါးခူများကို တင်သွင်းခဲ့ပြီး၊ အဆိုပါ ပမာဏသည် ဗီယက်နမ်နိုင်ငံ ငါးခူတင်ပို့မှုစုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ငါးခူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံနီးပါး ပို့ကုန်ဝင်ငွေ ရှာဖွေနိုင်ခဲ့ပြီး ငါးခူတင်ပို့မှုမှာ နှစ်စဉ် ၆ ဒသမ ၄ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်။ ဗီယက်နမ်ငါးခူတင်ပို့သည့်အဓိကဈေးကွက်များမှာ အမေရိကန်၊ တရုတ်၊ အီးယူနှင့် အာဆီယံဒေသတွင်းနိုင်ငံအချို့တို့ဖြစ်ကြောင်း သိရှိရသည်။

**Source: Xinhua စန္ဒာထွန်း (TTI)**



# မြန်မာနိုင်ငံအတွက်ဖွံ့ဖြိုးရေးစိန်ခေါ်မှုများအပေါ်

## အိန္ဒိယနိုင်ငံမှ ဘောဂဗေဒပညာရှင်

# ပါမောက္ခ – စီပီချန်ဒရာဆီခါ၏အမြင်

ခင်မောင်ညို (ဘောဂဗေဒ)

၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်က မြန်မာနိုင်ငံမှ ဘောဂဗေဒပညာရှင်များနှင့် အိန္ဒိယနိုင်ငံမှ ဘောဂဗေဒပညာရှင်များ တွေ့ဆုံဆွေးနွေးကြရာတွင် အခြားအိန္ဒိယပညာရှင် (စီပီ-ချန်ဒရာဆီခါ)ကလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သော ဖွံ့ဖြိုးရေး စိန်ခေါ် မှုများကိုဂုင်း၏ အမြင်အတိုင်း ဆွေးနွေးခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် မြန်မာကဲ့သို့ သော နိုင်ငံတစ်နိုင်ငံ၊ တွေ့ကြုံ ရင်ဆိုင်စရာ၊ ရှောင်ရှားစရာများကို ချင့်ချိန်စဉ်းစားနိုင်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း စကားခံထားခဲ့သည်။ အမြင်တွေ ကွဲပြားနိုင်စရာရှိကြောင်းကိုလည်း ကြိုတင်ဝန်ခံထားခဲ့သည်။

သူက မြန်မာနိုင်ငံသည်အကြောင်းတရားသုံးခုကြောင့် ထူးခြားနက်နဲကြောင်း၊ ၎င်းတို့မှာ (၁) အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းခြင်း၊ (၂) ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဗဟိုမှချုပ်ကိုင်ခြင်း၊ (၃) အထီးကျန်နိုင်ငံဘဝကို ပြင်ပကလည်းပို့၊ ကိုယ်တိုင်ကလည်း ရွေးချယ်ကျင့်သုံးခဲ့ခြင်းတို့ ဖြစ်သည်။ ထိုအခြေအနေ သုံးခုကြောင့် အမြင်များအပေါ် ဩဇာသက်ရောက်ခြင်း၊ အချို့သော ရွေးချယ်စရာလမ်းကြောင်းများကို ငြင်းပယ်ခြင်းများ ဖြစ်စေခဲ့သည်။ ယခုဆွေးနွေးရာတွင် နောက်ကြောင်းပြန်မသွားဘဲ အနာဂတ်အတွက် အတွေးသစ်များဖော်ထုတ်ရန် ရည်ရွယ်ပါသည်။

ဖွံ့ဖြိုးရေးမဟာဗျူဟာ တစ်ခုသည် အထူးသတ်မှတ်ထားသော လုပ်ငန်းစီမံကိန်းများ၊ အချို့သော လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်သာမန်အသုံးစရိတ်အချို့ကို သေချာပေါက်ခွဲဝေပေးသော မဟာဗျူဟာတစ်ခုလည်း ဖြစ်ပါသည်။ အထူးသဖြင့် ထိုသို့သော ဦးစားပေးအစီအစဉ်ကို ဈေးကွက်တွင် ထင်ထင်ရှားရှား သိသိသာသာ မတွေ့ရပါ။ သို့သော်လည်း ဈေးကွက်တွင် အားနည်း ချက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကဲ့သို့သော၊ ဒုက္ခပေးသည့် နယ်ပယ်များလည်း ရှိပါသည်။ အများအားဖြင့် ဈေးကွက်၏ အားနည်းချက်နှင့် ပတ်သက်၍ အသုံးများသည့် ဥပမာတစ်ခုမှာ နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးအတွက် သိသိသာသာ အကျိုးထူးပြီး ပြင်ပ အကျိုးသက်ရောက်မှု ကြီးမားသည့် အခြေခံ အဆောက်အအုံ ကဲ့သို့သော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းမရှိသည့် ကိစ္စပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော အခါမျိုးတွင် မူဝါဒဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်ရေးအတွက် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း၊ ကြိုတင်စီမံကိန်းချထားသော စွက်ဖက်ခြင်းများ လိုအပ်မည်ဖြစ်ပါသည်။

ဤသို့သော မဟာဗျူဟာမျိုးတွင် မည်သို့ပင် ရေရေရာရာ မရှိစေကာမူ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများနှင့် အသုံးစရိတ်များ (အထူးသဖြင့် ပြည်သူပိုင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ) ရရှိရေးအတွက် လျာထားချက်တွေ၊ ရည်မှန်းချက်တွေ ထားရှိရပါမည်။ တစ်ဖက်တွင် ဦးစားပေးနယ်ပယ်များ၌ ရောင်းလိုအားတက်လာသောအခါ ထိုတက်လာသော ရောင်းလိုအားနှင့် လိုက်လျောညီထွေသော ဝယ်လိုအားလည်း တက်လာရပါမည်။ ရောင်းလိုအားတက်လာသော်လည်းဝယ်လိုအားတက်မလာခဲ့သော်၊ ထိုရင်းနှီးမြှုပ်နှံမှု သည် အလဟဿဖြစ်သွားပါမည်။ တစ်နည်းအားဖြင့် ရောင်းလိုအား သည် ပေါ် ထွက်လာမည့်သို့မဟုတ် ဖြစ်လာနိုင်သည့် ဝယ်လိုအားနှင့်ကိုက်ညီမှုရှိရပါမည်။ ပို့ကုန်ဦးဆောင်သော မဟာဗျူဟာမျိုးသည် ထိုကဲ့သို့သော ဗျူဟာဖြစ်ပါသည်။ ကမ္ဘာ့ဝယ်လိုအား အပြောင်းအလဲမှ ပေါ် ပေါက်လာသော အခွင့်အလမ်းများနှင့်ကိုက်ညီသောထုတ်လုပ်တင်ပို့မှုစွမ်းရည် မြင့်မားအောင်ဆောင်ရွက်ရပါမည်။

ဤနေရာတွင် ပို့ကုန်ဦးဆောင်သော မဟာဗျူဟာသည် လက်ရှိကာလနှင့် သင့်တော်ခြင်းမရှိပါ။ လောလောဆယ်တွင် ကမ္ဘာ့ ဝယ်လိုအားနှေးကွေးမှုကြောင့် ပို့ကုန်ကဦးဆောင်သော စီးပွားရေးတိုးတက်မှုကို ရရှိရန်ခက်ခဲပါသည်။ ၂၀၁၅ခုနှစ်သည် ကမ္ဘာ့ကုန်စည်ရောင်းဝယ်မှု နှစ်စဉ်တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းအောက် လေးနှစ်ဆက်တိုက်ပြနေသောနှစ်ဖြစ်ပါသည်။ ၂၀၁၅ တွင် ၂ဒသမ ၈ရာခိုင်နှုန်းသော တိုးတက်မှုနှုန်းသာ ရရှိခဲ့ကာ၊ ၂၀၁၆တွင်လည်း ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှုန်းသည် ၂ဒသမ ၈ရာခိုင်နှုန်း၌သာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းရပါသည်။ ထိုသို့ခန့်မှန်းချက်ထက် တက်ရန်မရှိ၊ ပို၍ကျရန်သာ အလားအလာရှိပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမည်ဟုတွက်ဆကြပြီး ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက် အတက်အကျ ပိုကြမ်းလာခြင်း၊ နိုင်ငံခြားကြွေးမြီတင်ရှိနေသော နိုင်ငံများ၊ ငွေဖလှယ်နှုန်းအတက်အကျ အပြောင်းအလဲမြန်သည့် ပြဿနာနှင့်တွေ့ကြုံနေရခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပို့ကုန်သည် အရေးကြီးသည်မှာ မှန်သော်လည်း တိုးတက်မှုရရှိရေးအတွက် ခေါင်းတွဲတစ်ခုမဟုတ်ပါ။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုကို အထောက်အကူပြုရန် လိုအပ်သော သွင်းကုန်များ ဝယ်ယူရေးအတွက် လိုအပ်သော နည်းလမ်းတစ်ခု အဖြစ်ဖြင့်သာ အရေးပါနေခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် အခွန်နှင့် ဂျီဒီပီ၏ အချိုးအစားမှာ ဆိုးဆိုးရွားရွား နိမ့်ကျနေပြီး သွယ်ဝိုက်ခွန်အပေါ်တွင် မှီခိုမှု အလွန်အမင်း ကြီးမားပါသည်။**

ကံကောင်းသည်မှာ မြန်မာနိုင်ငံက ဤနေရာတွင် အခြားနိုင်ငံများထက် အခြေအနေကောင်းနေခြင်းဖြစ်ပါသည်။ သစ်တင်ပို့မှုကို ဖယ်လိုက်လျှင်ပင် အဝတ်အထည်၊ ကျောက်မျက်၊ သတ္တု၊ သဘာဝဓာတ်ငွေ့တို့နှင့် ထပ်မံတိုးချဲ့နိုင်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့က မဝေးသောအနာဂတ်တွင် နိုင်ငံခြားငွေ လိုအပ်လာနိုင်သည်ကို ဖြည့်ဆည်းရန် အတွက် အတော်အတန် စုံလင်သော အမျိုးအမည်တွေ ဖြစ်နေပါသည်။

သို့ဖြစ်ရာ သင့်တင့်သော နိုင်ငံခြားငွေ ရှာဖွေနိုင်စွမ်းရှိအောင် အားပေးထားသော ပြည်တွင်းဈေးကွက်အပေါ် တွင် အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မဟာဗျူဟာတစ်ရပ် လိုအပ်ပါသည်။ တိုးတက်မှုရရှိကာ ထိုတိုးတက်မှုမှအကျိုးခံစားရရန်အတွက် ပြည်တွင်းဈေးကွက်နှင့် အခြေခံအဆောက်အအုံများ၊ ကြီးထွားလာရန်သည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်ကို အခြေခံသော အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ရာ လယ်လုပ်သူ လယ်ပိုင်အောင် အနည်းဆုံး ပိုမိုစိတ်ချရသော မြေယာပိုင်ဆိုင်မှုစနစ်များ ပေါ် ပေါက်လာစေမည့် မြေယာပြုပြင်ပြောင်းလဲမှု၊ ထုတ်လုပ်မှုစွမ်းအားကို မြင့်မားလာစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် လယ်ယာစိုက်ပျိုးရေးမှ ရရှိသော ဝင်ငွေတိုးပွားရေးနှင့် ညီညီမျှမျှ ပိုမိုရှိရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤနေရာတွင် နောက်ဆုံးအလုပ်ရှင် (employer of last resort) အဖြစ်ဆောင်ရွက်ရသော အစိုးရက ကူညီထောက်ပံ့ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးအခြေပြုစီးပွားရေး လုပ်ငန်းများကို အလွန်အမင်းအားကိုးခြင်း၊ လယ်ယာမြေဆုံးရှုံးမှုကြီးမားလာစေခြင်းတို့သည် ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်စေနိုင်ပါသည်။

အခြားလိုအပ်ချက်တစ်ခုမှာ ပြည်တွင်းဈေးကွက် အခြေခံသော တိုးတက်မှုရရှိရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့်လူမှုအခြေခံ အဆောက်အအုံ နှစ်ခုစလုံးတို့တွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ဆည်မြောင်းများ၊ ရေထုတ်မြောင်းများ၊ ရေကာတာများသာမက လမ်းများ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖြန့်ဖြူးရေးစသည်တို့တွင် ရင်းနှီးမြှုပ်နှံ ရပါမည်။ နိုင်ငံခြားငွေရရှိရေးနှင့် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံရေးတို့အတွက် ဆိပ်ကမ်းနှင့် လေဆိပ်ကဲ့သို့သော နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်လည်း လိုအပ်ပါသည်။

အတွေ့အကြုံများအရ ပြည်တွင်းပုဂ္ဂလိကကဏ္ဍသည် ဤနေရာတွင် အနည်းငယ်မျှသာ အထောက်အကူပြုနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လည်း အကျိုးကျေးဇူးများသော၊ အစိုးရက သက်သာခွင့် သိသိသာသာပေးသော နယ်ပယ်များတွင်သာ အာရုံစိုက်ကြကြောင်းတွေ့ရပါသည်။ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပုဂ္ဂလိက အရင်းအနှီးများကို အားကိုးအားထားပြုရမည်။ ဘဏ္ဍာရေးလွတ်လပ်ခွင့် ပြုခြင်းကြောင့် ရေရှည်ငွေချေးစာချုပ်ဈေးကွက် တိုးတက်ထွန်းကား လာနိုင်သည်ဟု ယူဆသော အယူအဆများသည် အဓိပ္ပာယ်မရှိသလို သာဓကလည်း မတွေ့ရပါ။

စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံတို့ပြီးလျှင် ပြည်တွင်းဈေးကွက် အခြေခံသော တိုးတက်မှု မဟာဗျူဟာအတွက် တတိယလိုအပ်ချက်မှာ ပြည်တွင်းစွမ်းအားစု စုစည်းမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခွန်နှင့် ဂျီဒီပီ၏ အချိုးအစားမှာ ဆိုးဆိုးရွားရွား နိမ့်ကျနေပြီး သွယ်ဝိုက်ခွန်အပေါ် တွင် မှီခိုမှု အလွန်အမင်း ကြီးမားပါသည်။ သွယ်ဝိုက်ခွန်သည် ငွေဖောင်းပွမှုကို ဖြစ်စေပြီး ဆက်လက်၍ အလွန်အမင်း မှီခိုနေလျှင် ဈေးကွက်၏ တိုးတက်မှုကို အဟန့်အတား ဖြစ်စေပါသည်။ အခြေခံမကျသော၊ ဖိမ်ခံပစ္စည်းများကို အခွန်ကောက်ရန်နှင့် အသုံးစရိတ်များလေအခွန်တိုးကောက်ရန် လိုအပ်သော် လည်း နောက်ဆုံးတွင် အဆင့်ဆင့်တိုးသွားသော တိုက်ရိုက်အခွန်ကို မလွဲမသွေ ဆောင်ရွက်ရပါမည်။ ပုဂ္ဂလိကကဏ္ဍကို အားပေးရန် ရည်ရွယ်သော အခွန်လွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်းတို့ကို စွန့်ပယ်သင့်ပါသည်။

ထိုသို့ဆောင်ရွက်ရန် အချိန်ယူရပါမည်။ ကြားကာလတွင် လိုငွေပြ ဘတ်ဂျက်ကို စွန့်ပယ်ရန် မလိုအပ်သေးပါ။ လောလောဆယ်ရရှိနိုင်သော နိုင်ငံခြားငွေဖြင့် ဖြေရှင်းမပေးနိုင်သော ရောင်းလိုအားဘက်က အကန့်အသတ်များ ရှိနေမှသာ လိုငွေပြဘတ်ဂျတ်သည် အလွန်အမင်း ငွေဖောင်းပွမှုကို ဖြစ်စေပါသည်။ တစ်ဖက်က ဝယ်လိုအားကိုဖြစ်စေပြီး တစ်ဖက်က တစ်ပြိုင်နက်တည်း ရောင်းလိုအားဘက်က အကန့်အသတ်များကို ဖြေရှင်းပေးနိုင်သော အသုံးစရိတ်သည် ပြဿနာ၏ အဖြေဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် ခက်ခဲသော်လည်း တက်ကြွနိုးကြားသော အစိုးရတစ်ရပ်အတွက် မလုပ်နိုင်စရာမရှိပါ။

နိုင်ငံခြားအကူအညီသည် အပြောင်းအလဲများကို ထူးထူးခြားခြားဖြစ်အောင် ဆောင်ရွက်နိုင်ပါသည်။ သို့သော် နိုင်ငံခြား အကူအညီ၏ အစိတ်အပိုင်း အနည်းငယ်မျှသာ ခွင့်ပြုငွေ (Grants) ဖြစ်ပြီး၊ ကျန်ငွေများမှာချေးငွေများ ဖြစ်ပါသည်။

စာမျက်နှာ (၂၄)သို့ ➢

# ရန်ကုန်-ပုသိမ်လမ်းပေါ်တွင် ပလက်တီနမ်ပုသိမ်စီမံကိန်းကို စတင်ဆောက်လုပ်နေပြီ

Mya Bay H&Co Development သည် ရန်ကုန်မှ ချောင်းသာ၊ ငွေဆောင်သို့ အသွားအပြန်ခရီး တစ်ထောက်နားစခန်း ဖွင့်လှစ်ရန် ရည်ရွယ်၍ Platinum Pathein စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းတွင် Phase I အနေဖြင့် Pathein Plaza၊ 3 stars အဆင့်ရှိ ဟိုတယ်နှင့် ရေမီးအပြည့်အစုံပါသည့် လူနေအိမ်ဗီလာများကို စတင်ဆောက်လုပ်နေပြီး ပလာဇာ ဆိုင်ခန်းများသည် ခုနစ်လအကြာ ၂၀၁၇ ခုနှစ် ဇွန်လတွင်ပြီးစီးမည်ဖြစ်ကြောင်း သိရ သည်။

Phase II တွင် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ (၁၁၅)မိုင်ကဲ့သို့သော စားသောက်ဆိုင်တန်းများလည်း ဖွင့်လှစ်နိုင်ရန် စီမံထားသည်။ ထို့အပြင် ခာတ်ဆီဆိုင်များ၊ ကားဝပ်ရှော့များလည်း ထည့်သွင်းတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

"ယခင်စီမံကိန်းမှာ တိုက်ခန်းတွဲ သုံးခု၊ Service Apartment တစ်ခုထည့်သွင်းဖို့ စီစဉ်ခဲ့ဖူးပေမယ့် ဒေသခံများက လုံးချင်းအိမ်နဲ့ဆိုင်ခန်းများကိုသာ တောင်းဆိုတဲ့အတွက် အစီအစဉ်ပြောင်းခဲ့တာပါ"ဟု မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဒေါ်ဝင်းဝင်းခိုင်က ပြောကြားခဲ့သည်။

"ငွေဆောင်၊ ချောင်းသာဆိုတာ မြန်မာနိုင်ငံမှာ အသွားအများဆုံး ကမ်းခြေတွေဖြစ်တာကြောင့်ခရီးသွားအများစုဟာ ကမ်းခြေဟိုတယ်တွေကို Check-in အချိန်မတိုင်မီ ရောက်လေ့ရှိပါတယ်။ ဒါကြောင့် Platinum Pathein မှာ တစ်ထောက်နားပြီးမှ အချိန်ကိုက်သွားရင် ပိုပြီးအဆင်ပြေနိုင်မှာပါ။ ရန်ကုန်အပြန်ခရီးဆိုရင်လည်း ၁၁ နာရီဝန်းကျင်ဆို ကားတွေ ပြန်ထွက်လေ့ရှိတာကြောင့် ၄၅မိနစ်ခန့် မောင်းပြီးတာနဲ့ Platinum Pathein မှာ ထမင်းစားနားပြီး အိမ်အပြန် လက်ဆောင်တွေပါဝယ်လို့ရအောင် စီစဉ်ပေးထားပါတယ်"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ခရီးသွားများအပြင် ပုသိမ်မြို့သူ မြို့သားများအနေဖြင့်လည်း အပန်းဖြေ လည်ပတ်စရာနေရာတစ်နေရာဖြစ်လာနိုင်ပြီး အဆိုပါပလာဇာတွင် ဖက်ရှင်ဆိုင်များ၊ စူပါမားကတ်များကိုပါ ဖွင့်လှစ်ရောင်းချနိုင်ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်တွင် လူ ၅၀၀ ဆံ့သည့် ခန်းမ



ကျယ်ကြီးတစ်ခန်း ပါရှိမည်ဖြစ်ပြီး ဒေသခံများအနေဖြင့် ညှော်ခံပွဲများကို အဆင့်မြင့်စွာကျင်းပနိုင်သည့်အတွက် ကျေနပ်မှုရလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဘဏ်များ၊ ခာတ်ဆီဆိုင်များ၊ ကားဝပ်ရှော့များ၊ ကားရေဆေးဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ လာရောက်ဖွင့်လှစ်ရောင်းချနိုင်ရန်အတွက် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ Myanmar Culture Valley တွင် iMyanmarHouse.com က စတင်အရောင်းဖွင့်လှစ်ခဲ့ရာ ရင်းနှီးမြှုပ်နှံလိုသူများက သိန်းပေါင်း ၆၀၀၀ ကျော်ဖိုး ဝယ်ယူအားပေးသွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၆ ဒီဇင်ဘာလအတွင်း တပ်မတော်ခန်းမ၌ iMyanmarHouse.com က ကြီးမှူးကျင်းပမည့် မြန်မာ့အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီးတွင် ပါဝင်၍ ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **မယ်သီတာ**

# အရောင်းအဝယ်ဆက်လက် အေးနေတဲ့ ရန်ကုန်ကားဈေးကွက်

နိုဝင်ဘာလနှောင်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ ယခင်ရက်သတ္တပတ်များကဲ့သို့ပင် အရောင်းအဝယ်များအေးကာ သတင်းပေါ် အခြေခံ၍ ဈေးကွက်စောင့်ကြည့်သည့် သဘောသာရှိနေကြောင်းသိရသည်။

နှစ်တစ်နှစ်ကုန်ဆုံးခါနီးဖြစ်၍ ယခင်နှစ်များလိုပင် လာမည့်နှစ်အတွက် မော်ဒယ်သတ်မှတ်ချက်များ ပေါ်ထွက်လာတော့မည်ဖြစ်ကာ ယခုနှစ်မကုန်မီတစ်လကြိုတင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ကြားသိရသဖြင့် ဈေးကွက်၊ ဈေးတန်းစောင့်ကြည့်သူများလာသလို ကြိုတင်ခန့်မှန်းသတင်းများအရ တွက်ချက်မှုဖြင့် ဖရီးပါမစ်ကားဟောင်းဝယ်ယူသူများရှိလာသော်လည်း အနည်းအကျဉ်းသာဖြစ်၍ ဈေးကွက်အေးလျက်ရှိကြောင်း သိရသည်။

ကားဈေးကွက်သတင်းများကလည်း တစ်ပတ်နှင့် တစ်ပတ်မရိုးရအောင်ဖြစ်နေ၍ ယခုကာလသည် နှစ်တစ်နှစ်ကုန်ဆုံးခါနီး ဒုတိယနောက်ဆုံးလလည်း ဖြစ်နေသဖြင့် ဈေးကွက်ခန့်မှန်းချက်များ အများအပြားပေါ်ထွက်လာသလို မိုးအကုန်ဆောင်းအကူးရာသီတွင် ယခင်က ကားလေး၊ ကားလတ်များ အဝယ်ရှိသော်လည်း ယခုနှစ်တွင် အမေးသာရှိပြီး၊ နယ်ဝယ်လက်လည်း အဆင်းကျဲလာကာ လက်ရှိသုံးလက်စ အကွာရာတန်းနိမ့်ကားများသာ တစ်စီးစ နှစ်စီးစ အရောင်းအဝယ်ရှိကြောင်းသိရသည်။

ယခုအချိန်သည် ကားဝယ်ရောင်းများသာမက လိုအပ်ချက်ဖြင့် ဝယ်စီးမည့်သူများပါ အရောင်းအဝယ် မလုပ်နိုင်သေးဘဲ ထွက်ပေါ်လာမည့်အပြောင်းအလဲကို စောင့်ကြည့်နေကြသဖြင့် ယခုကဲ့သို့ဈေးကွက်အေးနေရခြင်းဖြစ်ပြီး ဈေးကွက်ထဲတွင် အကွာရာနိမ့်ကားလေးများနှင့် အလဲအထပ်အချို့သာရှိကြောင်း၊ လတ်တလော ဈေးကွက်ရနေသည်မှာ အကွာရာနိမ့်နံပါတ်အနီတက္ကစီ (အငှားယာဉ်) များသာဖြစ်ပြီး သိန်း ၁၀၀ နှင့် သိန်း ၁၂၀ ဝန်းကျင်ဈေး တန်းဖြင့် ကားဂရိတ်နှင့်ရုပ်ခံပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်နေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှ ပြောသည်။

ကားဈေးကွက် အလှည့်အပြောင်းများကြားထဲမှ အရောင်းအဝယ်အားအနည်းအကျဉ်းအမြတ်ပေါ်သည်နှင့် ဈေးနှုန်းညှိနှိုင်းရောင်းဝယ်နေကြပြီး လာမည့်နှစ်အတွက် ဝါရင့်ယာဉ်အကျိုးဆောင်များ သုံးသပ်ချက်မှာ ရန်ကုန်ဈေးကွက်အခြေခံသော ကားဈေးကွက်သည် ရန်ကုန်သို့ကားအဝင်၊ အထွက်မူဝါဒများနှင့် တစ်နည်းနည်းမှီခိုနေရသဖြင့် မြို့တွင်းယာဉ်ကြောကျပ်တည်းမှုကိုပါ အခြေခံစဉ်းစားနေရသော မော်တော်ယာဉ်တင်သွင်းမှု မူဝါဒအရ မည်သို့သတ်မှတ်သည်ဖြစ်စေ ကားအမျိုးအစားအလိုက် ဈေးတန်းများလိုက်လံမြင့်တက်လာဖွယ်ရှိကြောင်း ၎င်းတို့မှ ပြောသည်။ **SN**

# Ford မော်တော်ကားကုမ္ပဏီ၏ DSFL အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

Ford မော်တော်ကားကုမ္ပဏီသည် ကားမောင်းသူများ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်စေရန်၊ ယာဉ်မတော်တဆမှုများ နည်းပါးစေရန်နှင့် မတော်တဆမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရန် ရည်ရွယ်ပြီး Driving Skills For Life (DSFL) အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ (၆)ကွေ့အနီးရှိ ခရီးသည်ပို့ဆောင်ရေး အမှတ်(၅)လိုင်း ဌာနခွဲတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း DSFL အစီအစဉ်သည် Ford ၏ လူမှုအကျိုးပြုအစီအစဉ်များအနက်မှ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွက် Capital Automotive Ltd. နှင့် RMA Group တို့ ပူးပေါင်းတာဝန်ယူ၍ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် RMA Group မှ လေ့ကျင့်သင်ကြားပေးသူများ၊ ပြည်တွင်းအရောင်းကိုယ်စားလှယ်များက အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် စာတွေ့၊လက်တွေ့သင်ကြားမောင်းနှင်ပြသမှုများ ပြုလုပ်ခဲ့ကြသည်။

DSFL အစီအစဉ် သုံးရက်တာကာလအတွင်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ချိန်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိတစ်ချိန် အချိန်ပိုင်း နှစ်ပိုင်းခွဲခြားကာ သင်ကြားပြသပေးခဲ့ပြီး တက်ရောက်လာသူများအား လက်တွေ့မောင်းနှင်ခြင်း၊ ပြန်လှန်လေ့ကျင့်ခြင်းများကိုလည်း ပြုလုပ်စေခဲ့ကြောင်း သိရသည်။

အဆိုပါ DSFL အစီအစဉ်သို့ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများ၊ motors.com.mm ကဲ့သို့ ဖိတ်ကြားထားသောအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး သင်ကြားရေး အစီအစဉ်များအနက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပြင် မော်တော်ယာဉ်အား စစ်ဆေးပုံများ၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ သိထားသင့်သော ဗဟုသုတများလည်း ပါဝင်သည်။ Ford မော်တော်ကားကုမ္ပဏီအနေဖြင့် DSFL အစီအစဉ်အား မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံ အသီးသီးတွင်လည်း ဆက်လက်ပြုလုပ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၃) | 3E | ၂၇၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | ဆူဇူကီး (ဆွစ်) (၂၀၁၁) | 7G | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဗီလ်ဒါ (၂၀၀၃) | ယာယီ | ၁၇၀ သိန်း | နယ်လိုင်စင်/ 1.5 ဓာတ်ဆီ |
| ၄။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၄၅ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၅။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၆။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၈။ | ကလူဂျာ (၂၀၀၃) | 2H | ၂၈၅ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၀၀ သိန်း | ကားကောင်း |

# သခွားမွှေးများ တရုတ်ပြည်သို့ တင်ပို့ရောင်းချ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တွင် သခွားမွှေး ၁၀ဧက စိုက်ခင်းတစ်ခုမှ ထွက်ရှိတဲ့ သခွားမွှေးများကို တရုတ်ပြည်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ထိုဒေသမှ သခွားစိုက်တောင်သူက "ကျွန်တော်တို့ သခွားစိုက်ခင်းက တရုတ်ပြည် အသွားခရီးအစလို့ ဆိုရပါမယ်။ မြစ်ငယ်-ထုံးဘိုဖြတ်လမ်းကနေ မူဆယ်မြို့သို့ ရှေးဦးစွာ တင်ပို့ပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်ပြည် နယ်စပ်မြို့ ကြယ်ဂေါင်ကို အဓိက ထားတင်ပို့နေရတယ်။ သခွားမွှေးတစ်ကီလိုကို တရုတ်ငွေ ၁ ဒသမ ၇ ယွမ်ခန့်ပေါက်ဈေးရှိပါတယ်။ ကျွန်တော်တို့ စိုက်ခင်းက ထွက်ရှိတဲ့ သခွားမွှေးကို တရုတ်ပြည်နယ် ယူနန်မြို့တော် ကူမင်းမြို့မှ အလွန်ကြိုက်ကြတယ်"လို့ ပြောပါသည်။

"ဒီသခွားမွှေးများကို မစိုက်ပျိုးမီ ထယ်ရေးပြင်ချိန်မှာ နွားချေး၊ ဆိတ်ချေးများနဲ့ ပက်ကြဲရပါတယ်။ စိုက်ပျိုးချိန်မှာတော့ ၁၅ပတ်လည်မြင်းခေါင်းဓာတ်မြေဩဇာနဲ့ သမအောင် ထွန်ယက်ရပါတယ်။ သခွားမွှေးအပင်များကို ပေါင်တန်းစနစ်နဲ့ စိုက်ပျိုးပြီး ပလပ်စတစ်အကြည်များနဲ့ ဖုံးအုပ်ထားရပါတယ်။ တစ်ပေါင်ကို ရှစ်ပေခွာစိုက်ပြီး ရက်ပေါင်း၈၀ ကျော်မှာ ခူးဆွတ်နိုင်ပါပြီ။ သခွားမွှေးစိုက်ခင်း တစ်ဧကကို ၁၀တန်ထွက်ပါတယ်"ဟု သခွားစိုက် ပညာရှင်တစ်ဦးက ပြောပါသည်။

ဆောင်းရာသီတွင် ပျိုးပင်ကို ၁၂ရက်သားတွင် စိုက်ခင်းသို့ ရွှေ့ပြောင်း စိုက်ပျိုးနိုင်ပြီး မိုးနှောင်းစိုက်ပျိုးပင် ကို ခုနစ်ရက်ခန့်တွင် စိုက်ခင်းမှာ စိုက်ပျိုး နိုင်ကာ စိုက်ပြီး ၅၅ရက်မှ ရက် ၆၀ အတွင်း အသီးစဖမ်း၍ ရက်၁၀၀ အကြာတွင် ရောင်းတန်းဝင်အသီးအဖြစ် စတင် ဆွတ်ခူးနိုင်သော သခွားမွှေးကို ရရှိပါသည်။

ရောင်းတန်းဝင်အသီး အလေးချိန် နှစ်ကီလိုမှ သုံးကီလိုအကြား အလေးချိန်ရှိမှ ဈေးကောင်းရရှိပြီး မြန်မာ ကျပ်ငွေ ၂၀၀၀ ဝန်းကျင်အထိ ဈေးပေါက်ကြောင်း၊ မူဆယ် ကုန်စည်ဒိုင်သို့ ယခုရက်အတွင်း သခွားမွှေးကား ၁၅-၂၅ စီးခန့် အဝင်ရှိပါကြောင်း၊ လွန်ခဲ့သည့် စက်တင်ဘာက စတင်တင်ပို့ခဲ့ရာ ၅ တန် စတင်တင်ပို့နိုင်ခဲ့ပြီး၊ အောက်တိုဘာမှာ ၄၅တန်ခွဲ တင်ပို့ခဲ့ကြောင်း၊ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်းမှာတော့ တန်တစ်ထောင်ကျော် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်မှ သတင်းရရှိပါသည်။

သခွားမွှေး ရောင်းသူများအနေဖြင့် ပြည်ပဈေးကွက်ကို မျှော်၍ ရောင်းချကြကြောင်း၊ ထိုသို့ရောင်းချနိုင်မှသာ အမြတ်အစွန်းမှာ သိသိသာသာ ကျန်ပြီး ပြည်တွင်း ဈေးကွက်ကို မှီ၍ ရောင်းချလျှင် အမြတ်မရသည့်အပြင် အရှုံးနှင့်ပင် ရင်ဆိုင်ရနိုင်သောကြောင့် နိုင်ငံခြား ဈေးကွက်မျှော်သည့် အသီးအဖြစ် နှစ်စဉ်ဖြစ်ထွန်းအောင်မြင်အောင်လည်း ဂရုစိုက်ကြရသလို နိုင်ငံခြားဈေးကွက်တန်းဝင်ရန် အလုံးလှခြင်း၊ သတ်မှတ်ထားသော အရည်အသွေးရောက်အောင် ဂရုတစိုက် စိုက်ပျိုးနိုင်မှသာ ဈေးကွက်ကောင်းရ ရှိနိုင်လိမ့်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့မှ သခွားစိုက် တောင်သူများက ပြောပါသည်။

**၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ် အထိ သခွားမွှေးတင်ပို့မှုစာရင်း**

**တန် - ဒေါ်လာသန်းပေါင်း ကီလိုထောင်ပေါင်း**

| ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး |
|---|---|---|
| ၂၀၁၀-၂၀၁၁ | ၃၃၅၉၀.၅ | ၅.၉၃၁ |
| ၂၀၁၁-၂၀၁၂ | ၄၉၆၂၀.၀ | ၁၀.၇၉၉ |
| ၂၀၁၂-၂၀၁၃ | ၅၇၇၈၁.၄ | ၁၂.၃၅၆ |
| ၂၀၁၃-၂၀၁၄ | ၉၅၀၂၂.၂ | ၁၉.၃၄၁ |
| ၂၀၁၄-၂၀၁၅ | ၁၁၄၈၁၀.၅ | ၂၃.၄၂၂ |
| ၂၀၁၅-၂၀၁၆ | ၉၄၈၁၀.၀ | ၁၉.၃၄၁ |
| ၂၀၁၆ ဧပြီလမှ ၂၀၁၆ နိုဝင်ဘာ ၁၅ ရက်အထိ | ၂၈၃၄၁.၀ | ၅.၇၈၂ |

## ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ ၂၀၁၆-၁၇ ဆောင်းရာသီဘဏ်ချေးငွေထုတ်ပေးရန် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ၂၀၁၆-၁၇ ဆောင်းရာသီ ဘဏ်ချေးငွေ ထုတ်ချေးရန် ညှိနှိုင်းဆွေးနွေးပွဲ ကို နိုဝင်ဘာ ၂၁ ရက်က ပုသိမ်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးသန်းဌေးအောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ သမဝါယမ ဦးစီးဌာန နဲ့ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက် ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် တိုင်းမန်နေဂျာ ဦးသန်းဌေးအောင်က ဆောင်းရာသီ ဘဏ်ချေးငွေများ ထုတ်ပေးရာတွင် ၂၀၁၅ ခုနှစ် မိုးနဲ့ ဆောင်းသီးနှံ ဘဏ်ချေးငွေများ ပေးဆပ်ပြီးမှသာ ထုတ်ပေးသွားမှာဖြစ်ကြောင်း၊ ကြွေးဟောင်းကြွေးကျန်ရှိသူများအား ဒီဇင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ ပေးဆပ်ရန် ကျေးရွာအုပ်စုအားလုံးကို ကြိုတင်အသိပေး ကြေငြာထားပြီးဖြစ်ကြောင်း၊ ချေးငွေများထုတ်ယူရာတွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးမည့် ချေးငွေပုံစံ (ကဘ-၈) မှာပါရှိသည့် အချက်အလက်များကို ဖြည့်သွင်း၍ စာရင်းစစ်အဖွဲ့မှ ကန့်ကွက်နိုင်မှုများနှင့် လိုအပ်ချက်များ မရှိအောင် ပြည့်စုံစွာ ရေးသွင်း၍ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု ပုံစံ (၇)နဲ့ တင်ပြရမှာဖြစ်ပြီး ပုံစံ(၇) မူရင်းပျောက်ဆုံးလျှင် လယ်ယာစီမံခန့်ခွဲရေး အဖွဲ့ရဲ့ ထောက်ခံစာရယူပေးရန်၊ ချေးငွေ ထုတ်ချေးမည့် တောင်သူများသည် မြေယာပိုင်ဆိုင်မှုနဲ့ပတ်သက်၍ မြေစာရင်း ဦးစီးဌာနရဲ့ ထောက်ခံချက်၊ စိုက်ပျိုးသီးနှံများ မှန်ကန်မှုရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ထောက်ခံချက်၊ ကျေးရွာလယ်ဆည်ရဲ့ ထောက်ခံချက်နဲ့ အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်များလည်း လိုအပ်ကြောင်း၊ ယခင်တောင်သူများအတွက် မိုးစပါးချေးငွေမှာ တစ်ဧကလျှင် ကျပ်တစ်သိန်း နှုန်းသာချေးသော်လည်း ၂၀၁၆ ခုနှစ် မိုးစပါးရာသီမှစ၍ တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ကျပ်ငါးသောင်းတိုးမြှင့် ထုတ်ချေးပေးခဲ့ကြောင်း၊ နိုင်ငံတော်မှ တောင်သူများရဲ့ လိုအပ်ချက်ကို အပြည့်အဝ မပံ့ပိုးပေးနိုင်သော်လည်း (၃/၄) ဧကအတွင်းရှိ တောင်သူများကို အရင်း အနှီးများများ ရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေးအတွက် အဓိက ထုတ်ချေးပေးလျက်ရှိသော်လည်း အရင်း အနှီးများ၍ ငွေကြေးတတ်နိုင်ပြီး ဧကများများရှိသည့် တောင်သူများအတွက်လည်း ၁၀ ဧကအထိ ဘဏ်ချေးငွေများ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မိုးစပါးရာသီတွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေ ကျပ် ၃၅၈ ဘီလီယံအထိ ထုတ်ချေးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၆ ခုနှစ် ဆောင်းရာသီ ဘဏ်ချေးငွေများကို အောက်တိုဘာ ၁၀ ရက်မှစတင်၍ ဇန်နဝါရီနောက်ဆုံးပတ်အထိ ထုတ်ချေးသွားမှာဖြစ်ကြောင်း၊ ဆောင်းရာသီဘဏ်ချေးငွေကို ၁၂၉ ဒသမ ၈၇ ဘီလီယံအထိ ထုတ်ချေးရန် လျာထားကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ တက်ရောက်လာသောဌာနဆိုင်ရာများမှ ဘဏ်ချေးငွေ ထုတ်ပေးရာမှာတွေ့ကြုံရတဲ့ အခက်အခဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ သမဝါယမနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## ပုသိမ်မြို့တွင် Pathein Trade Fair 2016 ကုန်စည်ပြပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် Pathein Trade Fair 2016 ကုန်စည်ပြပွဲ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရပါတယ်။

ကုန်စည်ပြပွဲတွင် နိုင်ငံတကာမှ နာမည်ကြီးကုမ္ပဏီများအပါအဝင် ထိုင်းကုန်ပစ္စည်းများဖြစ်တဲ့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်နဲ့ ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နဲ့ အပိုပစ္စည်းများ၊ အလှကုန်များ၊ အဝတ်အထည်များ၊ အိမ်အလှဆင်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ ဆေးဝါးများ စက်မှုလုပ်ငန်းသုံးပစ္စည်းများ ၊ စင်ထွာမီးလင်းကတ္တား၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်း၊ နောက်ဆုံးထုတ်ကုန်ပစ္စည်း အမျိုးအစားအမယ်သစ်များကို တစ်နေရာတည်းတွင် စုစည်းဝယ်ယူနိုင်ရေးအတွက် Smart Business Group Co,.Ltd အပါအဝင် ကုမ္ပဏီကြီး ၃၀ မှ ပြခန်းပေါင်း ၉၀ကျော်ဖြင့် နိုဝင်ဘာ ၂၃ ရက်မှစ၍ ၅ ရက်ကြာ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း သိရပါတယ်။

ကုန်စည်ပြခန်းသို့ လာရောက်ဝယ်ယူအားပေးသော ပြည်သူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ရွှေဆွဲပြား၊ တီဗွီ၊ ထမင်းပေါင်းအိုး၊ မီးပူ၊ ပန်ကာနှင့် အခြားဆုမဲပေါင်း ၁၀၀ ကျော်ကို အထူးအစီအစဉ်ဖြင့် ကံစမ်းမဲ (အခမဲ့) ဖောက် ပေးသွားမှာဖြစ်ပြီး ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းပေးထားကြောင်း သိရပါတယ်။

**မင်းမင်းဦး (စီးပွားကူးသန်း)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနဗြိုရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၈-၁၁-၂၀၁၆ မှ ၄-၁၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းကိစ္စများအောင်မြင်မှုရနေမည်။ အကျိုးမရှိသောအချိန်ဖြုန်းခြင်းကို မလုပ်မိရန်ဆင်ခြင်ရလိမ့်မည်။ ငွေကြေးအတွက် မမျှော်လင့်သောဘက်မှ ငွေများဝင်လာတတ်ပါသည်။ ပညာရေးတွင် အဟန့်အတားတစ်ခုနှင့်ရင်ဆိုင်ရတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိထိခိုက်မိတတ်သည်။ အချစ်ရေးတွင် မချစ်ဖူးသေးသဖြင့် အချစ်ရူးရူးနေမိ၍ မေတ္တာရေးပဋိပက္ခဖြစ်နေရတတ်သည်။

**ယတြာ။ ။မွေစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတစ်ရှိန်ထိုးအောင်မြင်မှုရလိမ့်မည်။ ပညာရေးကိုလိုလားစိတ်ရှိနေသော်လည်း တစ်ခါတစ်ရံတွေဝေနေတတ်သည်။ ကလေးငယ်များကျောင်းတက်ပျင်းနေတတ်သည်။ ကျန်းမာရေးအတွက် သွေးနှင့်ပတ်သက်သောရောဂါ၊ သည်းခြေနှင့်ပတ်သက်သောရောဂါတို့ဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ **ယတြာ။ ။ဗောဇ္ဈင်္ဂသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** ကိုယ်ရေးကိုယ်တာထက်သူများကိစ္စကိုပိုပြီး ပြုလုပ်ကူညီတတ်သည်။ စီးပွားရေးအတက်အကျမြန်နေမည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ အထူးအောင်မြင်မည်။ ပညာသင်ယူသူများအနေဖြင့် အလွယ်တကူ ပြီးမြောက်မှုအခြေအနေရှိတတ်သည်။ ကျန်းမာရေးတွင် ကြီးမားသောရောဂါဝေဒနာမဖြစ်နိုင်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မေတ္တာရေး၊ နှလုံးသားအတွက် မစဉ်းစားရသေးဖြစ်နေမည်။ **ယတြာ။ ။ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်တာဝန်များနေတတ်သည်။ ပညာရေးတွင်ယဉ်ကျေးမှု အနုပညာရပ်တို့တွင် ကျွမ်းကျင်တတ်မြောက်ပြီး ထူးချွန်နေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အလုပ်ကိစ္စဆောင်ရွက်ရင်း အပူကြောင့်ဖြစ်သောရောဂါ၊ မျက်စိရောဂါ၊ ဆီးကြောင့် ဖြစ်သောရောဂါတို့ဖြစ်တတ်သည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် မိမိအပေါ် သံယောဇဉ်ငြိတွယ်သူကို ပြန်လည်၍ သစ္စာစကားဆိုရင်း နှလုံးသားရေးကိစ္စဆွေးနွေးရတတ်သည်။

**ယတြာ။ ။မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ကြေးနှင့်ပြုလုပ်သောပစ္စည်း၊ စိန်နှင့်ပြုလုပ်သောပစ္စည်း၊ နည်းပညာပိုင်းကျွမ်းကျင်သူတို့နှင့်လုပ်ဆောင်ခြင်းဖြင့် စီးပွားရေးဥစ္စာတိုးတက်မှုရှိလာလိမ့်မည်။ ၎င်းတို့နှင့်လက်တွဲဆောင်ရွက်သဖြင့် ငွေဝင်လိမ့် မည်။ ပညာရေးတွင် ဂမ္ဘီရပညာနှင့်အကျိုးပေးနေတတ်သည်။ ကျန်းမာရေး အနေဖြင့် သွေးအားနည်းရောဂါ၊ လေရောဂါတို့ဖြစ်တတ်သည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် မေတ္တာရေးလမ်းဖြောင့်တန်းနေလိမ့်မည်။ **ယတြာ။ ။မင်္ဂလာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** အနုပညာဆိုင်ရာလုပ်ငန်း၊ ပိုးထည်ချည်ထည်လုပ်ငန်းတို့ လုပ်ကိုင်ပါက စီးပွားဖြစ်ထွန်းလိမ့်မည်။ ဝင်ငွေကောင်းမည်။ ပညာရေးတွင် အနုပညာဂီတတို့ကို နှစ်သက်စွဲလန်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းပြီး မူးဝေတတ်သည့် ရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မေတ္တာရေး၏အခြေအနေမှာ ပူပြင်းနေလိမ့်မည်။

**ယတြာ။ ။မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် လောဘကြီးနေတတ်သည်။ ပညာရေးတွင် တက်လိုသောသင်တန်းများများပြားနေခြင်းကြောင့် အရာရာတိုင်း တစ်ဖက်ကမ်းခတ်တက်မြောက်ခြင်းမရှိဘဲ တစ်စိတ်တစ်ပိုင်းသဘောမျိုးဖြစ်တတ်သဖြင့် သတိထားရပါမည်။ ကျန်းမာရေးတွင် စိတ်ထိခိုက်စေမှုနာကျင်မှုတို့ကြောင့်လည်း ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အခွင့်အရေးသမားများနှင့်ကြုံရတတ်သည်။

**ယတြာ။ ။ အနတ္တလက္ခဏာသုတ်ရွတ်ဖတ်ပူဇော်ပါ။**

## ရှမ်းပြည်နယ်(တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အရှိန်အဟုန်မြှင့်၍ဆောင်ရွက်



ရှမ်းပြည်နယ် (တောင်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေရဲ့ ဦးဆောင်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။ နိုဝင်ဘာလ တတိယပတ်အတွင်း တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ သစ်ပင်ထောင် အ. လ. က(၂)၊ ညောင်ရွှေမြို့ အ. ထ. က(၂)၊ တောင်ကြီးမြို့ ဟိန်းမြတ်ဘော်ဒါ စာသင်စာကျက်ဝိုင်း၊ ဟိုပုံးမြို့ အ. ထ. က(၁)နှင့် အ. ထ. က(၂)၊ တောင်ကြီးမြို့၊ ကန်ကြီးရပ် တစ်မိုးအောက်(ညီနောင်များ) စိုက်ပျိုးတောင်သူများဆက်ဆံရေး ရုံးသစ်ဖွင့်ပွဲ၊ဟိုပုံးမြို့နယ် ဆန်းဆုတ်အထက(ခွဲ)၊ ဟိုပုံးမြို့နယ် ဆိုက်ခေါင်အ. လ. ကတို့တွင် ပူးပေါင်းအဖွဲ့များဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနများနှင့်ပူးပေါင်း၍ ဟောပြောပွဲများ ကျင်းပနိုင်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ဆိုးဆေးအန္တရာယ်အကြောင်း၊ မှုမမှန်သော ဝန်ဆောင်မှုများအကြောင်း၊ သစ်သီး ဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ဓါတု - ဓါတ်ကြွင်းအန္တရာယ် ကျန်ရှိနေခြင်း၊ ရေမြေသယံဇာတနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းသင့်ပုံအကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့ကြတယ်လို့ သိရပါတယ်။

ပူးပေါင်းအဖွဲ့သည်သက်ဆိုင်ရာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြရာ အများစုမှာ ဆိုးဆေးပါ မုန့်မျိုးစုံရောင်းချနေသည်ကို တွေ့ရသဖြင့် ကျန်းမာရေးအတွက် အာဟာရဖြစ်တဲ့ မြန်မာ့ရိုးရာအစားအစာများကို သန့်ရှင်းသပ်ရပ်စွာရောင်းချကြရေးကိုလည်း ကျောင်းဈေးသည်များအား တိုက်တွန်းခဲ့ပြီး ပညာပေးဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

**စောမောင်(တောင်ကြီး)**

## ထန်းပင်မြစ် စိုက်ပျိုးရောင်းချသူများ ဝင်ငွေကောင်း

ဆားလင်းကြီးမြို့နယ်ရှိ သဲကောကြီးကျေးရွာ၊ ထန်းတောကြီးကျေးရွာနှင့် လယ်တီကျေးရွာတို့တွင် ဆောင်းရာသီအညာဒေသ၏ ရာသီစာအစားအစာ တစ်မျိုးဖြစ်တဲ့ ထန်းပင်မြစ်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရှိရပါတယ်။ ထန်းသီးရင့်ရင့်များကို ဝါခေါင်လနှင့်တော်သလင်းလတို့တွင် ခူးဆွတ်ကာ ကျင်းတူး၍ စတင်စိုက်ပျိုးထားပြီး တန်ဆောင်မုန်းလဆန်းပိုင်းမှစတင်၍ ထန်းပင်မြစ်များကို တူးဖော်ရောင်းချကြပါတယ်။ ရောင်းချရာတွင်လည်း မုံရွာသို့သွားရောက်၍ ကိုယ်တိုင်ရောင်းချကြသလို ဖောက်သည် ပေးပို့ရတာလည်းရှိပါတယ်။ ၂၅ ချောင်းပါ တစ်စီးလျှင် ကျပ် ၈၀၀ ဖြင့်လည်းကောင်း၊ ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း အမျိုးအစားခွဲ၍ပြီး ရောင်းချရပါတယ်။ မြေအမျိုးအစားပေါ် မူတည်၍ ဈေးကွာသွားတာရှိပါတယ်။ မြေနီ မှာစိုက်ပျိုးတဲ့ ထန်းပင်မြစ်ကတော့ ဈေးနည်းနည်းလျော့ပါတယ်။ တနယ်မြေ(မြေနက်) မှာ ပေါက်တဲ့ ရုက္ခစိုးထန်းပင်မြစ်ကတော့ မြေနီမှာစိုက်တဲ့ ထန်းပင်မြစ်ထက် ဈေးပိုရပြီး ပိုစားလို့ကောင်းတယ်လို့သိရပါတယ်။

ထန်းပင်မြစ်ပေါက်က ဆောင်းရာသီ အစားအစာဖြစ်ပြီး တောရောမြို့ပါမကျန်၊ ကလေးလူကြီးမရွေးကြိုက်နှစ်သက်ကြသလို မီးဖုတ်၍ဖြစ်စေ၊ ရေနွေးပြုတ်၍ဖြစ်စေ၊ ငရုတ်ဆုံတွင်ထုထောင်းပြီး ဆီ၊ ဆားတို့နှင့်တို့ကာစားလျှင်လည်း အရသာထူးတာမို့ စားသုံးသူတွေကလည်း ကြိုက်တဲ့အတွက် ဈေးကောင်းလည်းရပြီးထန်းပင်မြစ် စိုက်ပျိုးရောင်းချသူတွေ ဝင်ငွေကောင်းကြောင်း သဲကောကြီးကျေးရွာမှ ထန်းပင်မြစ်ရောင်းချသူကို ကုဋ္ဌေမိုးကပြောပါတယ်။ **မိုးမိုးမြင့်(ဆားလင်းကြီး)**

## မြင်းမူမြို့မဈေးအတွင်း ရောင်းချနေသည့်ကုန်ပစ္စည်းများအား စစ်ဆေး

မြင်းမူမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြင်းမူမြို့၊ မြို့မဈေးအတွင်း ရောင်းချနေသည့် ကုန်ပစ္စည်းများအား နိုဝင်ဘာ ၁၀ ရက်က စစ်ဆေးခဲ့ကြောင်းသိရသည်။

ပူးပေါင်းအဖွဲ့သည် ဈေးရုံအမှတ် (B, C, D) မှ အခန်းပေါင်း ၅၀တွင် ရောင်းချနေသော ဈေးသည်များ၊ ပျံကျဈေးသည်များအား စားသုံးရန်မသင့်သည့် တားမြစ်ထားသော ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ ဘေးကင်းလုံခြုံသည့် အစားအစာများအား ရောင်းချရန် ပညာပေးဆွေးနွေးခဲ့ကြသည်။ ထို့ပြင် စားသုံးဆီဆိုင်များအနေဖြင့် စားဆီများအား ရောင်းချရာတွင် ရောနှောထားသည့် ဆီများအားရောင်းချခြင်းမပြုရန်၊ ယင်မနားဆေးများအား သုံးစွဲခြင်းမပြုရန်နှင့် ခွင့်ပြုမထားသည့် ဆိုးဆေးများအား သုံးစွဲခြင်းမပြုရန်တို့ကိုလည်း ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရှိရသည်။

မြင်းမူမြို့မဈေးအတွင်းရှိ ဈေးဆိုင်များတွင် အရောင်ဆိုးဆေးများ အသုံးပြု ၍ ရောင်းချသည်ကို မတွေ့ရသော်လည်း ငါးပိ၊ ငါးခြောက်များတွင် ယင်မနားဆေး များ အသုံးပြုထားသည်ကို တွေ့ရှိရသဖြင့် ရောင်းချသည့် ဈေးသည်များအား ဆွေးနွေးပညာပေးခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့ (မြင်းမူ)**

**စာမျက်နှာ (၂၁) မြန်မာနိုင်ငံအတွက်ဖွံ့ဖြိုးရေးစိန်ခေါ်မှုများအပေါ်.... မှအဆက်**

နိုင်ငံခြားငွေထက် ပြည်တွင်း ငွေဖြင့် ချေးခြင်းက ပိုကောင်းပါသည်။ ချေးငွေပုံစံဖြင့် နိုင်ငံခြားအကူအညီရယူခြင်းသည် ရေတိုတွင် နိုင်ငံခြားငွေ မလုံလောက်မှုကို သက်သာစေရန် အတွက်သာ အထောက်အကူ ဖြစ်ပါသည်။ အလားတူပင် ဗဟိုဘဏ်နှင့် ငွေကြေးမူဝါဒ လွတ်လပ်ခွင့် ရှိစေရန်ဆိုပြီး လိုငွေကို ငွေစက္ကူရိုက်နှိပ်ခြင်းမှ ရှောင်ရှားခြင်းသည်လည်း မဖြစ်မနေလုပ်ရမည့်ကိစ္စမဟုတ်ပါ။ ၂၀၀၈-၂၀၀၉ အကျပ် အတည်းကာလက အမေရိကန် ဗဟိုဘဏ်၏ လုပ်ကိုင်ပုံကို ကြည့်ပါ။ သဘောတရားအရ လွတ်လပ်သောဈေးကွက်တွင် ဝင်ရောက်ချေးယူ ခြင်းထက် ငွေစက္ကူရိုက်ခြင်းကြောင့် ငွေဖောင်းပွမှု ပို၍ ဖြစ်မည်ဟု မဆိုနိုင်ပါ။ တစ်ဖက်တွင် ပုဂ္ဂလိကဈေးကွက်မှ အတိုးနှုန်းသည် ဘတ်ဂျက်အခက်အခဲကို ပို၍ဆိုးရွားစေနိုင်ပါသည်။

ထို့အပြင် မူဝါဒရေးရာ၌ ငွေလုံးငွေရင်း လွတ်လပ်ခွင့်ကိုပါ ထည့်ထားလျှင် လွတ်လပ်မှုဆိုသည်မှာ ယုံတမ်းစကားတစ်ခုသာ ဖြစ်နေပါသည်။နောက်ဆုံးအနေဖြင့် ဘဏ်များ၊ အာမခံကုမ္ပဏီများပါဝင်သော ဘဏ္ဍာရေးကဏ္ဍကို ဖွံ့ဖြိုးရေးအတွက် လက်နက်ကိရိယာအဖြစ်အသုံးပြုရန် လိုအပ်ပါသည်။ ရေရှည်ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးစွမ်းအားစုများကို စုစည်းပေးနိုင်သည့် အထူးဘဏ္ဍာရေးအဖွဲ့အစည်းများ တည်ထောင်ရန်လည်း လိုအပ်ပါသည်။ လွတ်လပ် သော ဘဏ္ဍာရေးစနစ်သည် စွမ်းရည်မြင့်သောဈေးကွက်ကို ပေါ်ပေါက်စေကာ ငွေကြေးများ အမြင့်ဆုံး စုစည်းပေးနိုင်ပြီး အကျိုး ကျေးဇူး အများဆုံးရှိမည့်လုပ်ငန်းများကို ခွဲဝေပေးနိုင်မည်ဟူသော အဆိုသည်လည်း လက်တွေ့တွင်မဖြစ်နိုင်သော ယူဆချက်များအပေါ် တွင် အခြေခံထားသည်။



## မြို့ကြီးများ၏ ၂၈-၁၁-၂၀၁၆ မှ ၂-၁၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၈-၁၁-၂၀၁၆) | အင်္ဂါ(၂၉-၁၁-၂၀၁၆) | ဗုဒ္ဓဟူး(၃၀-၁၁-၂၀၁၆) | ကြာသပတေး(၁-၁၂-၂၀၁၆) | သောကြာ(၂-၁၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၄၀% ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | ၄၀% ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F |
| လားရှိုး | ၆၀% ၂၃°C/၇၄°F | ၄၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F | နေသာ ၂၃°C/၇၄°F |
| ကျိုင်းတုံ | ၆၀% ၂၄°C/၇၆°F | ၅၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၆°C/၇၉°F | ၅၀% ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| တောင်ကြီး | နေသာ ၂၂°C/၇၃°F | ၄၀% ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ဘားအံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| တောင်ငူ | နေသာ ၂၃°C/၇၃°F | ၄၀% ၂၂°C/၇၂°F | တိမ်ထူထပ် ၂၂°C/၇၂°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F |
| မုံရွာ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| စစ်တွေ | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F |
| မကွေး | နေသာ ၃၁°C/၈၇°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| ဖလမ်း | နေသာ ၂၀°C/၆၈°F | နေသာ ၁၈°C/၆၅°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၈°C/၆၅°F |

## အမေရိကတိုက် အလယ်ပိုင်းသို့ အော့တိုဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်



ပြီးခဲ့သည့် နိုဝင်ဘာလ ၂၆ ရက် က အမေရိကတိုက်အလယ်ပိုင်းနိုင်ငံ များဖြစ်သည့် ကော့စတာရီကာ နှင့် နီ ကာရာဂွာနိုင်ငံတို့သို့ အော့တိုအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အေပီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကော့စတာရီကာနိုင်ငံတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူအရေအတွက်မှာတိုးလာနိုင်ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုမှ လွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်သူဦးရေမှာ ၁၅၀၀၀ ကျော်ခန့်ရှိကြောင်း ကော့စတာရီကာ နိုင်ငံသမ္မတ လူးဝစ်ဂူလီမာဆိုလစ်က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ အော့တိုဟာရီကိန်းမုန်တိုင်းသည် နီကာရာဂွာနိုင်ငံကမ်းခြေ ဒေသသို့ ဦးစွာ ဝင်ရောက်တိုက်ခတ်ပြီးမှ ကော့စတာရီကာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

နီကာရာဂွာနိုင်ငံတွင်လည်း မုန်တိုင်း မိုးရွာသွန်းမှုများကြောင့် ရေလွှမ်း မိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရဆဲပင်ဖြစ်ကြောင်း နီကာ ရာဂွာအစိုးရက ထုတ်ဖော်ကြေညာခဲ့ သည်။

ရေလွှမ်းမိုးမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် လူပေါင်း ၁၂ ဦးခန့် သေဆုံးခဲ့ရပြီး သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်သေးကြောင်း နီကာရာ ဂွာနှင့် ကော့စတာရီကာနိုင်ငံတို့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအော့တိုမုန်တိုင်း၏ အရှိန်ကြောင့် ပနားမားနိုင်ငံတွင် လည်းမိုးများရွာသွန်းလျက်ရှိရာ ပနားမားနိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။

ယင်းဟာရီကိန်းမုန်တိုင်းကြောင့် ကော့စတာရီကာနိုင်ငံရှိ ကော်ဖီစိုက်ခင်းများပျက်စီးခဲ့ရပြီး လယ်ယာစိုက်ပျိုး ရေးကဏ္ဍများတွင်လည်း ပျက်စီးဆုံးရှုံး မှုများနှင့်ရင်ဆိုင်ခဲ့ရကြောင်းကော့စတာရီကာသမ္မတက ထပ်မံပြောကြားခဲ့သည်။ **မယ်သီတာ**

## ဂျပန်နိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်

ဂျပန်နိုင်ငံတွင် နိုဝင်ဘာလ ၂၂ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခု ဖူကူရှီမားစီရင်စုတွင် လှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်နှင့်ပတ်သက်၍ အင်အားရစ်ချ်တာစကေ ၇ ဒသမ ၄ ရှိသည်ဟု အမေရိကန်နိုင်ငံမြေငလျင် တိုင်းတာရေးအဖွဲ့ကဦးစွာသတင်းထုတ် ပြန်ခဲ့သော်လည်း ဂျပန်နိုင်ငံငလျင်တိုင်းတာရေးအဖွဲ့ကမူ အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၉ အဆင့်ရှိသည်ဟု ထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ ဂျပန်နိုင်ငံက ငလျင် လှုပ်ခတ်သည့်ပမာဏအားထုတ်ပြန်ပြီး သည့်နောက်တွင် အမေရိကန်ငလျင် တိုင်းတာရေးအဖွဲ့ အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၉ ရှိသည်ဟု ပြောင်းလဲထုတ်ပြန်ခဲ့သည်။

အဆိုပါအင်အားပြင်းငလျင်မလှုပ် ခတ်မီ တစ်ရက်အလိုက အဆိုပါဖူကူ ရှီးမားစီရင်စုတွင် ငလျင်များလှုပ်ခတ် မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့် ကုန်းမြင့်ဒေသများတွင် နေထိုင်ကြရန်သတိပေးချက်များထွက်ပေါ်ခဲ့ကြောင်း သတင်းများက ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီ သတိပေးချက်များထွက်ပေါ်ခဲ့သည်။ အဆိုပါငလျင်ကြောင့်ပင်လယ်ရေလှိုင်းများသည် တစ်မီတာခန့် မြင့်တက်လာခဲ့သည်ဟု ဆိုသည်။ ဆူနာမီအကြီးစားဖြစ်ပေါ်ခြင်းမရှိဘဲ အသေးစားဆူနာမီများသာ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါအင်အားပြင်းငလျင်သည် နျူကလီးယားဓာတ်ပေါင်းဖိုများတည်ရှိရာ ဖူကူရှီးမားစီရင်စုကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်အပြီး တွင် အဆိုပါဖူကူရှီးမားအနုမြူဓာတ်ပေါင်းဖိုကို တာဝန်ရှိသူများက လာရောက်စောင့်ကြည့်ခဲ့ကြသည်။

သို့သော် ဆူနာမီအသေးစားသာ ဖြစ်ပေါ်ခဲ့သဖြင့် ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုမှာ လုံးဝထိခိုက်မှု မရှိခဲ့ဟု ဖူကူရှီးမားစီရင်စု၏ဒေသဆိုင် ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဖူကူရှီးမားစီရင်စုသည် ၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့သည့်အင် အားရစ်ချ်တာစကေး ၉ ရှိသည့်ငလျင်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ လူ ပေါင်းနှစ်သောင်းကျော်သေကြေပျက်စီးခဲ့ရသည်။

ထို့ပြင် နိုဝင်ဘာလ ၂၄ ရက်က လည်း အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိအင်အားပြင်းထန်သည့်ငလျင်တစ်ခု ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။ **မယ်သီတာ**

# tar&deEkdif;pH;oltbh&;&mapmifum&;uGufESif
# jrefmEkdif;pH;oltbh&;&mqDay

*ယခင်တစ်ပတ်မှအဆက်*

**တိုင်ကြားမှုအမျိုးအစား ခွဲခြားလက်ခံဆောင်ရွက်ခြင်း**

စားသုံးသူများ တိုင်ကြားသည့် အမှုအမျိုးအစားအပေါ် မူတည်၍ တိုင်ကြားမှု အမျိုးအစား များမှာ ကြွေးတောင်းခံခြင်း၊ ကိုယ်ရေး အချက်အလက်ခိုးယူခံရခြင်း၊ အယောင်ဆောင် လိမ်ညာခြင်း၊ တယ်လီဖုန်းနှင့် မိုဘိုင်းဝန်ဆောင်မှု၊ ဆုကြေးများ၊ ကံစမ်းမဲများနှင့်ထီ၊ ဘဏ်နှင့်ငွေထုတ်ချေးသူများ၊ အိမ်တွင်းနှင့် ကက်တလောက်ပြ စျေးရောင်းခြင်း၊ အခြားဆက်စပ် တိုင်ကြားမှုများ၊ ရုပ်မြင်သံကြားနှင့် အီလက်ထရောနစ် ဆက်သွယ်ရေး၊ မြို့ရှင် ဗျူရို၊ သတင်းအချက်အလက် ပေးသူနှင့် သုံးစွဲသူများ၊ အင်တာနက်ဝန်ဆောင်မှု၊ အကြွေးဝယ်ကတ်၊ ကျန်းမာရေးဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သောကဏ္ဍ၊ ပြည်ပငွေကြေး ပေးကမ်းမှု နှင့် ငွေကြေးအတုပြုလုပ်မှု၊ အကြွေးဝယ်ကတ် ဝန်ဆောင်မှုအတွက် ကြိုတင်ငွေပေးသွင်းမှု၊ ခရီးသွားခြင်း အပျော်ခရီးထွက်ခြင်းနှင့် အပန်းဖြေ အိမ်ယာစုပေါင်းငှားရမ်းခြင်း၊ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ ဌာနဆိုင်ရာ ထောက်ပံ့ရေးနှင့် ဝန်ဆောင်မှုများ၊ အပေါင်ပစ္စည်းသိမ်းယူခြင်းမှ သက်သာစေခြင်းနှင့် အကြွေးစီမံခန့်ခွဲမှု၊ မဂ္ဂဇင်းနှင့် စာအုပ်များ၊ အိမ်ပြုပြင်ထိန်းသိမ်းရေးနှင့် ထုတ်ကုန်ပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် ဆော့ဖ်ဝဲလ်များ၊ ပညာရေး၊ ထောက်ပံ့ကြေးများ၊ ကြိုတင်ခွန်ကောက်ခံခြင်း၊ ကုသိုလ်ဖြစ်လှူဒါန်းခြင်း၊ အင်တာနက် လေလံဆွဲခြင်း၊ စားသုံးသူများ၏ အဖွဲ့အစည်းများ၊ နာရေးဝန်ဆောင်မှုများ စသည်ဖြင့် တိုင်ကြားမှုအမျိုးအစားပေါင်း ၃၀ ဖြင့် လက်ခံဆောင်ရွက်ပေးလျက် ရှိပါသည်။

**တိုင်ကြားသည့် အမှုအရေအတွက်**

စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) သို့ တိုင်ကြားလာသည့် အမှုအရေအတွက် တိုးပွားလာမှုအား ၂၀၀၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အောက်ပါ ဖော်ပြထားသည့် ဇယားတွင် လေ့လာနိုင်ပါသည်။




၂၀၀၁ ခုနှစ်တွင် တိုင်ကြားမှုပေါင်း ၃၂၅၅၁၉ သာ ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှစတင်ကာ ခြောက်နှစ်အတွင်း တိုင်ကြားမှုပေါင်း ၁၀၇၀၄၄၇ မှ ရောက်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် တိုင် ကြားမှုပေါင်း ၂၁၁၃၆၁၅ မှ ရောက်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၃၀၈၃၃၇၉ မှ ထိရှိခဲ့ပြီး ၁၅ နှစ်အတွင်း တိုင်ကြားမှုပေါင်း ၁၀ ဆခန့် မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင်လည်း စားသုံးသူများ၏ နစ်နာမှုများမှာ နှစ်စဉ်နှင့်အမျှ တိုးတက်လျက်ရှိနေကြောင်း သုံးသပ် တွေ့ရှိရပါသည်။

**ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုင်ကြားခြင်း**

စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) သို့ ဝက်ဘ်ဆိုက်မှတစ်ဆင့်တိုင်ကြားပါက ပထမစာမျက်နှာတွင် စားသုံးသူထံသို့ ကုမ္ပဏီက မည်ကဲ့သို့ ဆက်သွယ်ခဲ့ကြောင်း ဖြည့်စွက်ရန် ဖော်ပြထားသည်။

ဒုတိယစာမျက်နှာတွင် စားသုံးသူအား ပေးချေရန် တောင်းဆိုသည့် ငွေပမာဏ၊ စားသုံးသူ ပေးလိုက်ရသည့်ငွေပမာဏ၊ ငွေပေးချေသည့်နည်းလမ်း၊ ကုမ္ပဏီမှ ဆက်သွယ်ခဲ့သည့် နည်းလမ်း၊ ဆက်သွယ်ခဲ့သည့် ရက်၊ လ၊ နှစ် ပထမဆုံးဆက်သွယ်မှုတွင် စားသုံးသူ၏ တုံ့ပြန်မှု၊ ကုမ္ပဏီမှ ဆက်သွယ်သူ၏နာမည်တို့အား ဖြည့်စွက်ဖြေဆိုရန် ဖြစ်ပါသည်။

တတိယစာမျက်နှာတွင် ကုမ္ပဏီ၏ အချက်အလက်များအား ဖြည့်စွက်ရန် ဖော်ပြထားပြီး ကုမ္ပဏီအမည်၊ လိပ်စာ၊ အီးမေးလ်၊ ဖုန်းနံပါတ် တို့အား ဖြည့်စွက်ဖြေဆိုရန် ဖြစ်ပါသည်။

စတုတ္ထစာမျက်နှာတွင် စားသုံးသူအနေဖြင့် အချက်အလက်များအား ဖြည့်စွက်ရန် ဖော်ပြထားပြီး အမည်၊ လိပ်စာ၊ အီးမေးလ်၊ ဖုန်းနံပါတ်၊ အသက်အပိုင်းအခြား တို့အားဖြည့်စွက် ဖြေဆိုရန် ဖော်ပြထားပါသည်။

ပဉ္စမစာမျက်နှာတွင် စားသုံးသူအနေဖြင့် အမှုဖြစ်ပွားပုံကို စကားလုံး၃၅၀ထက်မပိုသော စာရေးသား တိုင်ကြားရန် ဖော်ပြထားပြီး အဆိုပါတိုင်ကြားမှုတွင် မိမိ၏ မွေးနေ့သက္ကရာဇ်၊ ဘဏ်စာရင်းနံပါတ်၊ အကြွေးကတ်နံပါတ်နှင့် ယာဉ်မောင်းလိုင်စင်နံပါတ် အစရှိသည်တို့အား ဖော်ပြခြင်းမပြုရန် သတိပေးထားကြောင်း တွေ့ရှိရပါသည်။

နောက်ဆုံးစာမျက်နှာတွင် အင်တာနက်မှ တိုက်ရိုက်ဖုန်းခေါ်ဆို တိုင်ကြားမှုပြုနိုင်ရန် ဆောင်ရွက်ထားပြီး အဆိုပါ ဝန်ဆောင်မှုမှာ တနင်္လာနေ့မှ သောကြာနေ့ (နံနက် ၉ နာရီ မှ ည ၈ နာရီ) အထိ တိုင်ကြားနိုင်ကြောင်း တွေ့ရှိရပါသည်။

**ခုနှစ်အလိုက် တိုင်ကြားသော အမှုအမျိုးအစားများ**

အမေရိကန်နိုင်ငံ စားသုံးသူများ တိုင်ကြားမှုကို လေ့လာရာတွင် လိမ်ညာခံရမှု၊ ကိုယ်ရေးအချက်အလက် ခိုးယူခံရမှု နှင့် အခြားကိစ္စရပ်များအား နှစ်အလိုက် ဖော်ပြထားရာ ၂၀၁၅ ခုနှစ်တွင် လိမ်ညာခံရမှုမှာ လွန်ခဲ့သည့်နှစ်များအောက် လျော့နည်းခဲ့ပြီး ကိုယ်ရေးအချက်အလက် ခိုးယူခံရမှုမှာ မြင့်တက်ခဲ့ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။




**လိမ်လည်ခံရသည့် ငွေကြေးပမာဏ**

လိမ်လည်ခံရမှု ငွေကြေးပမာဏကို လေ့လာရာတွင် လိမ်လည်ခံရသည့်အတွက် ငွေကြေးဆုံးရှုံးမှုအကြောင်းကို တိုင်ကြားမှုမှာ ၂၀၁၅ ခုနှစ်တွင် ကျဆင်းခဲ့ပြီး လိမ်လည်ခဲ့သည့် ပမာဏ အမေရိကန် ဒေါ်လာ ၇၆၅၂၅၆၈၂၇ အပေါ်တွင် တိုင်ကြားမှုပေါင်း ၁၂၄၆၈၄၉ ရှိရာ လူတစ်ဦး လျှင် ပျမ်းမျှ ၁၁၅၄ ဒေါ်လာနှုန်း လိမ်လည်ခံရကြောင်း တွေ့ရှိရပါသည်။

**ငွေကြေးလိမ်လည်ခံရမှုတွင် သုံးစွဲခဲ့သည့် ငွေလွှဲနည်းလမ်းများ**

၂၀၁၅ ခုနှစ်အတွင်း ငွေကြေးလိမ်လည်ခံရမှုများတွင် အမေရိကန် စားသုံးသူများအနေဖြင့် သုံးစွဲခဲ့သည့် ငွေလွှဲပြောင်းပေးသည့် နည်းလမ်းများတွင် စာတိုက်စနစ်ဖြင့် ငွေလွှဲခြင်းမှာ ၆၁ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်းတွေ့ရှိရပြီး အကြွေးကတ်ဖြင့် ပေးချေခြင်းမှာ ၁၄ ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**တိုင်ကြားမှုနည်းလမ်းများ**

စားသုံးသူများက စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) သို့ တိုင်ကြားခဲ့သည့် နည်းလမ်းများမှာ ဖုန်းဖြင့် တိုင်ကြားခြင်း၊ အီးမေးလ်မှတစ်ဆင့် တိုင်ကြားခြင်း၊ ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုင်ကြားခြင်း၊ စာတိုက်မှတစ်ဆင့် တိုင်ကြားခြင်းနှင့် အခြားနည်းလမ်းဖြင့် တိုင်ကြားခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရပြီး ၂၀၁၅ ခုနှစ်တွင် အီးမေးဖြင့် တိုင်ကြားခြင်း ရှစ်ရာခိုင်နှုန်း၊ ဝက်ဘ်ဆိုဒ်သို့တိုင်ကြားခြင်း ခြောက်ရာခိုင်နှုန်း၊ စာဖြင့် ပေးပို့တိုင်ကြားခြင်း လေးရာခိုင်နှုန်း၊ တယ်လီဖုန်းဖြင့် တိုင်ကြားခြင်း ၇၅ ရာခိုင်နှုန်းနှင့် အခြားနည်းလမ်းများဖြင့် တိုင်ကြားခြင်း ခုနှစ်ရာခိုင်နှုန်း အထိရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**စစ်တပ်မှ တိုင်ကြားမှုများ**

| ဇေယျာဆွေ |

၂၀၁၅ ခုနှစ်အတွင်း စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) သို့ အမေရိကန် စစ်တပ်မှ ကိုယ်ရေးအချက်အလက်များ ခိုးယူခံရမှုအတွက် တိုင်ကြားမှုပေါင်း ၉၆၅၅၇၈ ရှိခဲ့ပြီး ကြည်းတပ်မှ ၄၈ ရာခိုင်နှုန်းဖြင့် အများဆုံးရာခိုင်နှုန်းဖြစ်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**Consumer Sentinel Network Military Complaints by Consumer Military Branch**

*January 1 – December 31, 2015*

| Military Branch | Complaints | Percentages[1] |
|---|---|---|
| U.S. Army | 45,976 | 48% |
| U.S. Navy | 20,559 | 21% |
| U.S. Air Force | 19,006 | 20% |
| U.S. Marines | 9,238 | 10% |
| U.S. Coast Guard | 1,799 | 2% |
| Total | 96,578 | |

[1]Percentages are based on the total number of CSN complaints from military consumers reporting their branch of service (96,578) between January 1 and December 31, 2015. Of the 109,934 military consumers, 88% reported this information during CY-2015.

အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင် (Federal Trade Commission-USA) နှင့် စားသုံးသူရေးရာ စောင့်ကြည့်ရေး ကွန်ရက် (Consumer Sentinel Network) တို့၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့် နှစ်ချုပ်အစီရင်ခံစာ စာအုပ်များအပေါ် လေ့လာရာတွင် စားသုံးသူရေးရာဌာနအနေဖြင့် မြန်မာနိုင်ငံမှ စားသုံးသူများအတွက် ဆောင်ရွက်ပေးရမည့်ကဏ္ဍများ များပြားစွာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တွေ့ရှိရပြီး အခြားဆက်စပ်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များလည်းရှိကြောင်း တွေ့ရှိရပါသည်။

အဓိကအားဖြင့် သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်နိုင်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ရေး (Infrastructure Building) အား တည်ဆောက်ရမည့်အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဝန်ထမ်းများ၏ စွမ်းရည်တည်ဆောက်ရေး (Capacity Building) ကိုလည်း အထူးလုပ်ဆောင်သွားရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါသည်။

အမေရိကန်နိုင်ငံ စားသုံးသူရေးရာစောင့်ကြည့်ရေး ကွန်ရက် (Consumer Sentinel Network) သို့ တိုင်ကြားသည့် ဖြစ်စဉ်များပေါ် မူတည်၍ အမျိုးအစားခွဲခြားပြီး လက်ခံဖြေရှင်း ဆောင် ရွက်ကြောင်း တွေ့ရှိရသဖြင့် စားသုံးသူရေးရာဌာနများအနေဖြင့်လည်း စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တိုင်ကြားသည့် အကြောင်းအရာအပေါ် မူတည်၍ ကဏ္ဍအလိုက် ခွဲခြားဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့အစည်းများသို့ အချိန်နှင့် တစ်ပြေးညီ ဆက်စပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် အမေရိကန်နိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဖွဲ့စည်းထားသည့် စားသုံးသူရေးရာ စောင့်ကြည့်ရေးကွန်ရက် (Consumer Sentinel Network) တွင် Federal Bureau of Investigation(FBI)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်တပ်မတော် စသည့် အဖွဲ့အစည်းကြီးများ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသဖြင့် မိမိတို့ မြန်မာနိုင်ငံ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များတွင်လည်း အခြားအရေးကြီးဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အချက်အလက်များ မျှဝေခြင်း၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များတွင် အထူးပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာနိုင်ငံမှ စားသုံးသူများ သိရှိနိုင်ရေး ရေးသားဖော်ပြအပ်ပါသည်။

**သတင်းအချက်အလက်နည်းပညာနှင့်**
**အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ**

# ဒဗလျူဘီအိုလိုက်တ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရရှိသည့်ဆုသည် ကမ္ဘာပေါ်ရှိ မိန်းမလျာအားလုံးအတွက်ဖြစ်သည်ဟု အော်လန်ဒိုခရုဇ်ဆို

ဒဗလျူတီအို လိုက်တ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် တယ်ရီဖလေဂန်ထံမှ သရဖူကို လွှဲပြောင်းရယူနိုင်ခဲ့ပါက အဆိုပါသရဖူသည် ကမ္ဘာပေါ်ရှိ မိန်းမလျာများ (Gays) အားလုံးအတွက်ပင်ဖြစ်သည်ဟု ပွာတိုရီကိုနိုင်ငံမှ လက်ဝှေ့ကျော် အော်လန်ဒိုခရုဇ်က ပြောကြားခဲ့သည်။

ပွာတိုရီကိုနိုင်ငံသား အော်လန်ဒိုခရုဇ်နှင့်ဗြိတိသျှနိုင်ငံသား တယ်ရီဖာလ်နာဂန်တို့၏ ထိုးသတ်ပွဲ နိုဝင်ဘာ ၂၆ ရက်တွင် အင်္ဂလန်နိုင်ငံ၊ ကာဒစ်ဖ်မြို့ရှိ မော်တာပွိုင့်ဧရီယာနာတွင် ကျင်းပမည်ဖြစ်သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ပွာတိုရီကိုနိုင်ငံသား ခရုဇ်သည် ဖာလ်နာဂန်နှင့်ထိုးသတ်မည့်ပွဲတွင်မှ ၎င်းသည် မိန်းမလျာ (ဂေး)တစ်ဦးဖြစ်ကြောင်း ဖွင့်ဟဝန်ခံခဲ့သူလည်းဖြစ်သည်။

ယခုထိုးသတ်မည့်ပွဲသည် ဖာလ်နာဂန်၏ လေးကြိမ်မြောက် သရဖူကာကွယ်ပွဲဖြစ်ပြီး ပြီးခဲ့သည့်ဇူလိုင်လအတွင်းက တောင်အာဖရိကနိုင်ငံမှ လက်ဝှေ့ကျော် အမ်ဇွန်ကီဖာနာကို အနိုင်ရရှိခဲ့သဖြင့် သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့သူဖြစ်သည်။

"ဒီပွဲဟာ ကျွန်တော့်အတွက်ရော၊ ကျွန်တော့် အသိုင်းအဝိုင်းအတွက်ရော၊ ကျွန်တော့်မိသားစုအတွက်၊ကျွန်တော့်နိုင်ငံအတွက် တကယ့်ကို အရေးပါတဲ့ပွဲတစ်ပွဲပါ။ အံ့အားသင့်ဖို့ကောင်းတဲ့၊ စိတ်လှုပ်ရှားဖို့ကောင်းတဲ့၊ စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတစ်ပွဲပါ။ အားလုံးက ကျွန်တော့်ကို စိတ်ဝင်စားနေကြပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့အဆင့်ကို မြှင့်တင်နိုင်ဖို့ ကြိုးစားသွားမှာပါ။ ကျွန်တော့်အသိုင်းအဝိုင်းက ကျွန်တော့်ကို ပြောကြတယ်။ အချိန်က နီးကပ်နေပြီ။ ဒါကြောင့် ကျွန်တော့်အတွက် အားလုံးက စိုးရိမ်နေကြတယ်။ ဒါပေမယ့် ကျွန်တော်မကြောက်ပါဘူး။ အားလုံးအတွက် သရဖူကို ရအောင်ယူပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။



# လီဗာပူးအသင်း၏ ဂန္ထဝင်ခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ် ဘောလုံးလောကမှ အနားယူပြီ

လီဗာပူးအသင်း၏ဂန္ထဝင်ခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူစတီဗင်ဂျရတ်သည် ဘောလုံးလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

လီဗာပူးအသင်းနှင့် အင်္ဂလန်အသင်း၏ခေါင်းဆောင်ဟောင်း စတီဖင်ဂျရတ်သည် အသက် ၃၆ နှစ်အရွယ်ရှိပြီး အမေရိကန်ဘောလုံးလိဂ်ဖြစ်သည့် မေဂျာလိဂ်ဘောလုံးလိဂ်ပြိုင်ပွဲဝင် အယ်လ်အေဂလက်စီအသင်းနှင့် စာချုပ်ကုန်ဆုံးချိန်တွင် ယခုကဲ့သို့ ပရော်ဖက်ရှင်နယ်ဘောလုံးသမားဘဝမှ အနားယူတော့မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

စတီဗင်ဂျရတ်က "ကျွန်တော်ရဲ့အနာဂတ်ကို ပရော်ဖက်ရှင်နယ်ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မယုံကြည်နိုင်စရာကောင်းလောက်တဲ့ ဘောလုံးသမားဘဝကို ဖြတ်သန်းခဲ့ပြီးပါပြီ။ ကျွန်တော့်ကို ကစားသမားဘဝမှာ ဖြတ်သန်းခွင့်ပြုခဲ့တဲ့ လီဗာပူးလ်၊ အင်္ဂလန်၊ အယ်လ်အေဂလက်ဆီအသင်းတို့ကို အထူးကျေးဇူးတင်မိပါတယ်"ဟု ဂျရတ်က ပြောကြားခဲ့သည်။

ဂျရတ်သည် လီဗာပူးအသင်းတွင် ပွဲပေါင်း ၇၁၀ အထိ ကစားခဲ့ပြီး ပရီးမီးယားလိဂ်ဖလား အပါအဝင် ဖလားပေါင်းကိုးခုအထိ ရယူပေးနိုင်ခဲ့သည်။ "ငယ်ရွယ်စဉ်ကလေးဘဝကတည်းက လီဗာပူးအသင်းရဲ့တီရှပ်ကို ဝတ်ပြီး ကစားခွင့်ရဖို့အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့တာကို အခုထိတွေးပြီး ပျော်နေမိတယ်"ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

# KBZ Bank Myanmar Women League ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ခုနစ်သင်းဖြင့် စတင်ကျင်းပမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာအမျိုးသမီး ဘောလုံးလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာလအတွင်း စတင်ကျင်းပမည်ဖြစ်ရာ အဆိုပါဘောလုံးပြိုင်ပွဲကို ကမ္ဘောဇဘဏ်က အဓိကစပွန်ဆာအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။




ထို့ကြောင့် အဆိုပါဘောလုံးပြိုင်ပွဲကို KBZ Bank Myanmar Women League ဟု အမည်ပေးကာ ဒီဇင်ဘာ ၁၀ ရက်မှစတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းဘောလုံး ပြိုင်ပွဲအတွက် အဓိကစပွန်ဆာအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဇဘဏ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ စာချုပ်ချုပ်ဆိုပွဲကို ရန်ကုန်မြို့ရှိ Novotel Yangon Max တွင် ကျင်းပခဲ့သည်။

KBZ Bank Myanmar Women League ဘောလုံးပြိုင်ပွဲအတွက် ကမ္ဘောဇဘဏ်က ကျပ်သိန်း ၃၀၀၀ ပံ့ပိုးပေးထားပြီး ချန်ပီယံအသင်းအား ချန်ပီယံဆုဖလား၊ တစ်ဦးချင်း ရွှေတံဆိပ်ဆုနှင့် ဆုကြေးကျပ်သိန်း ၁၅၀၊ ဒုတိယရရှိသည့်အသင်းအား တစ်ဦးချင်းငွေတံဆိပ်ဆုနှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ တတိယရရှိသည့်အသင်းအား တစ်ဦးချင်း ကြေးတံဆိပ်ဆုများနှင့် ဆုကြေး ကျပ်သိန်း ၅၀ တို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုနှင့် ဆုကြေးငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့ရှိ အောင်ဆန်း အားကစားပြိုင်ဝင်းတွင် ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဆီမီးပရိုအဆင့်ကနေပရိုအဆင့်ကို ဆက်သွားဖို့ ကြိုးစားကြရပါမယ်။ အသင်းတွေအနေနဲ့လည်း ပြည်နယ်နဲ့တိုင်းအသီးသီးက ကစားသမားတွေကို ရှာဖွေစုစည်းကြရပါမယ်။ အနာဂတ်လှတဲ့ လိဂ်ပြိုင်ပွဲဖြစ်ပြီး လက်ရွေးစင်ကစားသမားတွေ မွေးထုတ်ပေးနိုင်ဖို့ ကြိုးစားကြပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများမှာ ISPE FC, Gandamar FC, Zwekapin FC, Sport & Education FC, Myawady FC, Home Affair FC နှင့် YREO FC တို့ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

# အာဆီယံ-ယူနန် ဖိတ်ခေါ်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်တွင် ထိုင်းလေတပ်အသင်းအား သုံးဂိုးတစ်ဂိုးဖြင့် ဟံသာဝတီအသင်း ရှုံးနိမ့်

ဟံသာဝတီယူနိုက်တက်အသင်းသည် ယူနန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲ ပွဲဦးထွက်အဖြစ် နိုဝင်ဘာ ၂၃ ရက်က ထိုင်းလေတပ်အသင်း Air Force Central FC နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ထိုင်းလေတပ်အသင်းသည် ၎င်းတို့၏ ပြည်တွင်းကစားသမားများအပြင် ဘရာဇီးတိုက်စစ်မှူးတစ်ဦးအား ထည့်သွင်းကစားသွားခဲ့ပြီး ဟံသာဝတီအသင်းတွင် ကိုကိုနိုင်(ဂိုး)၊ လာဒင်မောရာ၊ ရန်အောင်ဝင်း၊ ကျော်ကျော်ထွန်း၊ ရွှေလှိုင်ဝင်း၊ ဝေဖြိုးသူ၊ ပိုင်မိုးဝေ၊ ပြည်မိုး၊ အောင်မျိုးသူရ၊ အောင်အောင်ဦး၊ ကျော်ဇေယျတို့ ပွဲထွက်ကစားသမားများအဖြစ် ပါဝင်ကစားခဲ့ကြသည်

ထိုင်းလေတပ်အသင်းသည် ပွဲချိန် ၃၁ မိနစ်၊ ၄၄ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ဂိုးများသွင်းယူနိုင်ခဲ့ပြီး ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ပြည်မိုးက သွင်းယူပေးခဲ့ကြောင်း သိရသည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၂၇ ရက်တွင် လာအိုထိပ်တန်းကလပ်အသင်းဖြစ်သည့် Savannakhet FC အသင်းနှင့် လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် တရုတ်လိဂ်-၂ ထိပ်သီးအသင်းဖြစ်သော Lijiang FC အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယခုပြိုင်ပွဲအား တိုယိုတာထိုင်းလိဂ် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁)နေရာ ဌရပ်တည်လျက်ရှိသော SCG Muangthong United အသင်းလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းအသင်းမှာ အုပ်စု(င)တွင် တရုတ်ကလပ်အသင်းများနှင့်အတူ ကျရောက်နေလျက်ရှိကြောင်း သိရသည်။

အုပ်စု(င)နှင့် အုပ်စု(စ)တို့မှ အသင်းများသည် အုပ်စုပတ်လည်အဆင့်တွင် ကွာတားဖိုင်နယ်သို့ အမှတ်အများဆုံးနှစ်သင်းစီ တက်ရောက်မည်ဖြစ်ပြီး ကျန်အုပ်စုများတွင်ယူနန်ပြည်နယ်မှ ခြေစစ်ပွဲအောင်သည့် ကလပ်အသင်းများ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

# နေပြည်တော်ဘောလုံးအသင်း၏အိမ်ကွင်းအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကို အသုံးပြုသွားမည်

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကို နေပြည်တော်အသင်း၏ အိမ်ကွင်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော်ဘောလုံးအသင်းသည် ယခင်က အိမ်ကွင်းအဖြစ်အသုံးပြုနေသည့် ပေါင်းလောင်းကွင်းအစား ဝဏ္ဏသိဒ္ဓိကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုနိုင်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပေါင်းလောင်းကွင်းကနေ ဝဏ္ဏသိဒ္ဓိကွင်းကို ပြောင်းရွှေ့အသုံးပြုခွင့်ရခဲ့ပေမယ့် ပေါင်းလောင်းကွင်းမှာ အသုံးပြုခဲ့တဲ့ပစ္စည်းတွေနဲ့ မီးဆိုင်းတွေကို မူလအတိုင်းထားပေးခဲ့မှာပါ။ ဖြုတ်သိမ်းသွားမှာမဟုတ်ပါဘူး"ဟု နေပြည်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ နေပြည်တော်ဘောလုံးအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း ၂၀၁၇မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် ပြန်လည်တန်းတက်ခွင့်ရရှိခဲ့သည့် အသင်းဖြစ်သည်။ နေပြည်တော်အသင်းသည် လက်ရှိအချိန်တွင် လူငယ်အသင်းနည်းပြချုပ် ဦးကျော်မင်းထူးကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားပြီး ကစားသမား ၂၇ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Vol: 16, No.45 Monday November 28 2016

# ယင်းမာပင်ခရိုင်၊ စားသုံးသူအခြေင်းပွားမှုဖြေရှင်းရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်တွင် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်း၌ ကျင်းပခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းမာပင် ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ကျန်းမာရေး၊ စည်ပင်၊ ပညာရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် မိမိဆောင်ရွက်လိုသည့် လုပ်ငန်းစီမံချက်များအား တင်ပြရန် လိုအပ်ကြောင်း၊ မြို့နယ်များအတွင်း ရှိ ဈေးများအား စစ်ဆေးလိုပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေး အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း သို့ဖြစ်ပါ၍ မိမိသွား ရောက်လိုသည့်မြို့နယ်၊ သွားရောက်မည့် ရက်၊ သွားရောက်မည့်နေရာတို့ကို တင်ပြပေးရန် လိုအပ်ကြောင်း မှာကြားပါသည်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုက မိမိတို့ဌာနအနေဖြင့် ယင်းမာပင် ခရိုင်အတွင်းရှိ မြို့နယ်များသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို အကြိမ် (၃၂၀) အထိ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျောင်းနှင့် ဈေးများကို အဓိကထားပြီး ပညာပေး ဟောပြောပွဲများ ပြုလုပ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်များရှိ ဈေးများကို တရားဝင် ထုတ်လုပ်ရောင်းချခွင့်ရှိသည့် ပစ္စည်းများကို ရောင်းချစေရေးနှင့် တရားမဝင်ထုတ်လုပ်ပြီး ပြည်သူလူထု စားသုံးရန် မသင့်သည့် ပစ္စည်းများ ရောင်းချမှု မရှိစေရေးအတွက် စစ်ဆေးနိုင်ရန် ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းများက လိုက်ပါဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင် ရွက်မည့် အစီအမံများကို တင်ပြပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပါသည်။

**သူဇာကျော် (ယင်းမာပင်)**

# မြောင်းမြမြို့ပေါ်ရှိ ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မြောင်းမြမြို့ပေါ်ကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက်က အထက (ခွဲ) နေရှင်နယ်ကျောင်းတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူ ၂၈၀ ဦး၊ နိုဝင်ဘာ ၁၇ ရက်က အထက (၅) ကျောင်းတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူ ၂၅၆ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေး၊ ဥပဒေ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိတဲ့ မုန့်များ၊ ကုန်စည်များ၊ ရက်လွန်ကုန်စည်များနှင့် ခွင့်မပြု ဆိုးဆေးများ ပါဝင်တဲ့ ကုန်စည်များအကြောင်းနဲ့ အစားအစာများ၊ ဆေးဝါးများတွင် FDA ထောက်ခံချက်ပါ/မပါ ကုန်ဆုံးရက်ပါ/မပါစတဲ့ အချက်များကို ကြည့်ရှုရမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသော အစားအသောက်များ စားသုံးမိပါက ဆိုးကျိုးများ ရရှိနိုင်ကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး၊ ကျောင်းမုန့်ဈေးတန်းတွင် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစိစစ် ပညာပေးခဲ့ကြောင်း သိရပါတယ်။

**ဇော်မင်း (မြောင်းမြ)**

# ပုသိမ်မြို့တွင် ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာပေး ဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့မှ မွေးမြူရေးလုပ်ငန်းရှင်များအတွက် ကမ္ဘာ့ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာပေးရက်သတ္တပတ် (World Antibiotic Awareness Week) အဖြစ် ပဋိဇီဝဆေးယဉ်ပါးမှု မရှိစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးတွင်ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါက်တာ ခင်အောင်၊ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်၊ မြို့နယ် ဦးစီးမှူးဒေါက်တာအောင်နိုင်၊ ဓာတ်ခွဲခန်းမှ သုတေသနအရာရှိ ဒေါက်တာအေးအေးမော်၊ ဒေါက်တာအေးသီတာ၊ ပုသိမ်မြို့ပေါ်ရှိ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွား၊ ဆိတ်စီးပွားဖြစ် မွေးမြူလျက်ရှိသော ခြံရှင်တောင်သူ ၇၀ ဦးခန့် တက်ရောက် ခဲ့ပါတယ်။

အသိပညာပေးပွဲတွင် တိုင်းဒေသကြီး ညွှန်ကြားရေး မှူးဒေါက်တာခင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးဒေါက်တာသန်းနိုင်က တက်ရောက်လာသော မွေးမြူရေးလုပ်ငန်းရှင်များအား ရောဂါဘယကင်းရှင်းပြီး၊ စနစ်တကျမွေးမြူနိုင်ရန်နှင့် ပဋိဇီဝဆေးများသုံးစွဲရာတွင် ဆေးယဉ်ပါးမှုမရှိစေရေး၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ ညွှန်ကြားချက်အတိုင်း သုံးစွဲရန်သာမက ကုသသည့်ဆေးအမျိုးအစားနှင့်သုံးစွဲရမည့် ကာလအပိုင်းအခြားကိုအလေး ထားဂရုစိုက်၍ မှတ်ပုံတင်ထားသော ဆေးကုမ္ပဏီများမှ ဆေးများကိုသာ သုံးစွဲရန်နဲ့ ဆေးကုသမှုမှတ်တမ်းများကို သေချာစွာ ထိန်းသိမ်းထားရန်၊ ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်သည့်အနေဖြင့် ကာကွယ်ဆေးများကို အချိန်မီထိုး၍ ပဋိဇီဝဆေးများကို စနစ်တကျသုံးစွဲမှုသာ ဆေးယဉ်ပါးမှုပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့်ပတ်သက်သည့် အသိပညာဗဟု သုတများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး**



# အထက(၂) ဖလမ်းမြို့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသောင်းကြိုင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၈ ရက်က ဖလမ်းမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အထက(၂)ဖလမ်းမှ ကျောင်းအုပ်ကြီး၊ ကျောင်းဆရာ၊ ဆရာမ၊ ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၅၁၀ ဦးခန့် တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှာ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီ မြေပဲဆီစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲများတွင် ဦးသောင်းကြိုင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဒေါ်ကြယ် (ဟားခါးမြို့)**

# မော်လမြိုင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များအား အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးကွင်းဆင်းဆောင်ရွက်



မော်လမြိုင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကွင်းရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်က မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက်ရှိစားသောက်ဆိုင်များအား သွားရောက်၍ ဆိုင်များ၏ လုပ်ငန်းပတ်ဝန်းကျင် အခြေအနေ၊ လုပ်ငန်းနှင့်ပတ်သက်သည့် ပစ္စည်းများ အထားအသို စနစ်ကျမှု ရှိ/မရှိ၊ လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများ စည်းကမ်းတကျ စွန့်ပစ်မှု ရှိ/ မရှိ၊ ရေသုံးစွဲမှုအခြေအနေ၊ ရေလောင်းအိမ်သာထားရှိမှု အခြေအနေ၊ လုပ်ငန်းလိုင်စင်၊ လုပ်ထုံးလုပ်နည်းအရ လိုအပ်ချက်များကို လိုက်နာမှု၊ လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ရေမြောင်းဖောက်ခြင်း၊ တရားဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများထား သိုလှောင်ရောင်းချခြင်းရှိ/မရှိ၊ လုပ်ငန်းအလုပ်သမားများ၏ ကျန်းမာရေးအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ စစ်ဆေးမှုအပြီးတွင် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်သီတာအေးက စားသောက်ဆိုင်ပိုင်ရှင်များနှင့် ဝန်ထမ်းများအား ကျန်းမာရေး အသိပညာ ဗဟုသုတများအား လည်းကောင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ကြည်အေးဆွေက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအား လည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်မေကြည်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအားလည်းကောင်း ဓာတုဆိုးဆေးများ၏အန္တရာယ်များ၊ အစားအသောက်ထုတ်လုပ်မှု ထုပ်ပိုးမှုနှင့်ပတ်သက်သော ဗဟုသုတများအား လည်းကောင်း၊ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ကြည်အေးဆွေ(မွန်)**

# မြင်းမူမြို့ ရွှေပြည်သစ်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး၏ ဦးဆောင်ကြီးကြပ်မှုအရ နိုဝင်ဘာ ၂၂ ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးညီလာခံ နှီးနှောဖလှယ်ပွဲသို့ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသြဘာ၊ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်း၊ စစ်ကိုင်းခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ စားသုံးသူပြည်သူများ စုစုပေါင်း ၉၀ ဦး တက်ရောက်ခဲ့ရာ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက အဖွင့်အမှာစကား ပြောကြား ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြင်းမူမြို့ ဒေသခံကိုယ်စားလှယ် ဒေါက်တာသန်းတင့်နှင့် မြင်းမူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှဒေါက်တာကေသီခိုင်တို့က ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းအကျဉ်း၊ စားသုံးသူရေးရာကိစ္စရပ်များနှင့်ပတ်သက်သည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ တက်ရောက်လာသော ဧည့်သည်တော်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ဆွေးနွေးမေးမြန်းချက်များအား စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

စားသုံးသူ အကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိ ပါသည်။

**ခင်စောဝင်း၊ ခင်လေးနွယ်(စစ်ကိုင်း)**

# ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသော တွေ့ဆုံပွဲတွင်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ဘားအံမြို့ ဇွဲကပင်ခန်းမတွင် နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အစည်းအဝေးပွဲမှာ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံ၊ ဥပဒေပါ အချက်အလက်များ၊ စားသုံးသူတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများ၊ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်နေမှုများ၊ ဆက်စပ်ဌာနများနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ အခြေအနေများ၊ အာဆီယံနိုင်ငံများတွင် ဆောင်ရွက်နေမှုများ ၊ ကုန်သွယ်မှုအခြေအနေများနဲ့ တရားမဝင် ကုန်သွယ်မှုများအကြောင်း၊ လုံခြုံ စိတ်ချရမှုမရှိတဲ့ ကုန်သွယ်မှု ဝင်ရောက်နေမှုများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုအပ်ပုံများ ဟောပြောခဲ့ပြီးရပ်ကွက်/ကျေးရွာများတွင် တက်ရောက်သူဦးရေ နည်းပါးခြင်းကြောင့် တက်ရောက်သူများပြားအောင် စုစည်းပေးရန် လိုအပ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းက တစ်ဦးတစ်ယောက်ဖြင့် ဆောင်ရွက်လို့ မရနိုင်ပါကြောင်းဖြင့် အကြံပြုတိုက်တွန်း ပြောကြားခဲ့ပါတယ်။

အစည်းအဝေးတက်ရောက်သူ အားလုံးကိုလည်း စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ များနဲ့ ဘားအံမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်ချုပ် ရေးမှူးများ ဝန်ထမ်းများ ၂၀၀ ကျော် တက်ရောက်ခဲ့ ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# ကံကြီးထောင့်မြို့တွင် စားသုံးသူဟောပြောပွဲများ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် နိုဝင်ဘာ ၂၂ရက်က ကံကြီးထောင့်မြို့နယ် ရှမ်းရွာကျေးရွာအလယ်တန်း ကျောင်းခွဲတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦးက စားသုံးသူရေးရာဥပဒေများနှင့် စားသုံးသူအကာအကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောခဲ့ပြီး ကံကြီးထောင့်မြို့နယ် ဦးစီးရဲတပ်ဖွဲ့မှူးက ကျောင်းသူ/ကျောင်းသားများ စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းအား ရှင်းလင်းဟောပြောခဲ့ပါသည်။ ဆက်လက်၍ ကံကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူးမင်းဆွေက စားသုံးသူရေးရာဥပဒေနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် မူးယစ်ဆေးဝါး အန္တရာယ်များကို ကျောင်းသူ၊ ကျောင်းသားများအား ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ခရိုင်ဦးစီးမှူးက ကျောင်းအုပ်ဆရာမကြီးထံသို့ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသောစားသုံးရန်၊ အသုံးပြုရန်မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များစာရင်း နောက်ဆုံး စာအုပ်၊ စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များအား ပေးအပ်ခဲ့ပါသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၄၃၄ ဦး ကျောင်းမုန့်ဈေးတန်းဈေးသည် လေးဦး ဆရာ၊ ဆရာမ ၁၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်ပုသိမ်**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၈ ရက်က စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူ တိုင်ကြားလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ရာ တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များနှင့်အတူ မိတ်ဖက်ဌာနများ၊ တိုင်းစားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များနှင့် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော တိုင်းအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များဖြစ်သည့် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကွန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်၊ စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်၊ ဥပဒေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းကြည်၊ တိုင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲရဲမှူး စိုးလွင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်မွန်းခင်ခင်ခန့်နှင့် ဆီစက်ပိုင်ရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်၍ လည်းကောင်း၊ ဈေးကွက်အတွင်း တွေ့ရှိရသည့် စံမမီ၊ ဘေးအန္တရာယ်ရှိ ကုန်ပစ္စည်းများ၊ ပြန်ကြော်ဆီများ ရောနှောရောင်းချနေသည့် ဆီနှင့် ပတ် သက်၍ လည်းကောင်း၊ စားသုံးရန်မသင့်သော တရားမဝင် စားသုံးသူကုန်ပစ္စည်းများ၊ အန္တရာယ်ရှိ ခွင့်မပြု ဓာတုဆိုးဆေးများပါဝင်သည့် အစားအစာများနှင့် ပတ်သက်၍လည်းကောင်း၊ ရှေ့ဆက်လုပ်ဆောင်ရမည့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက အဖွဲ့ဝင်ဌာနများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ၊ ချမှတ်ထားသော မူဝါဒများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ပြောကြား ခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်တင်မိုး (မုံရွာ)**

Vol: 16, No.45 Monday November 28 2016

စာမျက်နှာ ၈ - အကြမ်းဖက်တိုက်ခိုက်မှုများကြားမှ . . . အဆက်





သောင်းကျန်းသူအဖွဲ့ဟာ လားရှိုး၊ မူဆယ်၊ ကွတ်ခိုင်၊ ကြူကုတ်၊ ပန်ဆိုင်း ဒေသတစ်ဝိုက်မှာရှိတဲ့ တပ်စခန်းတွေ၊ ဂိတ်စခန်းတွေကို ဝင်ရောက်ပစ်ခတ်ရုံသာမက ကုန်သွယ်မှုဆောင်ရွက်ဖို့ ဝင်ရောက်လာတဲ့ကုန်တင်ယာဉ်တွေ၊ ခရီး သည်တင်ယာဉ်တွေကိုပါ ပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

နိုဝင်ဘာလ ၂၂ ရက်က လားရှိုး- မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ကွတ်ခိုင်မြို့အလွန် နမ့်ဖတ်ကာရွာ အနီးကို ရောက်ရှိလာတဲ့ကုန်တင်ယာဉ် မောင်းတစ်ဦးကို သောင်းကျန်းသူအဖွဲ့ က သေနတ်နဲ့ ပစ်သတ်သွားခဲ့ပါတယ်။

နိုဝင်ဘာလ ၂၄ ရက်မှာလည်း ကွတ်ခိုင်နဲ့နမ့်ဖတ်ကာအကြားအောက် ရှုခင်းသာ၊ ညောင်ပင်ကွေ့မှာ ကုန်တင်ယာဉ်တစ်စီးကို အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က သေနတ်နဲ့ပစ်သတ်သွားလို့ ယာဉ်နောက်လိုက်တစ်ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဒ့ါအပြင် နိုဝင်ဘာလ ၂၅ ရက်မှာလည်း အဲဒီနမ့်ဖတ်ကာ ရွာအနီးမှာ ကုန်တင်ယာဉ်နှစ်စီးနဲ့ခရီးသည်တင်ယာဉ် တစ်စီးကို သောင်းကျန်းသူတွေက ဝင်ရောက်တိုက်ခိုက်ပြီး မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

အဲဒီဖြစ်စဉ်မှာတော့ တစ်ယောက် မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘူးလို့ နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြထားချက်များအရ သိရပါတယ်။

သောင်းကျန်းသူတွေဟာနိုဝင်ဘာ ၂၀ ရက်မှစတင်ကာ မူဆယ်မြို့ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် ကုန်သွယ်မှုလမ်းကြောင်း ပြတ်တောက်စေဖို့အတွက် လားရှိုး- မူ ဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး လမ်းကြောင်းဟာ အခုလို ပွင့်လင်းရာသီ ရောက်လာတဲ့အချိန်ဟာ ကျန်ကာလများကထက်ပိုပြီး စည်ကားလှတဲ့ကုန် သွယ်ရေးဇုန်တစ်ခုဖြစ်ပါတယ်။ပြည်တွင်းကထွက်ရှိတဲ့ ရာသီစာသီးနှံတွေ ဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ ပြောင်း၊ သကြား၊ စတဲ့ကုန်ပစ္စည်းတွေအပြင် ဖရဲ၊ သခွား စတဲ့အသီးအနှံတွေကိုပါ အများဆုံးတင် ပို့နေတဲ့ကာလဖြစ်ပါတယ်။

အဲဒီသီးနှံတွေဟာ တောင်သူတွေ အတွက် အချိန်နဲ့တစ်ပြေးညီ ဆွတ်ခူးပြီး ဈေးကွက်သို့ တင်ပို့ရောင်းချရတဲ့အသီးအနှံတွေဖြစ်ပါတယ်။အချိန်ကာလကြာ မြင့်တာနဲ့အမျှ ပျက်စီးတတ်တဲ့ကုန် ပစ္စည်းအမျိုးအစားတွေဖြစ်တာကြောင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဟာ သစ်သီးဝလံတင်ပို့ရောင်းချတဲ့ကုန်သည် တွေအတွက်ရော၊ သစ်သီးဝလံကို စိုက်ပျိုးတဲ့တောင်သူတွေအတွက်ပါအရေးပါ လှတဲ့ကုန်သွယ်ရေးဇုန်တစ်ခုအဖြစ်တည် ရှိနေတာဖြစ်ပါတယ်။

အဲဒီလိုအချိန်ကာလမျိုးမှာ အကြမ်းဖက်သောင်းကျန်းသူတွေဟာ အချိန်ကိုက် အခုလို ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ပြီး ပြည်သူတွေရဲ့အသက် အိုးအိမ်စည်းစိမ်တွေကို ထိပါးနှောင့် ယှက်လာတာဟာ ပြည်သူပြည်သားတွေအတွက်သာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ဒါကြောင့် နယ်မြေဒေသတည် ငြိမ်အေးချမ်းရေး၊ နယ်မြေလုံခြုံရေး၊ နယ်မြေရှင်းလင်းရေးလုပ်ငန်းစဉ်များကို မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအသက်ကို ပဓာနမထားဘဲ ကာကွယ်လုပ်ဆောင်ပေးနေမှုများကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာခဲ့ပါတယ်။

အဲဒီလိုဖြစ်စဉ်တွေဖြစ်ပေါ်နေချိန် မှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ရဲ့တာဝန်ခံ ညွှန်ကြားရေးမှူးဦးဝင်းလွင်နဲ့ ကုန်သွယ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့(OSS နှင့်နယ်မြေ)က တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အသိစိတ်ဓာတ်တို့ဖြင့် ကုန် သွယ်မှုမရပ်တံ့စေရေးအတွက် မူဆယ်ကုန်သွယ်ရေးဇုန်မှာ အခြေပြုပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိနေတယ်လို့ သိရပါ တယ်။

ဒ့ါအပြင် နေပြည်တော်၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေနဲ့လည်း သက်ဆိုင်ရာဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနဲ့ ဆက်သွယ်ပူးပေါင်းပြီး ကုန်သွယ်မှုလုပ်ငန်းများဆက်လက်ပြုလုပ်နိုင်ရေးအတွက် အဆင့်အဆင့်စီမံကွပ်ကဲမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

တပ်မတော်နဲ့မြန်မာနိုင်ငံရဲတပ် ဖွဲ့တို့က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ အပြည့်အဝဆောင်ရွက် လျက်ရှိပါတယ်။



ဒါကြောင့် မကြာမီ အချိန်အတွင်းမှာ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ဖို့အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့တို့နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ OSSအဖွဲ့ဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မူဆယ်-နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းလည်း သိရှိရပါတယ်။

အဲဒီလိုဆောင်ရွက်လျက်ရှိမှုတွေ ကြောင့် မူဆယ်(၁၀၅)မိုင်မှာ ကုန်သွယ်ရေးလုပ်ငန်းတွေ နိုဝင်ဘာလ ၂၅ ရက် ကစပြီး အကောက်ခွန်ဦးစီးဌာန၊ ပြည် တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းအချို့လည်း ပြန်လည်တာဝန်ထမ်းဆောင်လျက်ရှိပြီး အခွန်ပေးဆောင်ခြင်းလုပ်ငန်းများအား မူဆယ်(မြန်မာ့စီးပွားရေး ဘဏ်)မှာ ဆောင်ရွက်နိုင်ဖို့စီစဉ်ထားရှိပြီး ပို့ကုန်သွင်းကုန်ကားအချို့လည်း ပြန်လည်ဝင်ရောက်လာကာ ကုန်သွယ်မှု ပုံမှန်နီးပါးလောက်ဖြစ်ပေါ်နေပြီလို့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့ သတင်းပေးပို့ချက်များအရ သိရှိရပါတယ်။

အဲဒီလို နယ်မြေတည်ငြိမ်အေး ချမ်းမှုရရှိလာတဲ့အတွက် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတာဝန်ခံညွှန်ကြား ရေးမှူးဦးဝင်းလွင် ဦးဆောင်တဲ့ဝန်ထမ်းများဟာ ကုန်သွယ်မှုပြန်လည်စတင်နိုင်အောင် အချိန်တိုအတွင်း လုပ်ဆောင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။

ဒ့ါအပြင် မူဆယ်မြို့ပေါ်ရှိအသင်း အဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနဲ့ ဝန်ထမ်းများဟာမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှာ ကုန်သွယ်မှု ပုံမှန်ပြန်လည်ရရှိအောင် ဆောင်ရွက်နေကြတဲ့ OSS အဖွဲ့မှ တာဝန်ရှိသူများ၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အတွင်းမှာ ပိတ်မိနေတဲ့ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ စစ်ဘေးရှောင် ပြည်သူများအား ထမင်းနဲ့စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းလျက်ရှိကြတယ်လို့လည်း သိရပါတယ်။

ဒေသတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကို ပဓာနမထားဘဲ နိုင်ငံတာဝန်များကို ထမ်းရွက်နေကြတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ OSS(မနရ)အဖွဲ့၊ ကုန်သွယ်ရေး ဦးစီးဌာန(မူဆယ်)၊ အသင်းအဖွဲ့များ၊ ကုန်သည်များ၊ ဒေသခံပြည်သူများအား ဤဆောင်းပါးနဲ့ ဂုဏ်ပြုလိုက်ရပါတယ်။ ■



# မီးငြိမ်းသတ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် နိုဝင်ဘာလ ၁၁ ရက်က ကျောက်တံတားမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပခဲ့ပါတယ်။ အခမ်းအနားတွင် ကျောက်တံတားမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်သူထွန်းက မီးလောင်မှု အကြောင်းအရင်းများနှင့် မီးငြိမ်းသတ်ရေး နည်းစနစ်များ၊ မီးသတ်ဆေးဘူးအမျိုးအစား လေးမျိုးနှင့် အသုံးပြုပုံ နည်းစနစ်များ ရှင်းလင်းဆွေးနွေးပြီး မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခဲ့ပါသည်။




အခမ်းအနားသို့ ရန်ကုန်ပို့ကုန် သွင်းကုန်ရုံးမှ ညွှန်ကြားရေးမှူး ဦးတင်လတ်နှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။ ■

# အိန္ဒိယပဲရက်သတ္တပတ်



| စံမီအောင် |

နိုဝင်ဘာ ၂၁ ရက်မှာ ထုတ်ပြန်တဲ့ အဂရီဝပ်ချ် ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာအရ နိုဝင်ဘာ ၆ရက်မှ ၁၃ရက်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုမှာ ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်ခဲ့သည်ကို တွေ့ရသည်။ အစီရင်ခံစာအရ ရက်သတ္တပတ်အတွင်းမှာ ဂျဝါဟာလာနေရူး၊ ချန်နိုင်းနဲ့ ခရစ်ရှနာပက်တနမ် စသည့် သင်္ဘောဆိပ်ကမ်းများတွင် ကွန်တိန်နာများ ပြန်ဝင်လာသည်ကို တွေ့ရသည်။ ဩစတြေးလျ၊ ကနေဒါ၊ မြန်မာနှင့် အာဖရိကနိုင်ငံတို့က ပဲမျိုးစုံ တန် ၂၀မှ ၂၂သိန်းအထိ ဝင်လာမည်ဟု ခန့်မှန်းထားသည့်အတွက် ဒီဇင်ဘာလကုန်လောက်မှာ ပဲမျိုးစုံဈေးကျနိုင်မည်ဟု ခန့်မှန်းထားသည်။

**ပဲတင်သွင်းမှု**

အိန္ဒိယနိုင်ငံက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ကုန်ဆုံးသော သီတင်းပတ်အတွင်း ပဲမျိုးစုံ ၂၄၄၀၂၄ တန် တင်သွင်းခဲ့ပြီး နိုဝင်ဘာ ၆ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း တင်သွင်းခဲ့သော ပဲမျိုးစုံ ပမာဏမှာ ၂၈၃၄၂၆ တန် ရှိခဲ့တဲ့အတွက် ယခင် ရက်သတ္တပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၁၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တင်သွင်းခဲ့သော ပဲမျိုးစုံအနက် ပဲဝါလေးက အများဆုံး ဖြစ်ပြီး တန်ချိန် နှစ်သိန်းနီးပါး ရှိခဲ့သည်။ ပဲစင်းငုံ တင်သွင်းမှုက ၃၂၆၉၉ တန်နှင့် ဒုတိယ၊ မတ်ပဲက ၇၀၄၃တန်နှင့် တတိယ၊ ကုလားပဲက ၁၁၃၈၅ တန်နှင့် စတုတ္ထနေရာတွင် ရှိနေသည်။ ဘိုစားပဲအပါအဝင် ကျန်ပဲအချို့ကို အနည်းငယ်သာ တင်သွင်းခဲ့သည်။

အစီရင်ခံစာတင်သွင်းသည့် ရက်သတ္တပတ်တွင် အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများသို့ ပဲမျိုးစုံပါဝင်သော ကုန်သေတ္တာသင်္ဘောများ ရောက်ရှိလာသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ရက် စာရင်းအရ ဂျဝါဟာလာနေရူး သင်္ဘောဆိပ်သို့ ပဲမျိုးစုံ ပါဝင်သော ကုန်သေတ္တာ ၁၀၀၂လုံး ရောက်ရှိခဲ့သည်။ ရောက်ရှိခဲ့သော ပဲများ အနက် ပဲစင်းငုံ ကုန်သေတ္တာလုံးရေမှာ ၈၇၄ လုံး ရှိပြီး အများဆုံးဖြစ်ကာ ကုလားပဲနှင့် ပဲနီလေးတို့မှာ ဒုတိယနှင့် တတိယနေရာတွင် အသီးသီး ရောက်ရှိနေသည်။ ပဲလွန်းဖြူ ကုန်သေတ္တာမှာ သုံးလုံးမျှသာ ပါဝင်သည်။

နိုဝင်ဘာ ၇ရက်မှ ၁၀ရက်အတွင်း ချန်နိုင်းနှင့် ကရစ်ရှနာပက်တနမ် သင်္ဘောဆိပ်များသို့ ရောက်ရှိလာသော ကုန်သေတ္တာ အရေအတွက်မှာ ၂၅၄လုံး ရှိသည်။ တင်သွင်းလာသော ပဲအမျိုးမျိုး အနက် မတ်ပဲပါဝင်မှု အချိုးအစားက အများဆုံးဖြစ်ပြီး ကုန်သေတ္တာ အလုံးရေ ၅၇လုံး ရှိသည်။ အခြားပဲများအနက် အများစုမှာ ပဲစင်းငုံ၊ ပဲနီလေးတို့ ဖြစ်သည်။ ပဲတင်သွင်းမှု မြင့်တက်လျက်ရှိနေပြီး ဒီဇင်ဘာအထိ ဆက်လက် မြင့်တက်နိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**အစိုးရ၏ ပဲဝယ်ယူမှု**

ပဲမျိုးစုံကို ကြားခံအရန်အဖြစ် သိုလှောင်ထားပြီး အကယ်၍ ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းများ မြင့်တက်လာလျှင်သော်လည်းကောင်း၊ ရောင်းလိုအား ကျဆင်းလာလျှင်သော်လည်းကောင်း ရောင်းချပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အထိ အစိုးရက ပဲမျိုးစုံ မက်ထရစ်တန်နှစ်သန်း ဝယ်ယူသွားရန်ရှိကြောင်း စားသုံးသူရေးရာ ဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သော သတင်းများအရ သိရသည်။ ယခုအချိန်အထိ အစိုးရက ဝယ်ယူထားပြီးဖြစ်သော ပဲမျိုးစုံပမာဏမှာ တန်ခြောက်သိန်းရှိပြီး ကျန်ပမာဏကို လာမည့် ခြောက်လ၊ ခုနစ်လ အတွင်း ဝယ်ယူစုဆောင်းသွားမည်ဖြစ်ရာ ကမ္ဘာ့ဈေးကွက်မှ မက်ထရစ်တန် တစ်သန်းကို ဝယ်ယူသွားမည် ဖြစ်သည်။ ၂၀၁၆- ၁၇ ခုနှစ် သီးနှံရာသီတွင် ပဲမျိုးစုံ ထုတ်လုပ်မှုမှာ မက်ထရစ်တန် သန်း ၂၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ယခုအချိန်ထိ ပြည်ပမှ တင်သွင်း သော ပဲမျိုးစုံပမာဏမှာ မက်ထရစ်တန် ၃ဒသမ ၅သန်း ရှိသည်။ ဆောင်းစိုက် ပဲမျိုးစုံ အထွက်မှာလည်း များပြားမည်ဟု ခန့်မှန်းထားရာ ရောင်းလိုအားဘက်တွင် ဖိအားပေးမှုများ လျော့ကျသွားပြီး ကာလလတ်တွင် ပြည်ပမှ တင်သွင်းမှု ပမာဏလည်း ကျဆင်းနိုင်ဖွယ် ရှိနေသည်။

**ဈေးနှုန်းအခြေအနေ**

အရောင်းအဝယ် ပါးနေခြင်းနှင့် သွင်းကုန်ပမာဏ ပိုမိုမြင့်တက်နေမှုတို့က ဈေးကွက်အတွင်း ဖိအားပေးမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ရောင်းလိုအားဘက်တွင် ကန့်သတ်ချက်များ ရှိနေပြီး အရောင်းအဝယ် ပါးနေသော်လည်း ဒီဇင်ဘာတွင် ပြည်ပမှ ပဲများ အမြောက်အများ ဝင်လာမည်ဖြစ်သည့်အတွက် အိန္ဒိယပဲဈေးကွက်မှာ လာမည့်လများအတွင်း ကျဆင်းမည့် အလားအလာများ ရှိနေသည်။

ဒေလီဈေးကွက်သို့ လွန်ခဲ့သော နှစ်လအတွင်း ပဲထွက်သည့် ပြည်နယ်များဖြစ်သော အေပီ၊ ကာနာတာကာ၊ တီလန်ဂါနာနှင့် မဟာရက်ရှတရ ပြည်နယ်တို့မှ ပဲမျိုးစုံ အဝင်ကျဆင်းကာ ယခုလကုန်အထိ ပြန်လည် မြင့်တက်မလာနိုင်သေးသည်ကို တွေ့ရသည်။ ထိုသို့ ပဲအဝင် ကျဆင်းနေသည့်တိုင်အောင် ဝယ်လက်များ မရှိသည့်အတွက် ပဲဈေးက ငါးရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ဒီဇင်ဘာလကုန်တွင် ဩစတြေးလျ၊ ကနေဒါ၊ မြန်မာနှင့် အာဖရိကမှ အိန္ဒိယဆိပ်ကမ်းများသို့ ပဲတန်ချိန် သိန်း၂၀မှ ၂၂သိန်း ဝန်းကျင် ဝင်ရောက်လာမည် ဖြစ်သည့်အတွက် ဈေးနှုန်းများ ထပ်မံကျဆင်းမည့် အခြေအနေ ရှိနေသည်။ ဈေးကွက်အတွင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ ပြည်ပမှ တင်သွင်းလာသော ပဲများအား ပြည်တွင်းဈေးကွက်၌ ရောင်းချရေးအတွက် ပဲသွင်းကုန်လုပ်ငန်းရှင်များအတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်စေသည်။ ပြည်တွင်းမှ ဝင်လာမည့် ပဲသစ်များ၊ ပြည်ပမှတင်သွင်းလာမည့် ပဲပမာဏ၊ ကျဆင်းနေသည့် ဝယ်လိုအား စသည့် အခြေအနေများက ပြည်တွင်း ပဲခွဲခြမ်း ဈေးကွက်တွင် ဖိအားပေးမှုများ ပိုမိုဖြစ်ပေါ်စေပြီး လက်ရှိဈေးနှုန်းများမှ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်း အထိ ကျဆင်းမည့် အလားအလာ ရှိနေသည်။ မိုးစိုက်ပဲများ အထွက် နှုန်း ကောင်းပြီး နောက်ပိုင်း ဆောင်းရာသီ ပဲအထွက်ကလည်း ယခု လက်ရှိ အခြေအနေအရ ကြည့်ပါက အထွက်ကောင်းမည့် အလားအလာကို တွေ့မြင်နေရသည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

အမေရိကန်ပြည်ထောင်စုမှ အိန္ဒိယသို့ ကုလားပဲ တင်ပို့မှုမှာ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး စက်တင်ဘာလအတွင်း တင်ပို့မှုမှာ မက်ထရစ်တန် ၂၀၆၀၇ တန် ရှိခဲ့သည်။ ကိန်းဂဏန်းများ မထုတ်ပြန်ရသေးသော်လည်း အောက်တိုဘာလတွင် ပမာဏ ပိုမိုများပြားလာမည်ဟု ခန့်မှန်းရသည်။ အမေရိကန် ပြည်ထောင်စုမှ ပြည်ပတင်ပို့သည့် ကုလားပဲ၏ ၇၃ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံက တင်သွင်းလျက်ရှိပြီး ကျန်ပမာဏကို တူရကီနှင့် စပိန်တို့မှ တင်သွင်းကြသည်။ အမေရိကန် ပြည်ထောင်စုမှ အိန္ဒိယနိုင်ငံသို့ ပိုမိုတင်သွင်းရခြင်းမှာ ရာသီဥတု စိုစွတ်မှုကြောင့် ကနေဒါတွင် သီးနှံ ၇၀ရာခိုင်နှုန်းခန့် ပျက်စီးသည့်အတွက် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုမှ ပြည်ပသို့ တင်ပို့သော ပဲမျိုးစုံ တန် ၁ဒသမ ၉သိန်းအနက် အိန္ဒိယနိုင်ငံသို့ တန် ၁ဒသမ ၁၄သိန်း တင်သွင်းခဲ့သည်။ ဈေးနှုန်းများ ကျဆင်းနေသော်လည်း အိန္ဒိယမှ ပဲဈေးများမှာ မြင့်မားနေဆဲ ဖြစ်သဖြင့် သွင်းကုန်ပမာဏ ပိုမိုမြင့်မားလာမည့် လက္ခဏာ ရှိနေသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ကနေဒါနိုင်ငံတွင် ပဲဈေးမှာ မြင့်တက်လျက်ရှိပြီး ပဲနီလေးနံပါတ် ၂ အမျိုးအစား Laird မှာ ကနေဒါအနောက်ပိုင်းတွင် တစ်ပေါင်ကို ၄၈ဆင့်မှ ၆၁ဆင့်အထိ ရှိခဲ့သည်။ ဩစတြေးလျနိုင်ငံတွင် ပူပြင်းခြောက်သွေ့မှု ဒဏ်ကြောင့် ရောင်းလိုအား ကျဆင်းသည့်အတွက် ယာယီအားဖြင့် ကုလားပဲဈေးမှာ တစ်တန်ကို ဩစတြေးလျဒေါ်လာ ၈၀၀ မှ ၁၀၀၀ အထိ မြင့်တက်ခဲ့သည်။ သို့သော် အိန္ဒိယတွင် ပဲသစ်များ စတင်ပေါ်လာတော့မည် ဖြစ်သည့်အတွက် ကာလလတ်တွင် ဈေးနှုန်း ဆက်လက် ခိုင်မာနိုင်ဖွယ် မရှိသည်ကို တွေ့ရသည်။

## AD;uferfoD Đ@aplx kvfv kyaf&;v kyfefu pEf;rSm;owfrSwf

ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးကို တစ်သမတ်တည်း ခိုင်မြဲစွာ ရှိနေစေရေးအတွက် ဗီယက်နမ် သီဟိုဠ်စေ့ ထုတ်လုပ်ရေးအသင်း (Vinacas)က သီဟိုဠ်စေ့ ထုတ်လုပ်ရေး လုပ်ငန်းစဉ်အတွက် စံနှုန်းများကို သတ်မှတ်ပေးထားကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

စံနှုန်းသတ်မှတ်ချက်များကို ယခင် ရက်သတ္တပတ်က ဒါနန်းတွင် ကျင်းပသော ‘Viet Nam Golden Cashew Rendzvous’ အခမ်းအနားတွင် ကြေညာခဲ့ခြင်းဖြစ်ပြီး စံနှုန်း သတ်မှတ်ချက်များတွင် အသီးခူးခြင်း၊ အရွယ်အစား ရွေးချယ်သတ်မှတ်ခြင်း၊ အခြောက်လှမ်းခြင်း၊ အခွံခွာခြင်း၊ သီဟိုဠ်စေ့ အသားကို အဆင့်သတ်မှတ်ခြင်း၊ ပိုးသတ်ထုပ်ပိုးခြင်းနှင့် ပြည်ပပို့ခြင်း စသည့် လုပ်ငန်းစဉ်များတွင် အသုံးပြုသော သွင်းအားစုကုန်ကြမ်း ပစ္စည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ကိရိယာများ စသည်တို့ ပါဝင်သည်။

ဥပမာအားဖြင့် ပြုပြင်ထုတ်လုပ်မည့် သီဟိုဠ်စေ့ ကုန်ကြမ်းအတွက် စံနှုန်းသတ်မှတ်ချက်မှာ နည်းပညာအရ မျိုးရိုးဗီဇ ပြုပြင်ထားသော သီဟိုဠ်ပင်များမှ ရသော အစေ့မဟုတ်ရ၊ အမြင့်ဆုံး အစိုဓာတ် ပါဝင်မှုနှုန်း ၁၀ရာခိုင်နှုန်း ရှိရမည်၊ မှိုကင်း ရမည်၊ ဘက်တီးရီးယား ပိုးကူးစက်မှု မရှိရ၊ သဘာဝအရောင် ရှိရမည် စသည်ဖြင့် သတ်မှတ်ထားသည်။

ထို့ပြင် သီဟိုဠ်စေ့ ပြုပြင်ရေး စက်ရုံ၊ ပြုပြင်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့် အခြားအရည်အသွေး သတ်မှတ်ချက်များလည်း ရှိသည်။

လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ ထားရှိခြင်းဖြင့် သီဟိုဠ်စေ့ ထုတ်လုပ်ရေး လုပ်ငန်းမှ ထုတ်ကုန်များသည် စားသုံးသူများ၏ လိုအပ်ချက်ဖြစ်သည့် ရောဂါကင်းရှင်းရေးနှင့် အစားအစာ လုံခြုံရေးစံနှုန်း ပြည့်မီရေး၊ မျိုးရိုးဗီဇ ပြုပြင်မှု မရှိခြင်းနှင့် ပင်ရင်းကို ခြေရာခံနိုင်ခြင်း စသည့် အချက်များနှင့် ပြည့်မီအောင် ဆောင်ရွက်ရာတွင် အထောက်အကူရစေကြောင်း Vinaca ဥက္ကဋ္ဌ ငုယင်ဒတ်သန်းက ပြောသည်။

သီဟိုဠ်စေ့ ထုတ်လုပ်ရာတွင် လူလုပ်အားဖြင့် ထုတ်လုပ်ခြင်းထက် အလိုအလျောက်စက်များဖြင့် ထုတ်လုပ်ခြင်းက အရောင်၊ အရွယ်အစား၊ ပိုးမွှားကင်းစင်မှုတို့တွင် အမျိုးသားစံနှုန်းများနှင့် ကိုက်ညီကြောင်း ပြည်နယ်စက်မှုနှင့် ကုန်သွယ်ရေးဌာန၏ ညွှန်ကြားရေးမှူး ငုယင်အန်ဟောင်းက ပြောသည်။

ဗီယက်နမ် သီဟိုဠ်စေ့ ပြုပြင် ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းကို အဆိုပါ အခမ်းအနားတွင် ဖွဲ့စည်းပေးခဲ့သည်။ ဗီယက်နမ်သည် ကမ္ဘာ့သီဟိုဠ်စေ့တင်ပို့မှု၏ ထက်ဝက်ကို တင်ပို့လျက်ရှိပြီး လွန်ခဲ့သော ၁၀နှစ်အတွင်း ကမ္ဘာ့သီဟိုဠ်စေ့ တင်ပို့မှုကို ဦးဆောင်ပါဝင်ခဲ့သည်။ **စံမီအောင်**

# လျှပ်စစ်ကားများကို တိုယိုတာက အလုံးအရင်းဖြင့် စတင်ထုတ်လုပ်တော့မည်

၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် တိုယိုတာမော်တာကုမ္ပဏီက သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူဖြစ်စေမည့် လျှပ်စစ်ကားများကို အလုံးအရင်းဖြင့် ထုတ်လုပ်တော့မည်ဖြစ်ကြောင်း အဆာဟိရှင်ဘွန်းသတင်းတွင် ဖော်ပြသည်။ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတွင် မော်တော်ကားများအတွက် ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များကို တိုးမြှင့်သတ်မှတ်လာသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်က ပြောသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထုတ်လုပ်သော ကားများအနက် ဓါတ်ဆီနှင့် လျှပ်စစ်စွမ်းအားကို ပူးတွဲသုံးသော မျိုးစပ်ကားများကို တိုယိုတာက ဦးစားပေး ထုတ်လုပ်လျက်ရှိသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များ ပိုမိုတင်းကျပ်လာသည့်အတွက် ကုမ္ပဏီကလျှပ်စစ်ကား Electric Vehicle (EV) ထုတ်လုပ်ရေးမဟာဗျူဟာကို ခိုင်မာစွာ ချမှတ်လုပ်ဆောင်တော့မည် ဖြစ်သည်။

"ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကားအမျိုးအစား အားလုံးကို ကျွန်တော်တို့ ထိထိရောက်ရောက် ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်မှာ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို ပိုမိုတင်း ကျပ်တော့မှာဖြစ်တဲ့အတွက် EV မဟာဗျူဟာကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်"ဟု လျှပ်စစ်ကားများကို အလုံးအရင်းဖြင့် ထုတ်လုပ်ရန် ကုမ္ပဏီအတွင်း၌ အကောင်အထည်ဖော်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားခြင်းကို ရည်ညွှန်းပြီး တိုယိုတာကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောသည်။

တိုယိုတာကုမ္ပဏီက ကိုရိုလာဆပ်ကွန်ပက်အရွယ်အစား လျှပ်စစ်မော်တော်ကားကို ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

မာဇဒါမော်တာ ကော်ပိုရေးရှင်းနှင့် တိုယိုတာတို့သည် လျှပ်စစ်မော်တော်ကား ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ မာဇဒါနှင့် တိုယိုတာ ကုမ္ပဏီကြီးနှစ်ခုသည် ကျွမ်းကျင်မှုများ မျှဝေပြီး EV မော်တော်ယာဉ်များကို ပူးပေါင်းတာ ဈေးကွက်တင်ရောင်းချနိုင်ရေးအတွက် အပြင်းအထန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း မာဇဒါမော်တာ ကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌ အာကီရာမာရူမိုတိုက နိုဝင်ဘာလဆန်းပိုင်းက ပြောသည်။

# တောင်ကိုရီးယားတွင် အရည်အသွေးမြင့် ထုတ်ကုန်များ၏ ဝယ်လိုအားမြင့်တက်

ငွေကြေးတတ်နိုင်သည့် စားသုံးသူများက တစ်မူထူးခြားသော ထုတ်ကုန်များကို ပိုမိုသဘောကျသည့်အတွက် တောင်ကိုရီးယားနိုင်ငံတွင် အရည်အသွေးမြင့်သော အီလက်ထရွန်းနစ် ထုတ်ကုန်များနှင့် နိုင်ငံခြား ဇိမ်ခံပစ္စည်း အမှတ်တံဆိပ်များ၏ ရောင်းအားမြင့်တက်လျက်ရှိကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ အာရှတွင် စီးပွားရေးအရ စတုတ္ထမြောက် အကြီးမားဆုံးဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏ အိမ်ထောင်စု အသုံးစရိတ်မှာ ကျဆင်းလျက် ရှိနေသော်လည်း အရည်အသွေးမြင့် ပရီမီယံထုတ်ကုန်များနှင့် ဇိမ်ခံပစ္စည်းထုတ်ကုန်များ၏ ဝယ်လိုအားမှာ ယခုနှစ်အတွင်း မြင့်တက်နေဆဲဖြစ်ကြောင်း စက်မှုလုပ်ငန်းဆိုင်ရာ အရာရှိများက နိုဝင်ဘာ ၂၂ရက်က ပြောသည်။



တောင်ကိုရီးယားတွင် အကြီးမားဆုံး အီလက်ထရွန်းနစ် ထုတ်လုပ်ရေးကုမ္ပဏီကြီးများဖြစ်သည့် ဆမ်ဆောင်း အီလက်ထရွန်းနစ် ကုမ္ပဏီနှင့် အယ်လ်ဂျီ အီလက်ထရွန်းနစ်ကုမ္ပဏီတို့သည် အဆင့်မြင့်ပစ္စည်း သုံးစွဲသော ဈေးကွက်များကို အဓိကပစ်မှတ်ထားပြီး အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ဈေးကွက်တင်ရန် ကြိုးပမ်းလာကြသည်။

တံခါးပေါက် လေးပေါက်ပါသော ရေခဲသေတ္တာများ၏ ရောင်းအားမှာ ၂၀၁၂ ခုနှစ်က စုစုပေါင်းရောင်းအား၏ ၂၀ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် ၆၀ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။

ဆမ်ဆောင်း၏ Q9500 အဲယားကွန်းသည် ဇန်နဝါရီလက ဈေးကွက်စတင်ကတည်းက လူကြိုက်များခဲ့ပြီး အောက်တိုဘာလကုန်အထိ စုစုပေါင်းရောင်းအားမှာ အစုံနှစ်သိန်းလေးသောင်း ရှိခဲ့သည်။ မတ်တတ် အဲယားကွန်းများအနက် လေမှုတ်ထုတ်ခြင်း မရှိသော အဲယားကွန်း၏ ရောင်းအားမှာ စုစုပေါင်းရောင်းအား၏ ၇၀ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဆမ်ဆောင်းက ပြောသည်။

အယ်လ်ဂျီ အီလက်ထရွန်းနစ်ကလည်း အရည်အသွေးမြင့် အိမ်သုံးပစ္စည်းအဖြစ် Signature အမှတ်တံဆိပ် အဝတ်လျှော်စက်ကို မတ်လက စတင်ဈေးကွက်တင်ခဲ့ရာ မျှော်မှန်းထားသည်ထက် ပိုမိုအရောင်းသွက်ခဲ့ကြောင်း ကုမ္ပဏီက ပြောသည်။

အယ်လ်ဂျီက ထုတ်လုပ်သော Twin Wash အဝတ်လျှော်စက်မှာ ရှေ့ဘက်မှ အဝတ်များကို ထည့်နိုင်သော ပထမဆုံး အဝတ်လျှော်စက်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ဈေးကွက် တင်ချိန်မှစပြီး ရောင်းအားကောင်းခဲ့သည်။ Twin Wash ၏ ရောင်းဈေးမှာ ဝမ်သုံးသန်းဖြစ်ပြီး၊ ယခုနှစ် ပထမနှစ်ဝက်အတွင်း ရောင်းချခဲ့သော အဝတ်လျှော်စက်များအနက် ထက်ဝက်ခန့် ရောင်းအားရှိခဲ့သော အဝတ်လျှော်စက်ဖြစ်သည်။

နိုင်ငံခြားမှ တင်သွင်းသော ဇိမ်ခံပစ္စည်းများ၏ ဝယ်လိုအားမှာလည်း ကုန်တိုက်ကြီးများတွင် မြင့်မားလျက် ရှိသည်ကို တွေ့ရသည်။ တောင်ကိုရီးယားတွင် အကြီးမားဆုံး လက်လီကုန်တိုက်ကြီးဖြစ်သော လော့တီကုန်တိုက်တွင် နိုင်ငံခြားအဝတ်အထည်များ၏ ရောင်းအားက ယခုနှစ် ပထမ ၁၀ လတွင် ၂၀ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး လက်ဝတ်ရတနာများ၏ ရောင်းအားက ၁၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

# ပုဂ္ဂလိကသုံးစွဲမှုနှင့်ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းများကြောင့် ထိုင်းနိုင်ငံ၏ တတိယသုံးလပတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်

ပြည်သူ့ကဏ္ဍမှ သုံးစွဲမှု အရှိန်အဟုန် ကျဆင်းခဲ့သော်လည်း ပုဂ္ဂလိကသုံးစွဲမှုနှင့် ဝန်ဆောင်မှု ပို့ကုန်လုပ်ငန်းများက အဓိကအားဖြင့် တွန်းအားပေးမှုကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် တတိယသုံးလပတ်တွင် တိုးတက်မှု ရှိခဲ့ကြောင်း Siam Commercial Bank စီးပွားရေး ထောက်လှမ်းရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

မော်တော်ယာဉ် ဝယ်ယူမှုက နှစ်အလိုက် နှိုင်းယှဉ်ပါက ၇ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည့်အတွက် ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကသုံးစွဲမှုသည် ၃ ဒသမ ၅ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ အလားတူပင် နိုင်ငံခြားခရီးသည်များ ဝင်ရောက်မှု မြင့်မားလာသည့်အတွက် ဝန်ဆောင်မှု ပို့ကုန်လုပ်ငန်းက ၁၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

နှစ်အလိုက် နှိုင်းယှဉ်မည်ဆိုပါက ကူးသန်းရောင်းဝယ်ရေး ပို့ကုန်လုပ်ငန်းများက သုည ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ပြီး ပြည်သူ့ကဏ္ဍ သုံးစွဲမှုက အဆိုပါကာလအတွင်း ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စီးပွားရေး တွန်းအားပေး အစီအစဉ်များ ကျဆင်းလာသည့်အတွက် ပြည်သူ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယသုံးလပတ်တွင် ၁၁ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တတိယသုံးလပတ်တွင် ၆ဒသမ ၃ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ကျဆင်းသည့်အတွက် ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုသည် နှစ်အလိုက် နှိုင်းယှဉ်ပါက သုညဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကုန်ထုတ်လုပ်မှု စက်ရုံများ တည်ဆောက်မှုက ၂၄ ဒသမ ၂ရာခိုင်နှုန်း၊ စက်ယန္တရားများအတွက် ရင်းနှီးမြှုပ်နှံမှုက သုညဒသမ ၅ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည့်အတွက် စီးပွားရေးလုပ်ငန်းအပေါ် ပုဂ္ဂလိက ကဏ္ဍ၏ ယုံကြည်မှုနည်းနေသေးကြောင်း ပြသလျက်ရှိသည်။

သုံးလပတ်အလိုက် နှိုင်းယှဉ်ပါက စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တိုးတက်မှုနှုန်းသည် သုည ဒသမ ၆ရာခိုင်နှုန်း တိုးတက်သည့်အတွက် ဒုတိယ သုံးလပတ်က တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက နည်းနေသေးသည်ကို တွေ့ရသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု နှစ်ခုစလုံး၏ ပို့ကုန်လုပ်ငန်းများက တတိယသုံးလပတ်တွင် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခဲ့သည့်အတွက် ပြည်တွင်းဝယ်လိုအား ကျဆင်းမှုကြောင့် ဖြစ်ပေါ်လာသော လိုအပ်ချက်ကို ထေမိခဲ့သည်။

ကမ္ဘာ့စီးပွားရေးတွင် မရေရာမှုများနှင့် ထိုင်းနိုင်ငံ၏ အိမ်ထောင်စု ဝင်ငွေ ကျဆင်းမှုများ ရှိနေသော်လည်း အစိုးရက အခြေခံအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများကို ဆောင်ရွက်လာသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးမှုက မှန်မှန်တိုးတက်မည့် အခြေအနေရှိသည်။



# တရုတ်သွင်းကုန်အပေါ် မှီခိုနေရမှုကို ဗီယက်နမ်နိုင်ငံလျှော့ချ

ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံဈေးကွက်ကို တိုးမြှင့်တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိရုံသာမက တရုတ်နိုင်ငံနှင့် ပို့ကုန်လိုငွေပြမှုကို လျှော့ချရန် မူဝါဒကို အရေးကြီးသော မူဝါဒအဖြစ် ကြိုးပမ်းနေကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေး ဒုတိယဝန်ကြီး ဒိုသန်းဟိုင်က ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး လိုငွေပြမှုကို လျှော့ချရန် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အဓိကလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်နေကြောင်းလည်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေး တိုးတက်လာသည်နှင့်အမျှ တရုတ်နိုင်ငံ၏ သွင်းကုန်များအပေါ် မှီခိုနေမှုကို ရှောင်ကြဉ်ရန် ခက်ခဲမှုရှိသည့်နည်းတူ ကာလရှည်ကြာစွာ ဖြစ်ပေါ်ခဲ့သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး လိုငွေပြမှုက ဗီယက်နမ်နိုင်ငံကို ဒုက္ခပေးလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့သော နိုင်ငံများအနက် တရုတ်နိုင်ငံသည် အကြီးမားဆုံး ပို့ကုန်နိုင်ငံဖြစ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်တိုင်အောင် ယခုနှစ် ပထမ ၁၀လအတွင်း တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂၄ ဘီလီယံ ရှိခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးကျဆင်းချိန်တွင် ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ တင်ပို့သော ပို့ကုန်လုပ်ငန်းများမှာလည်း စိန်ခေါ်မှု အများအပြားနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ၂၀၁၆ ခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်ထုတ်ကုန်များကို တရုတ်နိုင်ငံက ကုန်သွယ်မှု အတားအဆီးများ ပြုလုပ်ခဲ့သော်လည်း တရုတ်နိုင်ငံသို့ ဗီယက်နမ်၏ ပို့ကုန်မှာ စုစုပေါင်း တင်ပို့မှု၏ ၁၂ရာခိုင်နှုန်းရှိခဲ့သည်။

တရုတ်နိုင်ငံမှ ဗီယက်နမ်၏ အဓိက သွင်းကုန်များမှာ စက်မှုထုတ်ကုန်ပစ္စည်းများဖြစ်ပြီး စက်ယန္တရား၊ စက်ကိရိယာ၊ ဆက်စပ်ပစ္စည်းများ၊ သံ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ချည်ထည်ကုန်ကြမ်း၊ သားရေ၊ ဓာတုဆေးဝါးနှင့် မော်တော်ယာဉ်တို့ ဖြစ်ကြသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ထွန်းသစ်စအာရှဒေသရှိ ငွေကြေးအများစုမှာ နိုဝင်ဘာ ၂၅ ရက်က အနည်းငယ်မြင့်တက်လာသည့် အနေအထားရှိသော်လည်း ဒေါ်လာတန်ဖိုး ခိုင်မာလာပြီး အမေရိကန်ပြည်ထောင်စု ငွေတိုက်စာချုပ်များ၏ အတိုးနှုန်းမြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံ သူတို့က အာရှဒေသရှိ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း(အက်ဆက်)များကို ပြန်လည်ရောင်းချလာသည့်အတွက် ရက်သတ္တပတ်အလိုက် ကြည့်ပါက အာရှငွေကြေးများ၏တန်ဖိုး ကျဆင်းမည့် လက္ခဏာကို တွေ့မြင်နေရသည်။

အခြားအဓိက ငွေကြေးခြောက်ခုနှင့် ဖလှယ်ရာတွင် အမေရိကန် ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့်လည်း နိုဝင်ဘာ ၂၅ ရက်တွင် ထွန်းသစ်စ ငွေကြေးများ အနည်းငယ်အသက်ရှူပေါက်ချောင်ခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု ငွေစာတိုက်စာချုပ်များ၏အတိုးနှုန်းမှာ ၂၀၁၅ ခုနှစ် ဇူလိုင်နောက်ပိုင်းအမြင့်ဆုံးသို့ ရောက်ရှိနေသဖြင့် အာရှ ငွေကြေးများ၏ အလားအလာမှာ မှေး မှိန်နေဆဲ ဖြစ်သည်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းအတိုးနှုန်းကို ဆက်လက်လျှော့ချထားသည့်အတွက် ယွမ်တန်ဖိုးမှာ စံချိန်တင်ကျဆင်းနေသော်လည်း နိုဝင်ဘာ ၂၄ ရက်နှင့်နှိုင်းယှဉ်ပါက ၂၅ ရက်တွင် ယွမ်တန်ဖိုး မြင့်တက်လာသည်ကို တွေ့ရသည်။

ရှန်ဟဲတွင် ရောင်းဝယ်သော Onshore ယွမ်ငွေကြေးသည် နိုဝင်ဘာ ၂၅ ရက်နံနက် ၁၀ နာရီမိနစ် ၂၀ က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၁၄၄ ယွမ်နှုန်းရှိခဲ့သည့်အတွက် ယခင်နေ့ ဈေးပိတ်ချိန်ကရှိခဲ့သော ၆ ဒသမ ၉၁၉၅ နှုန်းထက် ယွမ်တန်ဖိုးပိုမိုခိုင်မာလာသည်။ ဟောင်ကောင်တွင်ရောင်းဝယ်သော Offshore ယွမ်တန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၄၄၆ ယွမ်နှုန်းရှိသည့်အတွက် နိုဝင်ဘာ ၂၄ ရက်ကရှိခဲ့သော ၆ ဒသမ ၉၄၉၉ ယွမ်နှုန်း ထက် ယွမ်တန်ဖိုးအနည်းငယ် ခိုင်မာလာသည်။

ဗဟိုဘဏ်ကမူ ပျမ်းမျှရည်ညွှန်းဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၁၈၈ နှုန်းသတ်မှတ်ခဲ့သည့်အတွက် ယခင်နေ့ကထက် သုည ဒသမ ၁၂ ရာခိုင်နှုန်းကျဆင်းသည်။

**အိန္ဒိယရူပီး**

ဘဏ်များနှင့်ပို့ကုန်လုပ်ငန်းများက အမေရိကန်ဒေါ်လာကို ပြန်လည်ရောင်းချမှုများပြားလာသည့်အတွက် ဘဏ်အချင်းချင်းငွေကြေးဖလှယ်ရေးဈေးကွက်တွင် နိုဝင်ဘာ ၂၅ ရက်က အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ရူပီးတန်ဖိုးက သုညဒသမ ၀၉ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၈ ဒသမ ၆၄ ရူပီးနှုန်းရှိခဲ့သည်။

ရူပီးငွေစက္ကူအချို့ကို တရားမဝင်ငွေကြေးအဖြစ် ကြေညာမှုနှင့် အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတိုးမြှင့်မည်ကိုစိုးရိမ်မှုများကြောင့် ရူပီးငွေကြေးတန်ဖိုးကို ထိခိုက်မှုများရှိခဲ့သည်။

သို့သော်လည်း ပြည်ပတွင်အခြားငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျဆင်းမှုနှင့် စတော့ဒိုင်တွင် ပြည်တွင်းရှယ်ယာတန်ဖိုးများ မြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူပြုခဲ့သည်။

**ဂျပန်ယန်း**

အမေရိကန်ပြည်ထောင်စုတွင် ကျေးဇူးတော်နေ့အဖြစ် ဈေးကွက်များပိတ်ထားပြီး နောက်ပိုင်း အာရှဈေးကွက်တွင် အမေရိကန်ပြည်ထောင်စုဘွန်းစာချုပ်များ၏ အတိုးနှုန်းပြန်လည်မြင့်တက်လာသည့်အတွက် နိုဝင်ဘာ ၂၅ ရက်တွင် တိုကျို၌ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးမှာ ရှစ်လအတွင်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

ယန်းငွေနှင့် ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၃ ဒသမ ၇၃၀ ယန်းနှုန်းဖြစ်ခဲ့သည်။

ယူရိုငွေကြေးမှာ အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် နိုဝင်ဘာ ၂၄ ရက်က တစ်ယူရိုကို ၁ ဒသမ ၀၅၁၈ ဒေါ်လာနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် ၁ ဒသမ ၀၅၄၅ ဒေါ်လာနှုန်းသို့ မြင့်တက်ခဲ့သည်။ ယန်းငွေနှင့်ဖလှယ်ရာတွင်မူ ၁၁၉ ဒသမ ၃၉ ယန်းနှုန်းမှ ၁၁၉ ဒသမ ၆၂ ယန်းနှုန်းသို့မြင့်တက်ခဲ့သည်။

**မလေးရှားရင်းဂစ်**

ဒီဇင်ဘာတွင် အမေရိကန် ဗဟိုဘဏ်အတိုးနှုန်းများမြင့်တက်လာလိမ့်မည်ဟူသော မျှော်မှန်းချက်ကြောင့် နိုဝင်ဘာ ၂၅ ရက်က ဒေါ်လာနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားများကပြောသည်။

ရင်းဂစ်ငွေကြေးတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် နိုဝင်ဘာ ၂၄ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၄၄၅၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့တွင် ၄ ဒသမ ၄၅၈၀ ရင်းဂစ်နှုန်းသို့ တန်ဖိုးကျဆင်းခဲ့သည်။

ရင်းဂစ်တန်ဖိုးသည်အခြား အဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင် တန်ဖိုးကျဆင်းခဲ့သော်လည်း စင်ကာပူဒေါ်လာနှင့် ဖလှယ်ရာတွင် အပြောင်းအလဲမရှိသလောက် ဖြစ်ခဲ့သည်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ကားကုမ္ပဏီကြီးများနှင့် နည်းပညာကုမ္ပဏီများ၏ ရှယ်ယာများ မြင့်တက်လာသည့်အတွက်နိုဝင်ဘာ ၂၅ရက် ဈေးဖွင့်ချိန်တွင် တောင်ကိုရီးယား ရှယ်ယာများ တန်ဖိုး မြင့်တက်ခဲ့သည်။ သို့သော် တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးမှာမူ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် အပြောင်းအလဲမရှိဘဲ တစ်ဒေါ်လာကို ၁၁၈၀ ဒသမ ၁၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ထိုင်းဘတ်ငွေတန်ဖိုးမှာ နိုဝင်ဘာ ၂၄ ရက်က တစ်ဒေါ်လာကို ၃၅ ဒသမ ၆၅ ဘတ်နှုန်းရှိခဲ့ရာမှ သုည ဒသမ ၁၀ ရာခိုင်နှုန်းကျဆင်းပြီး နောက်တစ်နေ့ နံနက်ဂရင်းနစ်စံတော်ချိန် ၀၁ : ၃၀ နာရီ တွင် တစ်ဒေါ်လာကို ၃၅ ဒသမ ၆၉ ဘတ်နှုန်းရှိခဲ့သည်။

## တောင်ကိုရီးယားဗဟိုဘဏ်က "ငွေအကြွေမဲ့ လူ့အဖွဲ့အစည်း" အဖြစ် ဖန်တီးရန်ကြိုးပမ်း

တောင်ကိုရီးယားနိုင်ငံတွင် သယ်ယူပို့ဆောင်ရေး ကြိုတင်ငွေဖြည့်ကတ် သုံးစွဲသူများသည် ၂၀၁၇ ခုနှစ်မှစ၍ မိမိတို့ ငွေဖြည့်ကတ်များအား ကုန်စုံဆိုင်များမှ ပစ္စည်းဝယ်ယူသည့်အခါ ကျန်ရှိသည့် ပြန်အမ်းငွေများဖြင့် ထပ်မံဖြည့်သွင်း၍ ရတော့မည်ဖြစ်ကြောင်း ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။ ယခုဆောင်ရွက်မှုမှာ "ငွေအကြွေမဲ့ လူ့အဖွဲ့အစည်း" အဖြစ် ထူထောင်ရေးအတွက် ဆောင်ရွက်နေသော ဗဟိုဘဏ်၏ အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်က ပြောသည်။ စမ်းသပ်မှုများကို ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် စတင်ဆောင်ရွက်ရန် ဗဟို ဘဏ်က စီစဉ်ထားသည်။

ရေရှည်တွင် ဗဟိုဘဏ်သည် ဤဝန်ဆောင်မှု လုပ်ငန်းကို စူပါမားကက်များ၊ ဆေးဆိုင်များနှင့် အခြားလက်လီ ဆိုင်များတွင်ပါ အသုံးပြုနိုင်အောင် ဆောင်ရွက်ပြီး၊ ပြန်အမ်းငွေများကို ဘဏ်များ သို့မဟုတ် အကြွေးကတ်များသို့ ထည့်သွင်းနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤဝန်ဆောင်မှု လုပ်ငန်းကို စတင်ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးသူများသည် ငွေသားဖြင့် ပေးချေပြီးနောက် ပြန်အမ်းသော အကြွေစေ့များကို သိမ်းဆည်းရန် လိုတော့မည် မဟုတ်ပေ။ ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ်တွင် ငွေအကြွေမဲ့ လူ့အဖွဲ့အစည်းအဖြစ် ထူထောင်ရေးကို ရည်မှန်းပြီး လာမည့်နှစ်များတွင် ဤဝန်ဆောင်မှုလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

## ထိုင်းဘဏ္ဍာရေး နည်းပညာအဆင့် ၂ သို့ ရောက်ရှိ

ထိုင်းနိုင်ငံ၏ ဘဏ္ဍာရေးနည်းပညာ (Fintech) သည် ဒုတိယအဆင့်သို့ဝင်ရောက်လာပြီဖြစ်ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

ထိုသို့ ဒုတိယအဆင့်သို့ ဝင်ရောက်လာပြီ ဖြစ်သည့်အတွက် ဘဏ္ဍာရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီများသည် ဘဏ်လုပ်ငန်းကို အသုံးပြုနေသူ အားလုံးအတွက် တီထွင်ဖန်တီးမှုရှိသော ဘဏ္ဍာရေး ဝန်ဆောင်မှုများကို ဖန်တီးပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ထိုင်းနိုင်ငံရှိ နာမည်ကြီး ဘဏ်တစ်ဘဏ်ဖြစ်သည့် ကာစီကွန်ဘဏ် (K Bank) က ပြောသည်။

Fintech ပထမအဆင့်ကို ဘဏ္ဍာရေးလုပ်ငန်းသစ်များက စတင်မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်ပြီး သာမန်ဘဏ်များက ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော နည်းလမ်းများဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဘဏ္ဍာရေး နည်းပညာ၏ ဒုတိယအဆင့်ဖြစ်သော Fintech 2.0 တွင်မူ ဖောက်သည် အခြေခံထုထည် ကြီးမားပြီး အရင်းအနှီး ခိုင်မာသော ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် တီထွင်ဖန်တီးမှုကို ဆောင်ရွက်နေသော နည်းပညာဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

ကမ္ဘာ့တစ်ဝန်းလုံးရှိ ကြီးကြပ်ရေး အဖွဲ့များနှင့် အစိုးရအေဂျင်စီများကလည်း ဘဏ္ဍာရေး နည်းပညာစွမ်းအားပြည့်ဝစွာ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဤကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုတွင် စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့ (MAS) သည် ထင်ရှားသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သူက ပြောသည်။

ဘဏ်တင်-စုစည်းတင်ပြသည်

## SMOOTH WAY INTERNATIONAL CO.,LTD

No (5),Zakawar Street,Aye Yeik Mon Houings,Hlaing Township,Yangon Myanmar.
Tel : 01-680420, 680173, 09-452099951, 09-797199979,09-793122296
E-mail : enquiry.smoothway@gmail.com Fax : 01-680736

Preem Pure Vegetable Oil

Preem Xtra Fry

Happy Cook Pure Vegetable Oil

Golden SPOON




FDA အသိအမှတ်ပြုပြီး
အဆင့်မြင့် ဟင်းသီးဟင်းရွက်ဆီသန့်

CHOLESTEROL FREE
CERTIFIED
ISO 9001 : 2008
QMS

**Product Of Malaysia**
Manufactured By : Agri Asia Refinery Sdn.Bhd.
Suite C-05-06, Level 5,Block C, Skypark, One City, Jalan USJ 25/1,
47650 Subang Jaya, Selangor, Malaysia.
Tel : +603-5115 0216, +603-5115 0214
Email : info@agriasia.com

# car

WUN YAN KHA
SERVICES COMPANY LIMEITED

# SALE CENTER

မှန်ကန်သောစေတနာ
ပြည့်ဝသောအရည်အသွေး
ထိုက်တန်သောဈေးနှုန်း
ကောင်းမွန်သောဝန်ဆောင်မှု



ဝန်းရံခ ကားအရောင်းစင်တာမှ
ဝယ်ယူသူမိတ်ဆွေမိတ်သစ်များအား
အထူးကျေးဇူးတင်ရှိပါသည်

Facebook page : ဝန်းရံခ
website :www.wunyankhamoters.com

အမှတ် (၁) ဗဟိုလမ်းမကြီး လှိုင်ရတနာပရိယတ္တိစာသင်တိုက်ဘေး ဘူတာရုံလမ်းနှင့်ပါရမီလမ်းကြား သံလမ်းမှတ်တိုင်အနီး (၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့

Ph: 09-5022577,09-5031480, 09-977109893, 09-455022577
website :www.wunyankhamoters.com

# New Day Energy Co.,Ltd

အရည်အသွေး မှန်ကန်သော စက်သုံးဆီများကို အခြင်အတွယ် အပြည့်အဝဖြင့်
ရောင်းချပေးလျက်ရှိသည့် New Day စက်သုံးဆီအရောင်းဆိုင်များမှ ကြိုဆိုပါသည်။

Member Card, Prepaid Card များဖြင့် အရောင်းဆိုင်အားလုံးတွင် Discount Point များ ရယူ၍
ဝယ်ယူအားပေးနိုင်ပါသည်။



**ဝယ်ယူနိုင်သောစက်သုံးဆီများ**

- အဆင့်မြင့်ဓာတ်ဆီ 92 Octane
- အဆင့်မြင့်ဓာတ်ဆီ 95 Octane
- အဆင့်မြင့်ဓာတ်ဆီ 97 Octane
- ဒီဇယ်ဆီ (0.05% Sulphur)
- အဆင့်မြင့်ဒီဇယ်ဆီ (0.005% Sulphur)

## စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ

➡ ND-001
ဗားကရာလမ်းနှင့်ဗဟိုလမ်းထောင့်၊ ရန်ကုန်မြို့။

➡ ND-002
မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

➡ ND-003
ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

➡ ND-004
အောက်ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

➡ ND-005
ကမ္ဘာ့အေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

➡ ND-006
စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရပ်၊ မန္တလေးမြို့။

➡ ND-007
ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်၊ မန္တလေးမြို့။

➡ ND-008
ရန်ကုန်-မန္တလေးလမ်း၊ ရှမ်းတဲကျေးရွာအနီး၊ မိတ္ထီလာမြို့။

➡ ND-009
မုံရွာ-မန္တလေးလမ်း၊ နတ်လှူထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့။

➡ ND-010
မောင်ငံရပ်၊ မော်လမြိုင်မြို့။

➡ ND-011
မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့။

➡ ND-012
ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့။

➡ ND-014
ဝွေးချိုလမ်းဆုံ၊ ဝွေးချိုမြို့။

➡ ND-015
အမှတ် (၁) ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့။

➡ ND-016
အမှတ် (၉) ရပ်ကွက်၊ အုတ်ကျုတ်တန်း၊ တောင်ငူမြို့။

➡ ND-017
ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့။

➡ ND-018
မကွေး-ပြည်လမ်းဆုံ၊ တောင်တွင်းကြီးမြို့။

➡ ND-019
ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ညောင်ဦးမြို့။

Email : headoffice@newdayenergymm.com

# ထိုင်းနိုင်ငံက ၁၀ နှစ်ဗီဇာ ထုတ်ပေးမည်

၁၀ နှစ်ဗီဇာထုတ်ပေးရန် နိုဝင်ဘာ ၂၂ ရက်က ထိုင်းနိုင်ငံဝန်ကြီးအဖွဲ့က မူအားဖြင့် သဘောတူထားပြီးဖြစ်ရာ သတ်မှတ်ချက်နှင့်ကိုက်ညီသော နိုင်ငံခြားသားများအနေဖြင့် ဗီဇာခံစားခွင့်များရရှိနိုင်တော့မည်ဖြစ်ကြောင်း တီတီအာဝိကလီး သတင်းတွင် ဖော်ပြသည်။

ဗီဇာအတွက် ကုန်ကျစရိတ်နှင့် စတင်ခံစားခွင့်ပြုမည့်နေ့ရက်စသည့် အသေးစိတ်အချက်များကိုမူ မသိရသေးကြောင်း သတင်းတွင်ဖော်ပြထားသည်။ သို့သော် ၁၀ နှစ်ဗီဇာကို ကနဦးတွင် ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံသားများခံစားခွင့်ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

အာရှဒေသတွင် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့်တရုတ်(တိုင်ပေ) နိုင်ငံသားတို့ခံစားခွင့်ရနိုင်မည်ဟု ခန့်မှန်းထားသည်။ ၁၀ နှစ်ဗီဇာကို တစ်နှစ်ဗီဇာနေရာတွင် အစားထိုးပေးသွားမည်ဖြစ်သော်လည်း သီးခြားသတ်မှတ်ထားသော နိုင်ငံသားများသာ ခံစားခွင့်ရရှိနိုင်မည်ဖြစ်သည့်အတွက် တစ်နှစ်ဗီဇာမှာလည်း ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောသည်။

တစ်နှစ်ဗီဇာသည် လူကြိုက်များသော ဗီဇာဖြစ်ပြီး အငြိမ်းစားများအတွက် ဘဏ်အာမခံဘတ် ၈၀၀၀၀၀ နှင့်လက်ထပ်ဗီဇာရရှိထားသူများအတွက် အသက် အာမခံမှာ ဘတ် ၄၀၀၀၀၀ တင်သွင်းရသည်။ ကနဦးရရှိထားသော သတင်းများအရ ၁၀ နှစ်ဗီဇာအတွက် ဘဏ်အာမခံမှာ ဘတ်သုံးသန်းဖြစ်ပြီး ဘဏ်တွင် တစ်နှစ်အပ်နှံထားရမည်ဖြစ်ကြောင်း သိရသည်။ အလုပ်အကိုင်ဖြင့် ဗီဇာလျှောက်ထားသူများသည် လစဉ်ဝင်ငွေဘတ် ၁၀၀၀၀၀ နှင့် အထက်ရရှိမည်။

ဗီဇာကိုလျှောက်ထားခွင့် အကျုံးဝင်သူများမှာ အသက် ၅၀ နှင့်အထက်ဖြစ်သည်။ ဗီဇာသက်တမ်းကို ၁၀ နှစ်ဟု သတ်မှတ်ထားသော်လည်း နီးစပ်ရာ လူဝင်မှု ကြီးကြပ်ရေးဗျူရိုတွင် ရက် ၉၀ မတိုင်မီ ငါးနှစ်တစ်ကြိမ် ပြန်လည်အစစ်ဆေးခံရမည်ဖြစ်သည်။ အခြားစည်းကမ်းချက်တစ်ခုမှာ တစ်နှစ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ရှိ ဆေးဝါးအာမခံကို မဖြစ်မနေ ထားရှိရန်ဖြစ်သည်။ ဗီဇာကိုလာမည့်နှစ် နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားသည်။

လက်ရှိအချိန်တွင် အငြိမ်းစားများ ရည်မှန်းချက်ထားရာ လူကြိုက်များသောဒေသမှာ အိမ်နီးချင်း မလေးရှားနိုင်ငံဖြစ်ပြီး ယခုဗီဇာက မလေးရှားနိုင်ငံနှင့် ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘောဒီးယားနိုင်ငံကလည်း အငြိမ်းစားများအတွက် ဗီဇာသက်တမ်းတိုးပေးရန် ပြန်လည်သုံးသပ်လျက်ရှိသည်။

**ဉာဏ်တင်**






# ဗီယက်နမ်နိုင်ငံက လယ်ယာကဏ္ဍတွင် ပို့ကုန်ဆယ်မျိုးကိုသာ အလေးပေးဆောင်ရွက်မည်

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် လယ်ယာကဏ္ဍအတွက် ပို့ကုန်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိကကျသော ထုတ်ကုန် ၁၀ မျိုးကိုသာ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ဟနွိုင်းမြို့တွင် နိုဝင်ဘာ ၂၂ရက်က ကျင်းပသော အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ငုယင်ဇွမ်ကောင်း ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အဓိကကျသော ကုန်ပစ္စည်း ၁၀ မျိုး၏ ပို့ကုန်တန်ဖိုးကို တိုးမြှင့်ရန် လယ်ယာထွက်ကုန် အားလုံးအပေါ် တစ် ချိန်တည်းတွင် ရင်းနှီးမြှုပ်နှံမည့်အစား အဓိကကျသောထုတ်ကုန်များ ဖွံ့ဖြိုးရေးကိုသာ ဦးစားပေးရင်းနှီးမြှုပ်နှံရန် ဖွဲ့စည်းတည်ဆောက်မှု ပြင်ဆင်ရေးမူဝါဒများကို ချမှတ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဝန်ကြီးဌာနနှင့် အစိုးရရုံးမှ လုပ်ငန်းအဖွဲ့တို့ ပူးတွဲကျင်းပသော အစည်းအဝေးတွင် ကောင်းက ပြောသည်။

ဥပမာအားဖြင့် ဝန်ကြီးဌာနက အလေးပေး ဆောင်ရွက်သွားမည့် ထုတ်ကုန်များအနက် တစ်မျိုးမှာ ရောင်နံပုစွန်ဖြစ်သည်။ ဤထုတ်ကုန်နှင့် သက်ဆိုင်သော သီးခြားစီမံကိန်းများကို ဝန်ကြီးချုပ်ထံ တင်ပြသွားမည်ဖြစ်သည်။

ရောင်နံပုစွန် ပြည်ပတင်ပို့မှုမှာ လောလောဆယ်တွင် တစ်နှစ် အမေရိကန်ဒေါ်လာ သုံးဘီလီယံမျှသာ ရှိနေရာမှ ၂၀၂၅-၂၀၃၀ပြည့်နှစ်တွင် ရှစ်ဘီလီယံမှ ၁၀ ဘီလီယံအထိ ရောက်ရှိအောင် ဆောင်ရွက်ရန် စီမံကိန်းချမှတ်ထားသည်။ ဗီယက်နမ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိပြီး အလားအလာကောင်းများလည်း တည်ရှိနေပြီဖြစ်ရာ ပုစွန် ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်နိုင်မည့် အနေအထားရှိကြောင်း ဝန်ကြီးကပြောသည်။

ဗီယက်နမ်နိုင်ငံတွင် ဒေါင်သပ်သရက်သီး၊ ဟန်ယင်း လေချူသီး (Longan)၊ ဟိုအာဆင် လိမ္မော်စသည်ဖြင့် ဒေသအလိုက်ထူးခြားသော ထွက်ကုန်များရှိရာ အဆိုပါ ထွက်ကုန်များအပေါ်အခြေခံပြီး ပြည်နယ်အလိုက်နှင့် စည်ပင်သာယာနယ်နိမိတ်အလိုက် ထူးခြားသော ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကို တိုးတက်ကောင်းမွန်အောင် ဝန်ကြီးဌာနက ဆောင်ရွက်သွားမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် အမျိုးသားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။

ပြဿနာများကို ဖြေရှင်းရန်အတွက် အစိုးရက ယန္တရားအစီအစဉ်များကို ရေးဆွဲဖော်ထုတ်ရမည်ဖြစ်ရာ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် သမဝါယမ လုပ်ငန်းများအတွက် မတည်ငွေရင်း ထုတ်ပေးရေးဆိုင်ရာ မူဝါဒများကို ချမှတ်ပေးရန်လိုကြောင်း ကောင်းကပြောသည်။

လောလောဆယ်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍက ဆန်၊ ပင်လယ်စာ၊ ကော်ဖီနှင့်ရော်ဘာတို့ကို ပြည်ပတင်ပို့သည့်လုပ်ငန်းကိုသာ အလေးပေးဆောင်ရွက်လျက်ရှိရာ ထုတ်လုပ်မှုနည်းစဉ်များမှာ အားနည်းနေပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းနေကြောင်း သူကပြောသည်။

လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှာ နှစ်ပေါင်းများစွာကတည်းက ဖွဲ့စည်းတည်ဆောက်မှုကို ပြင်ဆင်ထားပြီးဖြစ်သဖြင့် နယ်ပယ်များစွာတွင် အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း ကောင်းကပြောသည်။

**ဉာဏ်တင်**

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 28th November 2016

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI V.28 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 14.10.2016 | 11.10.216 | 13.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | | | | 10.10.2016 | 7.10.2016 | 9.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | X | | | 30.10.2016 | 29.10.2016 | 28.10.2016 | | | 7.11.2016 | 10.11.2016 | | |
| | S/O CUT | | | | | | | 26.10.2016 | 25.10.2016 | 24.10.2016 | | | | | | |
| MV.HOEGH CHENNAI V.29 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 16.11.2016 | 17.11.2016 | 15.11.2016 | | 25.11.2016 | 30.11.2016 | | 6.12.2016 |
| | S/O CUT | | | | | | | | 12.11.2016 | 13.11.2016 | 11.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | X | | | 27.11.2016 | 28.11.2016 | 29.11.2016 | | | 9.12.2016 | 13.12.2016 | | |
| | S/O CUT | | | | | | | 23.11.2016 | 24.11.2016 | 25.11.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက ဂျာမနီနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။